www.burmeseclassic.com



www.burmeseclassic.com

မြို့မစာအုပ်-၄၃

# အသည်းကွဲ ၂၄ နာရီ

အကြည်တော်

တော်ဝင်မြို့မစာအုပ်တိုက်
၇၇/ခ၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၃၇၉၅၇၃

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

အကြည်တော်စာအုပ် အမှတ်စဉ် (၈)

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ➲ ၂၇၅/ ၂၀၀၄(၃) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ➲ ၄၅၃/ ၂၀၀၄(၅) |
| မျက်နှာဖုံးဒီဇိုင်း | ➲ ကိုဆန်း |
| ထုတ်ဝေသူ | ➲ ဦးလှိုင်ဝင်းမိုး (၀၃၉၀၀)<br>၇၇/ ခ၊ ၃၈လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | ➲ ဦးထွန်းလင်း (ဖိုး၀-ပုံနှိပ်တိုက်)<br>၁၄၀၊ ၄၅-လမ်း၊<br>ဗိုလ်တစ်ထောင်မြို့နယ်၊ |
| ပုံနှိပ်ခြင်း | ➲ ပထမအကြိမ်၊ ၂၀၀၄-ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | ➲ ၁၀၀၀ |
| တန်ဖိုး | ➲ ၉၀၀ ကျပ် |

www.burmeseclassic.com



# အခန်း(၁)

‘ **အသည်း** ကိုဘယ်လိုကွဲဖူးပါသလဲ . . .”

ကမ္ဘာပေါ်မှာ အသည်းကွဲနည်းပေါင်း မြောက်မြားစွာ ရှိပေလိမ့်မည်။ ကိုယ့်ချစ်သူက (ကိုယ်ကချစ်ရသူ )မချစ်ဘူးလို့ ပြန်အဖြေပေးချိန်၊ ကိုယ့်ချစ်သူက တခြားတစ်ယောက်နှင့် ချစ်သွားချိန်၊ ကိုယ့်ချစ်သူက နှလုံးရောဂါသည် မိဘစကားကိုနားထောင်လိုက်ချိန်၊ ကိုယ့်ချစ်သူက အကြောင်းတစ်ခုခုကြောင့် ကိုယ့်ကိုပစ်ပစ်ခါခါနာကျည်းသွားချိန် စသည်ဖြင့် အသည်းကွဲစရာအကြောင်း မြောက်မြားစွာရှိပေလိမ့်မည်။

သို့သော် ကျွန်တော့်လိုချစ်သူထံမှ အဖြေရသည့်နေ့၌ပင် အသည်းရော အရှက်ရောစုံကွဲသည့် ကွဲပုံမျိုးတော့မည်သူမှကြုံဖူးလိမ့်မည်မထင်ပါ။ ဟုတ်ကဲ့. . . ကျွန်တော် အသည်းကွဲခဲ့တဲ့ကောင်. . .

ချစ်သူထံမှ ချစ်ပါတယ်ဆိုတဲ့အဖြေရသည့်နေ့၌ပင် ကျွန်တော်ကွဲခဲ့ရပါသည်။

www.burmeseclassic.com



ကျွန်တော့်ကွဲပုံကြားရ၍ မိတ်ဆွေတို့ အထူးအဆန်းဖြစ်နေပေလိမ့်မည်။

မဖြစ်ပါနှင့်. . . .

ဖြစ်ပုံကိုနားထောင်ကြည့်ပါ. . .။ ပြီးမှ ကျွန်တော်ကွဲသင့်၊ မကွဲသင့်ဆုံးဖြတ်ပေးပါရန် ရိုသေကျိုးနွံစွာ တင်ပြလိုက်ရပေသည်။

နားဆင်တော်မူကြပါ အရပ်ကတို့ . . .

◆ ◆ ◆

www.burmeseclassic.com



**ကောင်လေး**အလှပြင်နေသည်။ ကောင်လေး အလှပြင်နေသည် ဟူ၍ မိတ်ဆွေတို့နားထဲတွင် အစိမ်းသက်သက် ကြားနေရလိမ့်မည်။ ဒီကျားကြီးက ဘာလို့အလှပြင်နေသလဲလို့. . .

ဟုတ်ပါသည် ကောင်လေးအလှပြင်နေ၏။

သူ့တစ်ကိုယ်လုံး ရေမွှေးဆွတ်ထားသည်မှာ အမွှေးလွန်ပြီး ကြောင်သေးနံ့ပင်သင်းနေ၏။ ကိစ္စမရှိ။ အဆောင်ရေမကောင်း၍မချိုး ထားသမျှ ထိုကြောင်သေးနံ့နှင့်ပင် ဖုံးလွှမ်းထားပေတော့မည်။

မျက်နှာကိုလည်း( Fair and Lovely )မျက်နှာလိမ်းခရင်(မ်)တွေ ဖို့ပြီး ခပ်ကြမ်းကြမ်းပွတ်ထည့်ထားသည်။ အသားကညိုပေမင့် မျက်နှာတစ်ကွက်တည်း ကွက်ပြီးဖြူနေသည်။ မျက်လုံးလေးစင်းပြီး မျက်စောင်းလေးထိုးကြည့်၏။ ကြီးကျယ်ကားလျားသော သူ့မေးရိုးကြီးကိုပြန်မြင်ပြီး 'ဟိုက် ဘာကြီးလဲဟ' ဆို၍ လန့်သွားသေး၏။ လန့်လည်း လန့်ချင်စရာ၊ သူ့မေးရိုးကြီးပုံမှာ ဆယ်ပြားစေ့မျက်နှာဖြစ်ရုံမက တြိဂံလိုဖြစ်နေ၏။ ငယ်ထိပ်နှင့် မေးရိုးက နှစ်ဖက်လုံး လေးဆယ့်ငါးဒီဂရီကိုတန်း. . . လို့ . . .

သို့သော်လှ၏။သူ့ကိုယ်သူကြည့်ပြီးလှ၏။ ချောသည်၊ ခံ့သည် ဟူသောစကားများသုံးပါက ပေါ့နေပေလိမ့်မည်။ ထိုသို့သုံးရန်မလို. . .။

www.burmeseclassic.com



ကောင်လေးလှ၏။ လှတာမှ သမိန်ပေါသွပ်ကာတွန်းထဲတွင်ပါသော အာတာလွတ်မြို့စား လှပုံမျိုး. . . ။ နှုတ်ခမ်းမွေးစစနှင့်. . . ။

သူ့လက်မောင်းအိုးနှင့် ပခုံးရိုးကိုကြည့်သည်။ ကျယ်ပြန့်ကားလျားသောပခုံးရိုးကြီးကိုကြည့်ပြီး သူ အလွန်သဘောကျနေ၏။ ပခုံးသားပေါ် ဖြာကျဲနေသော ညှင်းစက်ညှင်းပေါက်ကလေးများက မိုးစက်လေလားနှင်းပေါက်လားသို့ပခုံးသားကို ဖြူယောင်ဆောင်ထားသည်ကိုက အလှတစ်မျိုး။

ကောင်လေး သဘောကျစွာ ပြုံးလိုက်၏။

သူ့အပြုံးကြောင့် သူ့ရဲ့ထော်လန်လန်နှုတ်ခမ်းက ရှေ့သို့လက်လေးလုံးခန့် ချွန်တက်လာသည်။ ထိုဖူးချွန်ချွန်နှုတ်ခမ်းလေးကိုပင် ကောင်လေးက စံပယ်ချွန်ဟု အမည်ပေးထားသည်။ သူ့ရဲ့ မေးရိုးကားကားကြီးနှစ်ဖက်ကို လက်နှင့်အုပ်ပြီး မျက်လုံးပေကလပ်ပေကလပ်လုပ်၍ ကြည့်သည်။ မဆိုး . . . ညို့အားအပြည့်ပါသည့် ခွေးသူခိုးကြည့်ဟု သူ့ဘာသာသူမှတ်ချက်ပေးသည်။

အောက်ကိုတော့ သူဆက်မကြည့်တော့။ ကျယ်ဝန်းသော ပခုံးနှင့် မတန်အောင် ရှုံးကျနေသည့် တင်ပါးဆုံငွေ့ငွေ့ကို မမြင်လို၍ဖြစ်သည်။

ကောင်လေးနောက်ကျောလှည့်၍ တင်ကိုကောက်ကြည့်၏။ ကောက်သင့်သလောက်တော့လည်း ကောက်၏။

တင်ပါးဆုံတွင်ကပ်နေသော ဖုန်မှုန့်များကို သူ့လက်ဝါးပြားနှင့် တဖုတ်ဖုတ်ပုတ်ခါလိုက်ပြီး. . . သဘောကျလောက်သည့် အနေအထားကိုရောက်မှ ကျော်ကိုကိုထံမှငှားထားသော နားကြပ်ကက်ဆက်ကိုတပ်ပြီး ခွင်ကောက်၊ ခွင်ကောက်နှင့် ထွက်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com



**ကောင်လေး**၏ နားထဲတွင်တပ်ထားသော နားကြပ်ကက်ဆက်မှ (Marilyn Manson \ Modern Rock )သီချင်းများ ဆူညံနေသည်။ ဆူညံပါစေ ကောင်လေးကတော့မမှု. . .။ အဘယ်ကြောင့်ဆိုသော် ချစ်သူ'ပွားပွား' နှင့်တွေ့ပြီး အဖြေတောင်းချိန် စိတ်ငြိမ်ဖို့က လိုသည် မဟုတ်လား. . .။ ဒီလို ကက်ဆက်ကျယ်ကျယ်ဖွင့်ထားမှ စိတ်ပြောင်းပြီး 'ပွားပွား'ရှေ့ ကတုန်ကယင်ဖြစ်နေသည့် စိတ်ကိုအနည်းငယ်ထိန်းနိုင် ပေလိမ့်မည် မဟုတ်ပါလား. . .။ (ဒါ. . တက်ကနစ်နော်. . မှတ်ကြ)

ကောင်လေး သူ့ကိုယ်သူသဘောကျစွာ ပြုံးလိုက်သည်။ ပြုံးလိုက်တိုင်း ကားတက်လာသောမေးရိုးကို ပွတ်ကြည့်လိုက်ပြီး. . . ဒါကလည်း အလှတစ်မျိုးပါပဲလေဟု ကိုယ့်ကိုယ်ကိုယ်နှစ်သိမ့်လိုက်၏။

သူ့ရှေ့တည့်တည့်မှ သူနှင့်အခန်းဖော် ဝတုတ်နိုင်လင်းဖြတ်လာ၏။ ပြုံးစေ့စေ့နှင့် မြောက်ကြွမြောက်ကြွဖြစ်နေသော ကောင်လေးကိုကြည့်ပြီး နိုင်လင်းမျက်မှောင်ကြုတ်သွား၏။ နောက်မှ ကောင်လေးနားထဲက နားကြပ်ကိုမြင်၍ ကောင်လေးကို 'နောက်'ချင်သွား၏။ သူ့ပါးစပ်နားလက်ကိုထမင်းစားသည့်ပုံလုပ်ပြီး ထမင်းစားဆောင်ဘက် လက်ညှိုးထိုးကာ

"ဟေ့ကောင်. . . မင်းညီမလေး ငါယူမှာနော်. . ."

www.burmeseclassic.com



အမူအရာနှင့် စကားသံကတခြားစီ။ ဒါကို ကောင်လေးက အမူအရာကိုသာကြည့်ပြီး

"အေး. . . ယူလိုက်လေ. . . ငါမယူဘူး. . . ဆိုင်မှာပဲ ချစ်သူနဲ့စားတော့မယ် ဟီး ဟီး. . . "

ကောင်လေး၏ မဆီမဆိုင်စကားကြောင့် နိုင်လင်းပို၍ အူရှင်သွားသည်။ လက်ကို လမ်းမဘက်ပြပြီး. . .

"အေး. . . ငါနဲ့ မင်းညီမနဲ့ညားရင် မင်းဘယ်နားရှောင်ပေးမှာလဲ. . . "

နိုင်လင်းအပြုအမူကို ကောင်လေးကလည်း ဘယ်သွားမလဲမေးသည်မှတ်ပြီး. . .

"ဒီနားပဲ"

နိုင်လင်းပြုံးပြီး ခေါင်းကိုတဆတ်ဆတ်ညိတ်၏။ ဒါကို ကောင်လေးကလည်း သဘောကျစွာရယ်ပြီး ခွင်ကောက်ခွင်ကောက်နှင့် ထွက်သွားလေသည်။ (ခွင်ကောက်ခွင်ကောက်ဆိုသည်မှာ ခြေထောက်က ခွင်ပြီးတင်ပါးဆုံကကောက်နေ၍ ဖြစ်၏။)

ချစ်သူ'ပွားပွား'နှင့်ချိန်းထားသော လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ ကောင်လေး လမ်းမဘက်ကျောပေးထားသောခုံကို ရွေးချယ်၍ နေရာယူလိုက်၏။ ချစ်သူထံမှ ချစ်အဖြေတောင်းမည်ဖြစ်၍ ခုန်ထွက်နေသောရင်အစုံကို ငြိမ်သက်စေရန် နားကြပ်ကက်ဆက်ကို( Volume )ထပ်ချဲ့လိုက်၏။ ထိုအချိန်မှစ၍ ပတ်ဝန်းကျင်မှအသံကို သူဘာမှမကြားရတော့ပါ။

စားပွဲထိုးလေးတစ်ယောက်က သူ့နားလာပြီး. . .

"အစ်ကို ကျဆိမ့်ပဲလား. . . "

စားပွဲထိုးလေး၏စကားကို ကောင်လေးဘာမှ မကြားသော်လည်း ကြားသလိုဟန်မျိုးနှင့် မိန့်မိန့်ကြီးပြုံးပြီး ပြန်အော်သည်။

"အေး. . . ပဲကြော်ပါထည့်ပေး၊ ခပ်စပ်စပ်လေးလုပ်နော်. . ငရုတ်သီးများများ. . . "

ကျယ်လောင်သောအော်သံကြောင့် စားပွဲထိုးလေးလန့်ပြီး အနီးကတိုင်ကိုလှမ်းဖက်လိုက်၏။ နောက်မှ နားကြပ်ကက်ဆက်ကိုတပ်ထားသည်ကို သတိထားမိပြီး. . .

www.burmeseclassic.com



"မဟုတ်ဘူးလေအစ်ကို . . . ကျဆိမ့်မဟုတ်လား. . ."

ဟုအော်၍ပြောသည်။ ဒါကိုကောင်လေးက သူ့နားထဲဆူညံတဲ့ အသံနှင့် ဘာမှမကြားဘဲ စားပွဲထိုးကို စိတ်ဆိုးသွားသလိုဟန်မျိုးနှင့်. . .

"အေးလေကွာ. . . ပဲကြော်ထည့်၊ ငရုတ်သီးများများ. . ."

ဟုအော်လိုက်ပြန်သည်။ သူ့အော်သံကြောင့် တစ်ဆိုင်လုံးမှ သူ့ကို ဝိုင်းကြည့်ကြသည်။ ကောင်လေးကတော့ ဂရုမစိုက်။ သူ့ဖီး(လ်) နှင့်သူ (Marilyn Manson\ Modern Rock )ကို စည်းချက်လိုက်နေ၏။ စားပွဲထိုး လေးက စိတ်ရှုပ်သလို ခေါင်းကိုကုတ်ပြီး. . .

"မဟုတ်ဘူးလေ အစ်ကိုရာ. . . အစ်ကိုမှာတာ မုန့်ဟင်းခါး လား. . ."

"အေး. . . ကျဆိမ့်. ."

"ဗျာ"

ကောင်လေးစကားကြောင့် စားပွဲထိုးလေး မျက်လုံးပြူးပြီး ပါးစပ်ကြီး ဟသွား၏။ နောက်တော့ သူ့ခေါင်းကိုသူပြန်ကုတ်ပြီး. . .

"မဟုတ်ဘူးလေ. . . အစ်ကို၊ အစ်ကိုမှာတာ လက်ဖက်ရည်လား မုန့်ဟင်းခါးလား၊ အဲဒါ ရှင်းရှင်းပြော၊ ဘယ်အထဲကို ပဲကြော်နဲ့ငရုတ်သီး ထည့်ရမှာလဲ. . . အဟွတ်. . . အဟွတ်. ."

စားပွဲထိုးလေးမှအသံပြာထွက် ချောင်းခြောက်ပါဆိုးသည်အထိ အော်၏။ ဒါကို ကောင်လေးမှ မျက်မှောင်ကြုတ်ပြီး. . .

"ငါဘယ်တုန်းက ဗီးဂက်(စ်)သောက်ဖူးလို့လဲ၊ လန်ဒန်ပဲချ. . ."

"ဗျာ. . ."

စားပွဲထိုးလေး၏ဗျာသံမှာ အတော်ရှည်သွား၏။ ပြီးတော့ ကောင်လေးကို ဂြိုဟ်သားတစ်ယောက်ကိုမြင်ရသလို အထူးအဆန်းကြည့် ၏။ အတန်ကြာမှ သဘောပေါက်သွားသလို ခေါင်းကိုခါရမ်းပြီး. . .

"အတော်နောက်တဲ့လူဗျာ"

ဆိုပြီးလှည့်ထွက်သွား၏။ ဒါကိုပင် ကောင်လေးကအော်ကြီးဟစ် ကျယ်နှင့်. .

"ဟော့ကောင် ဘာလို့နို့ဆီလျှော့ထည့်ရမှာလဲ. . . အကျရည် သာလျှော့ရင်လျှော့ နို့ဆီတော့မလျှော့နဲ့ . . ."

www.burmeseclassic.com



ဟုန္ဒုတ်ခမ်းတလန် ပန်းတလန်နှင့် ပြန်အော်သည်။

အမှန်တော့ သူ့နားကြပ်ထဲကြားနေရသော ဆူညံသော (Music) အသံကို ကျော်လွှန်အောင် အော်နေရသည့်အတွက် သူ့အသံမည်မျှကျယ်နေမည်ဖြစ်ကြောင်း သူမသိ။ သူကတော့ သူ့ဘာသာသူတိုးတိုးလေးပြောနေသည်ဟုမှတ်နေ၏။ လူတွေဝိုင်းကြည့်နေကြတာကိုပင် သူ့ကိုလှလို့ကြည့်နေ ကြသည်အောက်မေ့၍ လားမသိ၊ မိန့်မိန့်ကြီးပြုံးပြီး မျက်နှာသေကလေးနှင့် လိုက်ရယ်ပြရသေး၏။

သူ့ရင်တွေကလည်း (Marilyn Manson) သီချင်းသံနှင့်အတူ ပြင်းစွာခုန်လှုပ်နေ၏။ နာရီကိုလှမ်းကြည့်လိုက်သည်။ နာရီကိုပင် ယောင်ပြီးရယ်ပြမိသေး၏။ နောက်မှသတိရပြီး အသေအချာကြည့်လိုက်တော့ ကိုးနာရီထိုးရန်ငါးမိနစ်။ ရင်ကပို၍ အခုန်မြန်သွား၏။ သိပ်မကြာခင် အချိန်အတွင်း ချစ်သူ ‘ပွားပွား’ ရောက်လာတော့မည်။ ပွားပွားရောက်လာလျှင် ဘယ်က စပြောရမည်ကို စဉ်းစားရင်း သူအရှက်သည်းစွာ အကြောင်းမဲ့လက်သည်းခွာနေမိ၏။

လမ်းမဘက်ဖျတ်ခနဲ ဝေ့ကြည့်လိုက်၏။ အို. . . ကြည့်စမ်း။ အချိန်တိကျတတ်တဲ့ချစ်သူ ‘ပွားပွား’ သူနဲ့ချိန်းထားရာ လက်ဖက်ရည်ဆိုင်ဘက်ကို မူနွဲ့စွာလျှောက်လှမ်းလာပါပြီ. . .။

လှလိုက်တဲ့ချစ်သူ။ ထူထဲလှသည့်ဆံပင်ကို ကျစ်ဆံမြီးနှစ်ချောင်းခွဲကျစ်ထားပြီး မျက်နှာပေါ် သနပ်ခါးပါးပါးလေးလူးထား၏။ အင်္ကျီကတော့ သူဝတ်နေကျအနွေးထည် အပြာရောင်ပွပွကို ကပိုကရိုလေး ဝတ်ထားသေးသည်။ ဒါကိုပဲ ကောင်လေးတို့အသည်းယားနေတာ. . .။

အို. . . ကြည့်စမ်း. . . ပွားပွားရဲ့နားထဲမှာလည်း သူ့လိုနားကြပ်ကက်ဆက်လေးတပ်လာပါလား. . .။ ကောင်လေးပို၍ ကြည်နူးသွား၏။ ဟုတ်တယ်လေ. . . သူ့ခမျာလည်း ချစ်သူကိုအဖြေပေးရမှာဆိုတော့ ငါ့လိုပဲ ရှက်ရှာမှာပေါ့ဟုတွေးရင်း ခြေထောက်နှစ်ချောင်းကြား လက်ထည့်၍ လက်သည်းတွေ အကြောင်းမဲ့ခွာနေမိ၏။

‘ပွားပွား’ ရှက်ပြုံးလေးပြုံးပြီး ဆိုင်ထဲဝင်လာ၏။ ပြီးနောက် ကောင်လေးကိုမြင်သည်နှင့်. .

“ရောက်နေတာကြာပြီလား”

www.burmeseclassic.com



ဟုအော်သည်။ သူနားထဲကြားနေရသော သီချင်းသံထက်ကျယ်အောင်အော်ရသည့်အတွက် အသံကအတော်ကျယ်၏။ 'ပွားပွား' အော်သံကြောင့် တစ်ဆိုင်လုံး သူ့ကိုဝေ့ကြည့်ကြသည်။ သူလည်းသူ့နားထဲ ကြားနေရသော အသံထက်ကျယ်အောင် အော်ပြောနေပုံရ၏။

'ပွားပွား'၏အမေးကို ကောင်လေးကလည်း ကက်ဆက်သံကြောင့် ရှိုးတိုးရိပ်တိတ်သာကြားပြီး အမူပိုစွာဖြင့် ပြန်အော်သည်။

'ပွားပွား'ကိုစောင့်ရရင် ကမ္ဘာတစ်ပတ်သာ စောင့်ရပါစေ. . ကောင်ကောင် ကျေနပ်ပါတယ် ပွား. . .'

"သွားလူဆိုး. . . သူပိုပြီ. . ."

'ပွားပွား'၏ မူနွဲ့နွဲ့အသံမှာ မည်မျှကျယ်သည်မသိ ။ လမ်းမှဖြတ်သွားသောပဲပြုတ်သည်ပင် 'ပဲ' တစ်လုံးပဲအော်၍ ယောင်ပြီးရပ်သွား၏။ ပြီးတော့ ကြောင်ပြီး သူတို့နှစ်ယောက်ကိုရပ်ကြည့်နေ၏။ 'ပွားပွား' ကောင်လေး ရှေ့ခုံထိုင်လိုက်၏။ ပြီး အမူပိုစွာနဲ့ နားထဲကြားနေသော သီချင်းကိုလိုက်ပြီး ညည်းနေသည်။

"ချစ်စရာလေးပေါ့. . ကြော့ကြော့ယဉ်ယဉ်ညင်သာလှပါတယ် အဲ . . . ဝဲ. . ဝယ်. . . ဝဲ. . . ဝယ်. . ."

'ပွားပွား'က မြန်မာမှုအတိုင်း သီချင်းကို မေးရိုက်မေးဝဲနှင့်ဆိုသည်။

သူ့စိတ်ထဲတော့ချစ်စဖွယ် နူးနူးညံ့ညံ့ညည်းနေတာပါ. . . ဒါပေမဲ့ လက်ဖက်ရည်ဆိုင်ထဲက လူတွေအတွက်က သံကွဲလေကျကြီးနဲ့ အော်နေတော့ သူ့အသံကမောင်းကွဲကြီး အားပါးတရထုနေသလို ဖြစ်နေ၏။ ဒါကို ခုနစားပွဲထိုးလေးပင် ပြန်ရောက်လာပြီး. . .

"အစ်မကြီး လက်ဖက်ရည်သောက်ဦးမလား. . ."

"အေး. . . အိုးဘဲဥပါထည့်. . . ရှောက်သီးစိတ် နှစ်စိတ်လောက် ညှစ်ပေး. . .။ ငံပြာရည်တော့ လျှော့နော်. . ."

**"ဗျာ. . ."**

စားပွဲထိုးလေး၏ ဗျာထဲတွင် ဝမ်းနည်းသံနှင့် တုန်ယင်နေ၏။ ပြီးတော့ ဘာကြောင့်ရယ်မသိ မျက်ရည်များ ဝေ့တက်လာ၏။ ပြီးတော့ ကြောင်တောင်တောင်နှင့် သူတို့နှစ်ယောက်ကို အောက်နှုတ်ခမ်းကလေးတွဲပြီး ငေးကြည့်နေ၏။ အတန်ကြာမှ နှုတ်ခမ်းကိုမဲ့ ခြေကိုဆောင့်၍အော်သည်။

www.burmeseclassic.com



"မဟုတ်ဘူးလေဗျာ. . . ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ စဉ်းစားကြည့်ပါဦး. . . လက်ဖက်ရည်ထဲအိုးဘဲဥထည့်၊ ရှောက်သီးစိတ် နှစ်စိတ်ညှစ်ပြီးဘယ်လိုသောက်မှာလဲဗျ. . . မုန့်ဟင်းခါးစားမှာလား ရှင်းရှင်းပြော. . . "

ထိုတော့မှ 'ပွားပွား'က သဘောပေါက်သွားသလိုနှင့်. . .

"အေးအေး. . . ကျဆိမ့်ပဲ နင်ကလည်းသိရက်သားနဲ့ မေးနေရ သေးတယ်. . . "

"အလို. . . "

စားပွဲထိုးလေးမျက်ရည်များဝဲပြီး နှုတ်ခမ်းများ တဆတ်ဆတ်တုန် သွား၏။ ပြီးတော့ ကောင်လေးကိုကြည့်လိုက် 'ပွားပွား'ကိုကြည့်လိုက်ဖြစ်နေ သည်။ 'ပွားပွား'ကတော့ နူးညံ့သိမ်မွေ့တဲ့ မိန်းမငယ်လေးအသံဟု သူ့ကိုယ်သူယူဆရသောအသံကျကြီးနှင့် သီချင်းညည်းလို့ ကောင်းနေတုန်း။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာတော့ သူ့အသံက သံပုံကပ်သံကြီးနဲ့ ပြဲပြဲကြီး အော်နေသလိုကိုဖြစ်လို့။

ကောင်လေးကလည်း ရှက်လွန်းလို့ထင်ပ့ါ . . သူ့ (Modern Rock) သီချင်းဆိုလိုတီးလုံးကို ခြေသလုံးမှာ ကော့ဒ်ကိုင်ပြီး စိမ်ပြေ နပြေထိုင်လိုမ့်နေ၏။ သူတို့ကတော့ တစ်ယောက်နဲ့တစ်ယောက် အရှက် ပြေလုံးပြီး လုပ်မိလုပ်ရာလုပ်နေကြတာနေမှာ. . ဒါပေမဲ့ တစ်ယောက်က မြန်မာသံကို သံကွဲသံကျကြီးနဲ့၊ တစ်ယောက်ကလည်း (Modern Rock) ဆိုလိုကို( Metal effect) သံနဲ့ 'အဝမ်း. . . အဝမ်း. . . ' ဆိုပြီး အာခေါင် ခြစ်သံနှင့် ခံတွန်းနေတာဆိုတော့ သူတို့နှစ်ယောက်နဲ့တင် သီတင်းကျွတ် ဘုရားပွဲအလှူခံမဏ္ဍပ်နှစ်ခု လော်စပီကာ အပြိုင်ဖွင့်သလို ဖြစ်နေသည်။ တစ်ဆိုင်လုံးလည်း သူတို့နှစ်ယောက်ကိုကြည့်ပြီး ကြက်သေသေလို့။ စားပွဲထိုးလေးမှာ နားထဲလက်ညှိုးနှစ်ဖက်ထိုးပြီး ဆောင့်ကြောင့်ထိုင်၍ ငိုင်ကြည့်နေသည်။ သူ့ခမျာလည်း ကြောင်နေပုံရ၏။ အတန်ကြာမှ နှုတ်ခမ်းကိုတင်းပြီး စိတ်ပိုင်းဖြတ်လိုက်သလိုဟန်မျိုးနှင့်. . .

"တော်ပြီဗျာ. . . စားပွဲထိုးတစ်ကျောတော့ပြတ်ပြီ ဒီဘဝ ဘယ် တော့မှ ဒီစားပွဲထိုးအလုပ် မလုပ်စားတော့ဘူး. . . "

ဟုဆို၍ လှည့်ထွက်သွား၏။ ဒါကိုကောင်လေးက ဘာကြား၍

www.burmeseclassic.com



လည်းတော့မသိ. . .

"အေးအေး. . . ဒါဆိုလည်းပြီးရော ပြန်လာရင် သောက်ရေ တစ်ခွက်ခပ်ခဲ့နော်. . "

ဟု လှည့်အော်ပြီး ပွားပွားဘက်လှည့်ကာ. . .

"အီကြာကွေးမရဘူးတဲ့"

ဒါကို ပွားပွားက ဘာကြားလည်းမသိ. . .။

'အင်း. . . သိပ်တော့မထူးပါဘူး. . . ကော်ပြန့်လည်း ဖြစ်ပါတယ် မနေ့ကလည်း ကော်ပြန့်နဲ့ပြီးလိုက်ရတာပဲ. . .'

ဟုပြန်အော်၏။ စားပွဲထိုးလေးကတော့ သူတို့ကိုမပြောနဲ့ ဆိုင်ရှင် ကိုပင် လှည့်မကြည့်တော့ဘဲ ဝေ့တက်လာသောမျက်ရည်ကို လက်ဖနောင့် နှင့်ပင့်သုတ်ကာ ဖောက်ဖောက် ဖောက်ဖောက်နှင့် ဆိုင်ပြင်သို့ ထွက်ချသွား လေသည်။ သူ့ခမျာ စားပွဲထိုးတစ်ကျော တစ်ကယ်ပြတ်သွားပုံရ၏။

တစ်ဆိုင်လုံးမှလူများကလည်း သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေ ကြသည်။ သူတို့နှစ်ယောက်ကတော့မသိ။ နားထဲက နားကြပ်ကက်ဆက်ကို ကိုယ်စီအကျယ်ကြီးဖွင့်ကာ ရှက်ပြုံးပြုံးနေကြသည်။

ကောင်လေးကတော့ အဖြေတောင်းတော့မည်မို့ လူပို့ရှက်ရှက် ကာ လက်ညှိုးနှစ်ချောင်းကို မျက်နှာနားချိတ်ပြီး သူ့နှုတ်ခမ်းသူ တဖေါက် ဖေါက်နှင့် ပြန်ရိုက်နေ၏။ သူ့ဘာသာသူ သတိလက်လွတ်လုပ်နေမိသော် လည်း နှုတ်ခမ်းနှင့် လက်ညှိုးထိသည့်အရှိန်မှာ မည်မျှပြင်းထန်သည်မသိ၊ မကြာခင်အချိန်အတွင်းမှာပင် နှုတ်ခမ်းကြီးနီရဲယောင်တက်လာ၏။ ကောင် လေးကတော့ သတိမထားမိသေး။ ထော်တက်လာသော သူ့နှုတ်ခမ်းကို ထပ်၍ပင် ချွန်ကြည့်သေးသည်။ ချွန်၏။ သူ့ဘာသာသူကြည်နူးပြီး ပျော် နေပုံရ၏။ အတန်ကြာမှ ပွားပွား လည်ပင်းမှ လော့ကက်ကလေးကိုကြည့်ပြီး အော်သည်။

"ပွားပွား. . . နင့်ကိုငါချစ်တယ်ဆိုတာ နင်သိပြီးပြီ မဟုတ်လား"

"ဟဲ့ . . . ပလုတ်တုတ်"

သူ့အော်သံကြောင့် ကောင်တာထိုင်နေသော လူကြီးကလန့်၍ ထိုင်ခုံပေါ် ဆောင့်ကြောင့်ခုန်တက်မိသွားသည်။ လက်ဖက်ရည်သောက်နေ ကြသူအားလုံး လန့်ပြီး သူတို့ကိုဝေ့ကြည့်ကြ၏။ တချို့က လက်ဖက်ရည်ခွက်

www.burmeseclassic.com



ကလေးထဲတန့်နေသလို တစ်ချို့က အီကြာကွေးကြီးကိုက်ပြီး ငြိမ်နေကြ သည်။ သူတို့နှစ်ယောက်ကတော့ ထိုအဖြစ်ကိုမသိဘဲ အရှက်သည်းနေကြ သည်။ ‘ပွားပွား’ခမျာလည်း ရှက်လွန်း၍ ထင့်၊ ပြုံးပြုံးကြီး သူ့ကျစ်ဆံမြီးကို သူ့ပါးစပ်ထဲပြန်ထည့်၍ သူလည်းအရှက်သည်းစွာ သတိလက်လွတ် ဝါးနေပုံ ရ၏။ အတန်ကြာမှ ပါးစပ်ထဲတစ်ထွာခန့်ဝင်နေသော ကျစ်ဆံမြီးကို ပါးစပ် ထဲမှပြန်ဆွဲထုတ်ပြီး ကောင်လေးကို မူစစကြည့်ကာ ကက်ဆက်သံထက် ကျယ်အောင်အသံမြှင့်၍. . .

“အေး. . . ငါသိပါတယ်၊ ဒါပေမဲ့ နင့်ကိုငါအဖြေပေးဖို့ စောသေး သလားလို့. . . ”

မည်မျှကျယ်သည်တော့မသိ၊ လမ်းမမှ ဖြတ်သွားသောလိုင်းကား တစ်စီး ကျွီခနဲရပ်သွား၏။ ကားပေါ်မှဒရိုင်ဘာက မော်တော်ပီကယ်ဝီစီမှတ် သည်မှတ်ပြီး ကျီးကြည့်ကြောင်ကြည့်နှင့် ဘေးဘီဝေ့ကြည့်၏။ ထိုအချိန်မှာ ပင် ပေါ်ထွက်လာသော ကောင်လေးအသံပြာကြီးက. . .

“ငါ ဒီထက်ပိုပြီး မစောင့်နိုင်တော့ဘူးဟာ. . . ငါ နင့်အဖြေကို စောင့်ရတာ တခြားကမ္ဘာကိုသွားနေရတဲ့အတိုင်းပဲ ရင်မောနေရပါ တယ်. . . ”

ဆိုတော့မှ ခုနရပ်သွားသော ကားစပယ်ယာက . . .

“ဆရာရေ. . . တခြားကမ္ဘာကိုသွားမှာတဲ့. . ကျွန်တော်တို့ကား မရောက်ဘူး မောင်း. . . မောင်း. . . ”

ဟု အော်လိုက်သည်။ ဒါကို ဒရိုင်ဘာက. .

“တောက်. . . တခြားကမ္ဘာပဲသွားနေတာ ကောင်းပါတယ်။ ဒီကမ္ဘာမှာတော့ ဒီလောက်ပြတဲ့အသံမျိုး တစ်ခါမှမကြားဖူးဘူး လင်ဗန်းကို သံတုတ်နဲ့ ရိုက်နေသလားမှတ်ရတယ်. . . ”

ဟုဆို၍ ကားကိုဝူးခနဲ မောင်းထွက်သွားလေ၏။

သူတို့၏အသံကြောင့် လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ခွက် မ ထားသူနှင့် အီကြာကွေးကိုက်ထားသူများကတော့ ကျောက်ရုပ်ကြီးချထား သလို ကြောင်ငေးငြိမ်သက် ငေးကြည့်နေတုန်း။

သူတို့နှစ်ယောက်ကတော့ စကြဝဠာကြီးထဲ နှစ်ယောက်ထဲရှိနေတဲ့ အတိုင်း ခေါင်းချင်းဆိုင်၍ တဲ့(ဒွဲ) အော်နေကြသည်။

www.burmeseclassic.com



"နင်ပြောတော့ ငါ့ကိုစောင့်ရရင် ကမ္ဘာတစ်ပတ်ဖြစ်ပါစေ စောင့်နိုင်တယ်ဆို. . . အဟွတ် အဟွတ်. . . "

'ပွားပွား'ပြောရင်းပြောရင်း အသံပါပြာလာပြီး ချောင်းပင်ဆိုးလာ၏။ သူချောင်းဆိုးလိုက်သည်နှင့် သူနှင့်တစ်ထွာအကွာမှ ကောင်လေး၏ မျက်နှာကို တံတွေးများပင် စင်ကုန်သည်။

ဒါကိုပင် ကောင်လေးက ချစ်ရေ စင်သွန်းဖျန်းသည် အောက်မေ့၍လားမသိ မီရာထိသူ့လျှာကြမ်းကြီးနှင့် သပ်ပြီးမျှိချလိုက်သေး၏။ ပြီးမှ. . .

"ဒါက စကားအဖြစ်ပြောရတာပဲ။ တစ်ကယ်ရင်ထဲမှာတော့ နင်နဲ့ငါ ချစ်သူအမြန်ဖြစ်ချင်လှပြီဟ. . . "

"သွား သိပ်ကဲတာပဲ. . . အဟွတ် အဟွတ်. . . "

ကောင်လေးစကားကို 'ပွားပွား' အမူပိုစွာ တစ်ဘက်သို့လှည့်၍ ဆံပင်ပြန်ဝါးနေလိုက်၏။ ဒီတစ်ခါဝါးတာက ဆံပင်တစ်ချောင်းတည်းမဟုတ်တော့။ နှစ်ချောင်းပူးကြီး. . . ဒါကိုပင် ကောင်လေး အသည်းယားသွားပြီး. . . တံတွေးကို ဂလုခနဲမြည်အောင် မျိုချကာ

"နင် ငါ့ကိုချစ်ရဲ့လား ပြောပါဦး. . . "

ကောင်လေး၏အော်သံကြောင့် လက်ဖက်ရည်ဖျော်တဲ့လူမှ လက်ဖက်ရည်ကို ဆက်မဖျော်တော့ဘဲ ကောင်တာရှေ့လာထိုင်ကာ သူတို့ကို ငေးကြည့်နေ၏။ သူတို့နှစ်ယောက်ကတော့ ရှေ့တစ်ထွာအပြင် ပိုမမြင်၍ ထိုအဖြစ်ကိုလည်း သတိမထားမိ။

"ဖြေလေ. . . "

ကောင်လေး၏အမေးကို 'ပွားပွား'အရှက်သည်းစွာ မျက်လုံးပေကလပ် ပေကလပ်လုပ်ပြီး ပါးစပ်ထဲမှဆံပင်ပြန်ဆွဲထုတ်ကာ သွားရည်များ ပေကျံနေသော သူ့ကျစ်ဆံမြီးနှင့် ကောင်လေးမျက်နှာကို လှမ်းရိုက်လိုက်သည်။ ပြီးမှ ခေါင်းကိုငုံ့ရင်း. . .

"နင့်ကို ငါချစ်ပါတယ်ဟာ. . . "

သူကတော့ရှက်စနိုးနှင့် တိုးတိုးလေးပြောလိုက်ပုံရ၏။ သို့သော် သူ၏ ကျယ်လောင်သောအော်သံကြောင့် လမ်းမမှခွေးတစ်ကောင်က သူ့ကို ခဲနှင့်ပစ်သည်မှတ်ပြီး မဆီမဆိုင် ကိန်ခနဲအော်ကာထွက်ပြေး၏။

www.burmeseclassic.com



အီကြာကွေးကိုက်ထားသော သူ၏လည်ချောင်းထဲ အီကြာကွေး နှစ်ချောင်းပူးကြီး အချောင်းလိုက်မျိုမိသွား၏။ လက်ဖက်ရည်ခွက် မ ထား သောသူမှာ သူ၏ လက်ဖက်ရည်ခွက်ထဲ ဒိုင်ဗင်ထိုးဆင်းသွားသော ယင်ကောင် ကိုမဆယ်မိဘဲ ယောင်ပြီးသောက်ချလိုက်သည်။

ကောင်တာရှေ့ထိုင်နေသော လက်ဖက်ရည်အဖျော်ဆရာ အသည်းယားပြီး အရှေ့ကတိုင်ကိုဖက်၍ သွားနှင့်ကိုက်၏။ ဆိုင်တွင်း ဆိုင်ပြင် နှစ်ဌာနလုံး သူတို့၏အော်သံကြောင့် အားလုံးရုတ်ရုတ်သဲသဲ ဖြစ်နေကြပြီ။ သူတို့နှစ်ယောက်ကတော့ အပျော်လွန်ပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်အားသေး. . .။

"ဝမ်းသာလိုက်တာ ပွားပွားရယ်. . . ဝမ်းသာလိုက်တာ. . အဟွတ်အဟွတ်. . . သေချာသွားအောင် အဟွတ်. . . နောက် တစ် ဟွတ်. . . လောက်. . . အဲလေ. . . နောက်တစ်ခေါက်လောက် အဟွတ် . . . ဟွတ် ပြောပါဦး. . . "

ကောင်လေး အသံမြှင့်ပြောရလွန်း၍ အာခေါင်ပါခြောက်နေ ပြီ. .။ သို့သော် ဝမ်းသာလွန်း၍ ထင့်၊ မျက်နှာကြီးနီ ဇောချွေးတွေစိမ့်ထွက် နေသည်အထိ လှိုမ့်အော်၏။

'ပွားပွား'ကလည်း ရှက်စိတ်ကြောင့် ဖြစ်မည်။ ခုန ပါးစပ်ထဲထည့်ဝါး နေသောဆံပင်ကို အရှေ့ကရေနွေးခွက်ထဲနှစ်ပြီး. . .

"ဟင်း. . . သူကလည်းသိပ်ကဲတာပဲ. . . ချစ်ပါတယ်ဆို. . "

ဟုဆို၍ ကျစ်ဆံမြီးတွင်ကပ်ပါလာသောရေများဖြင့် ကောင်လေး ၏ မျက်နှာကိုပက်လိုက်သေး၏။ ကောင်လေးကလည်း သူ့ကိုသူသကြ်န်ကျ နေသည်များ အောက်မေ့၍လားမသိ။ မျက်နှာတွင် စင်လာသည့်သွားရည် များ ရေစက်များကို ခေါင်းပေါ် သို့ပျော်ရွှင်စွာ ပင့်သပ်လိုက်သေး၏။

"ငါ နင့်ကိုချစ်အဖြေပေးတာဘယ်သူ့မှ မပြောရဘူးနော်. . . "

'ပွားပွား'၏အော်သံကြောင့် ဆိုင်ရှေ့မှဖြတ်လျှောက်လာသော သူတို့ မေဂျာကဆရာ ဦးအောင်ကိုစိုး ခြေလှမ်းများရပ်တန့်သွားသည်။ နောက် သူ့ရင်ဘတ်သူပြန်ဖိပြီး. . .

"ဘုရား ဘုရား. . . ခေတ်က ဒီလောက်တောင် ပွင့်လင်းကုန် ကြပြီလား. . . "

www.burmeseclassic.com



ဟု ရေရွတ်ရင်း ဆိုင်ထဲဝေ့ကြည့်လိုက်သည်။ ဆိုင်ရှေ့မှာကား ကောင်လေးတို့အတွဲကို ငေးကြည့်နေသော ပဲပြုတ်သည်နှစ်ယောက်၊ ခွေးလေးဖက်ထားသော ကလေးတစ်ယောက်၊ တူးနေသော အကြော်ဇန်းကို ဂရုမစိုက်နိုင်ဘဲ လက်တစ်ဖက်ကယောက်မကြီးကိုင် ကျန်တစ်ဖက်က တူတစ်ချောင်းကို ဆီအိုးထဲနှစ်ပြီး ပါးစပ်ဟနေသော ဇရာကြော်ကုလားတစ်ယောက်၊ ဆိုင်တိုင်ကိုခြေနှစ်ချောင်းနှင့် ပယ်ပယ်နယ်နယ်ခွပြီး သွားဖြင့် ထိုင်ကိုက်နေသော လက်ဖက်ရည်အဖျော်ဆရာတစ်ဦး. . . ပါးစပ်ထဲ အီကြာကွေးတစ်ချောင်းကျသွား၍ အငွေ့တထောင်းထောင်းထနေသော ဆမူဆာကို သတိလက်လွတ်နှင့် ထိုးချေနေသော လက်ဖက်ရည်သောက်သုံးသူ တစ်ယောက်. . .။

အားလုံးကိုမြင်တော့ ဆရာဦးအောင်ကိုစိုး စိတ်ဝင်စားသွားပြီး ဆိုင်ထဲ လှမ်းဝင်လိုက်သည်။ ထိုအချိန်မှာပင် ထွက်ပေါ်လာသော အသံကျယ်ကြီးက. . .

"ဒါလျှို့ဝှက်ချက်နော်. . . နင်နဲ့ငါ ရည်းစားဖြစ်တာဘယ်သူမှ မသိစေနဲ့. . . "

လမ်းမပေါ်မှ ကားတစ်စီးကျွိခနဲထိုးရပ်သွားပြန်၏။ ထိုကားနောက်ကမှ ကိုယ်ပိုင်ကားတစ်စီး၊ ထိုနောက်ကမှ သစ်လုံးတင်ထားသည့် ကားကြီးထပ်၍ ထိုးရပ်လာ၏။ အားလုံးကားကိုဆက်မမောင်းနိုင်ဘဲ ဆိုင်ထဲသို့ ငေးကြည့်နေကြသည်။

"အေးပါဟာ. . . ငါဘယ်သူ့ကိုမှ မသိစေရပါဘူး. . .။ တို့တွေ လျှို့လျှို့ဝှက်ဝှက်ပဲချစ်ကြမယ်နော်. . . "

"အေး. . . လျှို့လျှို့ဝှက်ဝှက်ချစ်တာပဲကောင်းတယ်. . . လူတွေသိသွားရင် အဟွတ်. . . ရှက်စရာကြီး. . . "

"ဟုတ်ပ. . . ငါလည်းရှက်တတ်တယ်ဟ. . . "

မော်တော်ပီကယ်တစ်ယောက်ပြေးလာပြီး ခရာကို တရှီးရှီးမှုတ်၍ ကားလမ်းကို ရှင်းနေရ၏။ ကားပေါ်ကလူများကလည်း သူတို့ရည်းစားစကား ပြောနေတာကို ကားဘီးပေါက်နေသည်များမှတ်၍လားမသိ အားလုံး ကားဘီးကို ခေါင်းပြူကြည့်ကြသည်။

ဟိုနှစ်ယောက်ကတော့ ထိုအဖြစ်ကိုမသိဘဲ နားထဲကကက်ဆက်

www.burmeseclassic.com



ကို အကျယ်ကြီးဖွင့်၍ တစ်ယောက်တံထွေးတစ်ယောက်စင်သည်အထိ ဒဲ့(တဲ့) အော်နေကြတုန်း. . .။

"အောင်မာ. . . နင်ကပဲရှက်ရတယ်ရှိသေး. . ငါရှက်ဖို့လည်း ထားပါဦး လူကြီးရဲ့. . . ဒါမျိုးက လူသိခံလို့မရလို့ပြောတာ. . . ဆရာတွေသိသွားရင် မလွယ်ဘူး. . . "

"ဆရာဦးအောင်ကိုစိုးကိုပြောတာလား သူမသိနိုင်ပါဘူး . . ။ သိသွားရင်လည်း ဟောဒီပွားပွားရှေ့ ကောင်လေးကိုယ်တိုင် မားမားမတ်မတ်ရပ်ပြီး ဖြေရှင်းမှာပေါ့. . . "

ကောင်လေးက သူ့ရင်ဘတ်မှအရိုးပြားများကို တဖောင်းဖောင်း မြည်အောင်ရိုက်ရင်း ရင်ကော့ပြောသည်။

ထိုအချိန်တွင် မော်တော်ပီကယ်လက်ထဲ လိုင်စင်တစ်ထပ်ကြီးဖြစ်နေပြီ. . .။ ကောင်လေးက ပွားပွားအလစ်လက်လှမ်းဆွဲဖို့လုပ်သည်။ ဒါကို 'ပွားပွား'ကလည်းနပ်သည်။ လက်ကိုပြန်ရုပ်ပြီး. . .

"ဟိတ် မကဲနဲ့လေ. . . လူတွေသိကုန်မယ်ဆိုမှ. . . "

'ပွားပွား'က မူစစ ပြောသည်။

ဒါကို ကောင်လေးက တဟဲဟဲရယ်ရင်း

"လက်ကိုင်ရုံလောက်နဲ့တော့ ဘယ်သူမှမသိနိုင်ပါဘူး. . . "

'ပွားပွား'က စိတ်ဆိုးဟန်နှင့် ဆံပင်ကိုသပ်တင်ရင်း. . ။

"သိသိ မသိသိ. . . ဒီအချိန်မှာ လျှို့ဝှက်ထားမှဖြစ်မှာ. . . ကဲ. . . ဘယ်သူမှမရိပ်မိအောင် ဣန္ဒြေရရပြန်ရအောင်. . . "

"ဟာ. . . ပွားပွားကလည်း. . . ပြန်တော့မှာလား. . . ဒီမှာ အချစ်မျက်ဝန်းလေးကို ကြည့်လို့တောင်မဝသေးဘူး. . . "

"မကဲနဲ့ကွာ. . . ပြန်ရအောင်. . . ထ. . . "

"ဟင်း. . . ဒါဆိုလည်းပြီးရော. . . "

ဟုဆို၍ နှစ်ယောက်သားပြုံး၍ ပြိုင်တူထရပ်လိုက်ကြသည်။ ပြီးတော့ လမ်းမဘက်လှည့်လိုက်တော့. . .

"အလို. . . "

"ဟင်. . . "

နှစ်ယောက်လုံး ပါးစပ်ဟသွားကြ၏။

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ငေးကြည့်နေကြသော လူတစ်ရာကျော်. . ။ ပါးစပ်လေးတွေဟ. . . လို့ . . .

“ဟိုက်. . . သေပြီဟ. . . ”

“ဟာ. . . ဆ. . . ဆရာ. . . ဦးအောင်ကိုစိုး. . . ”

◆ ◆ ◆

www.burmeseclassic.com



ထိုကဲ့သို့ ကျွန်တော်ချစ်သူထံမှ အဖြေရသည့်နေ့၌ပင် အသည်းကွဲခဲ့ရပါသည်။

ကျွန်တော်အသည်းကွဲရခြင်းအပေါ် မည်သူ့တွင် အပြစ်ရှိပါသနည်း။ ဝိုင်းအုံကြည့်ခဲ့ကြသော ပရိသတ်လား။ တပ်ခဲ့ကြသည့် နားကြပ်လား။ တိုင်ဖက်ကိုက်နေသည့် လက်ဖက်ရည်အဖျော်ဆရာလား။ အနောက်မှ ရပ်ကြည့်နေခဲ့သော ကိုယ့်မေဂျာကဆရာလား. . .။

ကျွန်တော်တို့၏ "Top Secret Love Scence" လျှို့ဝှက်သိပ်သည်း၍ လူမသိစေချင်သော အချစ်ဇာတ်လမ်းမှာနေ့ချင်းပင် တစ်မြို့လုံးကို ကြော်ငြာလိုက်သလိုဖြစ်ပြီး ပွားပွား၏မိဘများသိရှိသွားကာ'ပွားပွား'အား ကျောင်းထုတ်၍ အိမ်ပြန်ခေါ်သွားခဲ့လေပြီ. . .။

ထို့ကြောင့် ကျွန်တော်အသည်းကွဲခဲ့ရသည်။

ထို့ကြောင့် ကျွန်တော့်အသံပြဲကြီးကို ကျွန်တော်စိတ်နာ၏။ 'ပွားပွား'၏အသံပြာကို စွဲလန်းနေ၏။ 'ပွားပွား'ခမျာလည်း မည်မျှအသံကုန်သွားသည်မသိ။ သူ့မိဘများလာရောက်ခေါ်ယူချိန်မှာပင် အသံတွေဝင်ပြီး ဘာသံမှမထွက်တော့။ နောက်ဆုံးတော့ ကားပေါ်မှ လက်ကလေးပြရင်းနဲ့

www.burmeseclassic.com



သာ ဇာတ်လမ်းဆုံးခဲ့ရပါသည်။

ကျွန်တော်ထိုအထိ စိတ်မနာနိုင်သေး။ ကျွန်တော်စိတ်အနာဆုံးကတော့ 'ပွားပွား'၏မိခင် ကျွန်တော့်ယောက္ခမလောင်းကြီး နောက်ဆုံးပြောသွားသည့်စကားပင်။ ကျွန်တော့်အသည်းကို တဆတ်ဆတ်တုန်ရင်နာကျင်စေ၏။

ကြည့်လေ. . သူပြောသွားသည့်စကားက. . .

"နင်နဲ့ ငါ့သမီးနဲ့ တူလို့တန်လို့လား. . . နောက်ဆို နင်ငါ့သမီးနဲ့ အဆက်အသွယ်လုပ်စရာမလိုဘူး. . . နင့်မျက်နှာလည်း ငါမကြည့်ချင်ဘူး. . . ငါ့မျက်နှာလည်း ငါမကြည့်ချင်ဘူး. . . တဲ့. . . "

ကဲ. . . ကျွန်တော်စိတ်မနာသင့်ပေဘူးလား. . . ။

◆ ◆ ◆

www.burmeseclassic.com



# အသည်းကွဲ အခန်း(၂)

**ဂီဂီ** ကိုချစ်တယ်. . .

ဂီဂီကို ကျွန်တော်တကယ်ချစ်တယ်"

ဂီဂီ နာမည်ရင်းက သိဂီ ပါ။ ဒါပေမဲ့ ကျော်ကိုကတော့ သူ့ကို ချစ်စနိုးနဲ့ ဂီဂီလို့ပဲခေါ်တယ်။ (သိန်သိန်လို့မှ ခေါ်လို့မကောင်းတာ။)

ကျော်ကို နာမည်လည်း မှတ်ထားဦး။

အများကတော့သူ့ကို အပျိုကလေးများ အရမ်းကြိုးအော်ငိုတဲ့ ဘိုကလေးသား ကန်းထရီးကျော်ကို လို့ခေါ်ကြတယ်။ ဘာလို့လဲဆိုတော့ ဘယ်ကရမှန်းမသိတဲ့ ကန်းထရီးဦးထုပ်အစုတ်ကြီး အမြဲဆောင်းတတ်လို့။

သူပြောတာကတော့ သူ့ဆရာကျော်အောင်မော်ရဲ့ ဦးထုပ်ကို နှစ်လွှာခွာပြီး တစ်လွှာကိုသူဆောင်းနေတာတဲ့. . .။ ရုပ်ကြီးက ဝေါဒစ်စနေရေးတဲ့ ဒေါ်နယ်ဒတ်(ခ်)လို မျက်နှာရှုံ့ပုပုကြီးဖြစ်နေတဲ့အပြင် မည်းပြာနေတဲ့အသားနဲ့ ဦးထုပ်ကြီးက စုတ်ပြတ်နေတာဆိုတော့ စဉ်းစားသာကြည့်။ ဝါးဆစ်ဖုံနှစ်လုံးသာ လက်ထဲထိုးထည့်ပေးလိုက်လို့ကတော့ တော်ရုံတန်ရုံ တောင်းစားတဲ့လူဆိုရင်တောင် ပတ်ရှောင်သွားမယ်. . .။ အဲဒီလိုရုပ်မျိုး။ ဒါကြောင့်ကောင်မလေးတွေက သူ့ကိုဆို ဝေးဝေးကရှောင်တာ. . .။

www.burmeseclassic.com



ဟုတ်တယ်။ ကျော်ကိုဆိုတဲ့ကောင်က ဘယ်သူနဲ့မှမတူအောင် ကောင်မလေးတွေ ရှိတဲ့ကောင်။ သူ့ကိုဆို ဘယ်ကောင်မလေးကမှ စကားပြောချင်ကြတာမဟုတ်ဘူး။

ကြည့်လေ. . . သူ့ပုံကို။

ဆံပင်က ဘုတ်သိုက်နဲ့၊ အသားက နက်ပြာပြာ၊ သွားတွေက ကွမ်းချိုးတွေနဲ့ပေလို့၊ ပွလို့ . . . နို့ပေမဲ့ စတိုင်တော့ထွားတယ်မောင်. . . ဘယ်အချိန်ကြည့်ကြည့် ဝတ်လိုက်ရင် အနက်ရောင်ဝမ်းဆက်ချည်းပဲ. . တော်ရုံတန်ရုံ မှောင်ရုံလောက်နဲ့ မုဆိုးမအိမ် ထဘီတက်ခိုးလို့ရတယ်။ အသားက အဲဒီလောက်ထိနက်တာ။ ဒီကြားထဲ အယ်ဖေ့ရှင်းခွေးနားရွက်ကြီးလို အုပ်ကျနေတဲ့ ကန်းထရီးဦးထုပ်ကိုလွတ်အောင် မျက်လုံးလှန်လှန်ကြည့်နေရတာ အမေ. . . ။

ဒါပေမဲ့ သူ ဂီဂီကိုချစ်တယ်။

ဒါပေမဲ့ ဂီဂီကလည်းသူ့ကို ချစ်သလိုပဲ. . .

ဒါပေမဲ့ တစ်ခါမှ သူဂီဂီကို ဖွင့်မပြောရသေးဘူး. . . ။

ဒါပေမဲ့ သူဖွင့်ပြောဖို့ ကြံနေပြီ. . .

ဒါပေမဲ့ သူ ဂီဂီကို ထိပ်တိုက်တွေ့ပြီး မပြောရဲဘူး. . .

ဒါပေမဲ့ သူ့မှာအကြံရှိတယ်။

ဒါကတော့ သူဂီဂီကို ရည်းစားစာပေးပြီး ဖွင့်ပြောမလို့ဘဲ. . . ။

သူ့ရည်းစားစာက တကယ်ဂန္ထဝင်တင်မယ့် ရည်းစားစာ. . ။ အရမ်းကောင်းတယ်။ နောင်လာနောက်သားတွေ ဗဟုသုတရအောင် သူ့ရဲ့ရည်းစားစာကို မူရင်းမပျက် ပြန်လည်တင်ပြဦးမယ်။ သူရေးထားတာက ဒီလို. . .

ချစ်ဂီ . . .

အချစ်ကိုသရုပ်ခွဲလိုက်တဲ့အခါ အချစ်ဟာအချစ်လို မနေဘဲ အချစ်ရှိရာထွက်သွားတော့ အချစ်ဆီရောက်သွားပြီး အချစ်နဲ့ ပေါင်းဖက်တွေ့ကြတယ်။ ဒါကြောင့် အချစ်သစ်ကလေးတွေမွေးဖွားလာတယ်။ သူတို့ရဲ့နာမည် တွေကလည်း အချစ်လို့တွင်တယ်။ ဒါကြောင့်အချစ်ကအချစ်လို့ခေါ်တယ်။ အချစ်ကလည်းအချစ်လို့ပြန်ထူးတယ်။ အချစ်နှစ်ခုဟာ လေထဲမှာ

www.burmeseclassic.com



ချစ်ခင်ပေါင်းဖက်သွားပြန်တယ်။ အချစ်သစ်ကလေးတွေ ထပ်မံမွေးဖွားပြီး အရင်အချစ်ဆွေမျိုးတွေဆီ ချစ်အလည်ထွက်ကြတယ်။ အချစ်တွေဟာ အချစ်တွေကိုတွေ့တော့ ချစ်ခင်ပျော်ရွှင်ကြတယ်။ အချစ်၊ အချစ်၊အချစ်၊ အချစ်ဆိုတဲ့ခေါ်သံတွေက အချစ်မိုး ကောင်းကင်ကြီးပေါ်မှာ ပျံ့လွင့်နေကြတယ်။ သူတို့ဟာအချစ် ဆွေမျိုးစု ထူထောင်ကြတယ်။ အချစ်ဥယျာဉ်ကြီးမှာ အချစ်ပန်း တွေစိုက်ပြီး..အချစ်တို့ခူးယူပန်ဆင်ကြတယ်။ အချစ်မြေဆီလွှာမှာ အချစ်စပါးတွေစိုက်ပြီး အချစ်ထမင်းတွေ အချစ်တို့စားကြတယ်။ ဒါကြောင့်အချစ်တွေဟာ အချစ်တွေဆူဖြိုးပြီး အချစ်တွေဖြစ်လာတယ်။ တစ်နေ့တော့အချစ်တွေဟာ ငါတို့လိုအချစ်တွေကို အရှာထွက်ရအောင်ဆိုပြီး အချစ်ရှာထွက်ဖို့ အချစ်အကြောင်းနဲ့ အချစ်လမ်းကြောင်းကိုခင်းပြီး အချစ်ရိက္ခာတွေစုဆောင်းကြတယ်။ အချစ်တွေအားလုံး ပြည့်စုံသွားတဲ့အခါ အချစ်မိုးကောင်းကင်ပေါ် ချစ်အပျော်တွေနဲ့ အချစ်တောင်ပံဖြန့်ပြီး အချစ်ရှာထွက်ကြတယ်။ အချစ်တောတန်း၊ အချစ်ပင်လယ်၊ အချစ်တောင်တန်းတွေကိုဖြတ်ပြီး အချစ်စုဝေးရာနေရာကို အချစ်တွေ ရှာဖွေခဲ့ကြတယ်။

ဟော...ကြည့်စမ်းအချစ်တွေအချစ်တွေပျံ့လွင့်နေ ပြီ . . . ချစ်နီ၊ ချစ်ပြာ၊ ချစ်ခရမ်း၊ ချစ်မရမ်း စတဲ့အချစ်ရောင်သွေးစုံလှတဲ့အချစ်အမြုတေ၊ အချစ်မဒေရှိရာ အချစ်တွေတွေ့ရှိကြပြီး... ဒါကြောင့် အချစ်တွေဟာ အားရဝမ်းသာပဲ အော်ခေါ်လိုက်ကြတယ်...

ချစ်ဂီ...ဂီ...ဂီ...ဂီ...(အက်ဂိုးသံ) ချစ်ဂီ... ဂီ...ဂီ...

ကျယ်လောင်လှတဲ့ တို့ရဲ့ အချစ်ခေါ်သံကို ချစ်ဂီကြားနိုင်ပါစေသတည်း . . .

တို့ချစ်ဂီကိုချစ်တယ်...တို့ဂီကိုမြတ်နိုးတယ် . . . တို့ဂီ ကို ကိုးကွယ်တယ်။

www.burmeseclassic.com



*ချစ်လျှင်ဝန်ခံ အကြောင်းပြန်...မပြန်ရင်လည်း*
*အချစ်ပဲလို့ . . . တို့မှတ်ယူမည် အချစ်ဂီ...*

မောင့်ချစ်သီတဂီက မောင်လို့ခေါ်ရမယ့်...။
ကန်းထရီး ကျော်ကိုတစ်ဖြစ်လဲ (ဂို မောင်)

ကိုင်း. . . စဉ်းစားသာကြည့် ဘယ်လောက်တောင် လွှမ်းလွှမ်းဆွေးဆွေး ရင်ကွဲနာအပြည့်ပေးထားသလဲလို့ . . . စာတစ်စောင်လုံး ခြစ်၊ ခြစ်၊ ခြစ်၊ ခြစ်နဲ့ဆိုတော့ ဖတ်ရတာကိုသွားပါကြိမ်းတယ်. . တော်ရုံတန်ရုံကောင်မလေးသာဆို တစ်ခါတည်းပါးချလောက်တယ်။ ဒါပေမဲ့ ဂီဂီကတော့ သူ့ကို အပြစ်မြင်မှာမဟုတ်ဘူး. . .။ ဘာလို့လဲဆိုတော့ ဂီဂီဆိုတာကလည်း နာမည်ကြီး. . .။ သူ့ကိုအဲဒီနှစ်ခုပဲ ထွားထွက်နေတာ။ တလွဲဆံပင်ကောင်း။ အဲ. . . ခေါင်းလေးလည်း မဆိုစလောက်ကြီးတယ်ပေါ့. . .။ နှာခေါင်းကြီးက သာမန်လူမျက်နှာမျိုးမှာတပ်လို့ရမယ့် နှာခေါင်းဆိုဒ်မျိုးမှ မဟုတ်တာ. . တကယ့်ဆိုဒ်ကြီး။ ဆိုဒ်ကြီးတဲ့အပြင် ပုံစံကလည်း ပုံဆန်း။ ရင်းဖျားညီတစ်ဖြောင့်တည်းပုံစံ။ စဉ်းစားသာကြည့်ဗျာ မျက်လုံးနှစ်လုံးကြားလူကြီးလက်သုံးလုံးလောက် နှာခေါင်းတုန်အိအိကြီး တွဲကျနေတာဆိုတော့ . . . တကယ့်ကြက်သီးထစရာကြီး. . ခုရေးရင်းနဲ့တောင် မျက်လုံးထဲမြင်ယောင် ပြီး ကြောက်ကြောက်လာတယ်. . .

ထားတော့. . . ကျော်ကိုကတော့ အဲဒီနှာခေါင်းတုန်အိအိကြီးကိုမှ အာပွားရှုလူးချင်နေတာ. . .။

ဒါကို ကျော်ကိုကပြောသေးတယ်။ ဂီဂီက ကုလားဆင်တဲ့။ ဟုတ်တယ်။ သူပြောတာလည်း ဖြစ်နိုင်တယ်။ ဂီဂီက ကုလားနဲ့လည်းတူသလို ဆင်နဲ့လည်း တူတယ်။ ဒါကြောင့် ကုလားဆင်လို့ပြောတာဖြစ်မယ်။ ပြောရဦးမယ်. . .

ဂီဂီခမျာလည်း တက္ကသိုလ်စရောက်တထက တွေ့တဲ့လူမျက်စပစ်လာတာ မျက်စိတောင်စောင်းချင်နေပြီ။ တစ်ယောက်မှ မတစ်ယောက်ခဲ့ဘူး. . .။ အဲ. . . အခုတတိယနှစ်ရောက်တော့မှ တစ်ယောက်ဈေးဦးပေါက်ပြီ။ အဲဒီတစ်ယောက်ကတော့၊ သိတယ်မဟုတ်လား. . . အပျိုကလေး

www.burmeseclassic.com



များ အရမ်းကြီးအော်ငိုတဲ့ ဘိုကလေးသား ကန်းထရီးကျော်ကို. . .။
သူတော်အချင်းချင်း၊ သတင်းလွှေ့လွှေ့၊ ဆွေ့ဆွေ့ခုန်ကြပြီပေါ့. . .။

◆ ◆ ◆

www.burmeseclassic.com



**ကျော်ကို** အနက်ရောင်ဝမ်းဆက်နဲ့ ကန်းထရီးဦးထုပ်ဆောင်းပြီး၊ ခုံတိုင်မှီပြီး ဂိုက်ပေးကြမ်းနေတယ်။ သူ့လက်ထဲမှာ စာရွက်အပြာနု တစ်ရွက်နဲ့ . . .။ အဲဒီစာရွက်အပြာနုရောင်က အပြင်မှာဝယ်ရင်လည်းရပါတယ်. . .။ ဒါပေမဲ့ ကျော်ကိုကအနွေးပေါ့လို့တဲ့၊ သူ့ကိုယ်ငွေ့နွေးနွေးလေးပါအောင် သူကိုယ်တိုင် မင်အိုးထဲစိမ်ပြီး စိမ်ပြေနပြေဒီဇိုင်းလုပ်ထားတာ။ ဒါတောင် စာရွက်သုံးလေးရွက် နမူနာစိမ်ကြည့်ပြီးမှ ဒီ ဒီဇိုင်းရတာဆရာ။ မင်စိမ်ရတာ လွယ်တာမှတ်လို့ . . .။ ဒီအတိုင်း မင်အိုးထဲထည့်စိမ်လိုက်လို့ကတော့ စာရွက်တစ်ခုလုံးမည်းပြာပြီး ဘာစာမှရေးလို့ရတော့မှာ မဟုတ်ဘူး. . .။ မင်အိုးကိုယူ ရေချိုးခွက်ထဲ မင်အိုးထဲကမင် ပက်ခနဲထည့်၊ ရေလိုသလောက်ရောပြီး စာရွက်ကို စွပ်ခနဲနှစ်၊ စွပ်ခနဲပြန်ဆွဲထုတ်ရတာ။ ဒါဆိုပြီးပြီမှတ်သလား. . .။ မပြီးသေးဘူး ဆရာ။ မင်မရောက်တဲ့နေရာ တဖူးဖူးနှင့်ထိုင်မှုတ်နေရသေး။ ဒါမှ (Hand Made )အစစ် ရည်းစားစာတစ်စောင်ရတာ. . .။

ကျော်ကိုတို့က တကယ့်ခံစားမှုသမား. . .။ အင်အင်းပါရင် တောင်ခံစားချက်မရှိရင် မပါဘူးရယ်။ ခံစားချက်ရှိမှ အလိုလိုနေရင်း ဗိုက်အလေးခံသယ်ထားရတဲ့ကောင် ကိုင်းကွာ၊ ကိုင်းကွာဆိုပြီး. . .။

www.burmeseclassic.com



ဒီလိုလူမျိုး. . .

အဲ. . . အခုဒီစာကိုအပင်ပန်းခံလုပ်ရတာလည်း အကြောင်းရှိတယ်။ ရှေးခေတ်က ကဗျာတစ်ပုဒ်ကို သိတယ်မဟုတ်လား. . .

မဝယ်ဘူး၊ မယ်ခူးတဲ့ဖက်စို၊
မီးမကူ နေပူမှာမကင်အားတာမို့၊
ထားရတယ် အိပ်ရာအောက်မှာ၊
မင်းသောက်ဖို့ကို. . .
ညှာအနား ရှေ့သွားနဲ့ ကိုက်လို့တို
မချိုတောင့်လိပ်ဆေး၊
ပိုးမကူ၊ ဝါချည်ဖြူတစ်ပင်ရစ်ကယ်နဲ့
ငယ်ချစ်မောင် ရွှေဝသွားကို
ပါးလိုက်တဲ့လေး. . .။

ကျော်ကိုက အဲဒီကဗျာလေးကို(Crazy) ဖြစ်တာ. . .။ သူလည်း အဲဒီ ကဗျာထဲကလို ရည်းစားစာကို ဟန်းမိတ်တွေချည်း လုပ်ချင်နေတာ။ ဒါကြောင့် ဒီလိုအပင်ပန်းခံ ခေါင်းမူးခံပြီး မင်တွေကိုထိုင်မှုတ်ခဲ့ရတာပေါ့။

စာရွက်အပြာကိုရတော့မှ အပေါ်ကမင်စိုဘောပင်အပြာနဲ့ စာလုံးအကြီးကြီးတွေရေးပြီး ချစ်ကြောင်းကြိုက်ကြောင်း၊ ဖွဲ့နွဲ့ထားတာ။ (ခုနက ဖော်ပြထားတဲ့ ရည်းစားစာပေါ့)

သူ့စိတ်ကူးနဲ့သူကတော့ ဂီဂီကရည်းစားစာကို ကြိုက်နှစ်သက်ရုံသာမက မြန်မာဗီစီဒီထဲကလို ပန်းခြံထဲ ကောက်ကောက် ကောက်ကောက်နဲ့ လိုက်တမ်းပြေးတမ်းတောင် ကစားနေပြီ. . .။

"ရဟူး"

◆ ◆ ◆

www.burmeseclassic.com



**ကျောင်း**လွှတ်ချိန်မို့ ကျောင်းသူလေးတွေ အဆောင်ထဲဝင်ကြပြီ။ အဆောင်ဝမှာ ရည်းစားစာရွက်အပြာလေးတစ်ရွက်ကိုင်ပြီး၊ ကန်းထရီး ဦးထုပ်ကို စုတ်တီးစုတ်ဖတ်ဆောင်းထားတဲ့ ကျော်ကို ကိုတွေ့တော့ အားလုံး အံ့အားသင့်တဲ့မျက်လုံးမျိုးနဲ့ ကြည့်ကြတယ်။ ကျော်ကိုကတော့ ဂရုမစိုက်ဘူး. . .။ အားလုံးကို ခေါ်တောရှိုး ရှိုးပြီး၊ ကုလားပိုး မသိမသာပိုးလိုက်သေးတယ်။ အမှန်တော့ ဒါလေးတွေကို ပွဲသိမ်းပိုး ပိုးတာပါ။ နောက် (၁၅)မိနစ်လောက်ကြာရင် ချစ်ဂီဆီမှအဖြေရပြီး ရည်းစားလက်ဝယ်ပိုင်ပိုင်နဲ့ ဟန်ကျပန်ကျချစ်နေရတော့မယ်ဆိုတော့ အရင်ပိုးလက်စတွေကို လက်ကျန်ဖြတ်တဲ့အနေနဲ့ ပွဲသိမ်းပိုး ပိုးနေတာပါ. . . ဒါတွေကို ကျော်ကိုက မိုင်နာတွေလို့ပဲ မှတ်ထားပါတယ်. . သူ့ အတွက်မေဂျာဖြစ်တဲ့ ဂီဂီကမလာသေးဘူး. . .။

မကြာခင် သူ့ရှေ့ညင်သာတဲ့ ခြေလှမ်းမျိုးနဲ့ လျှောက်လှမ်းလာမယ့် ဂီဂီ ကိုသာ သူမျှော်လင့်နေတယ်။

ကျောင်းထဲမှာအတင်းပြောတတ်တဲ့ သီရိဝင်းနဲ့ မြတ်ထွဋ်တင်တို့နှစ်ယောက်၊ တစ်ယောက်လက်တစ်ယောက်တို့ပြီး ကျော်ကို့ကို ကွကြည့်ကွက်ကြည့်လုပ်တယ်။ ကျော်ကိုကတော့ ဂရုမစိုက်ဘူး. . . ပြောကြပါစေ. . . မိုးလောက်ကြီး ပြောကြပါစေ. . .။ မကြာခင် သူနဲ့ဂီဂီချစ်သူဖြစ်

www.burmeseclassic.com



ကြတော့မှာပဲ. . . ပြောကြပါစေ. . .

ဟော. . . လာပြီ. . .။ သူမျှော်လင့်နေတဲ့ သူ့ရဲ့ချစ်ဂီဂီလာပါပြီ။ ဒါပေမဲ့ သူထင်ထားသလို သမင်ပျိုခြေလှမ်းမျိုးနဲ့ တစ်လှမ်းချင်းလျှောက်လှမ်းလာတာမဟုတ်ဘဲ မျက်လုံးကြီးပြူး အံကြီးကြိတ်ပြီး ဒုန်းစိုင်းချလာတာ။ ဝတ်ထားတဲ့အဖြူရောင်ဂါဝန်လေးကို 'မကာ"မကာ' နဲ့ပေါ့. . .။ ဂီဂီနဲ့အလိုက်ဖက်ဆုံးကလည်း အဲဒီအဖြူရောင်ဂါဝန်လေးပဲဖြစ်မယ်။ အဲဒီဂါဝန်လေးနဲ့ အပေါ်ကအဖြူရောင် ဇာပါးလေးနဲ့ဆိုရင် ဂီဂီ့အလှက ဝင်းမှည့်ထနေတာပဲ. . ဂီဂီကိုမြင်တာနဲ့ ကျော်ကိုရင်တွေ အခုန်မြန်သွားတယ်။

နူရွလှပနေတဲ့ ချစ်သူဂီကိုကြည့်ပြီး ကျော်ကို့ခမျာ ဓာတ်တိုင်ကပဲခွာရမလို ဓာတ်တိုင်ကိုပဲ ဆက်ဖက်ထားရမလို ဖြစ်နေတယ်။ ပြီးတော့မှအားတင်းပြီး လမ်းမပေါ်တက်လိုက်တယ်. . .။ တံထွေးတွေကိုလည်း ဂလုဂလုနဲ့ မျိုလို့ပေါ့. . .။

ဂီဂီကတော့ သူ့ကိုမကြည့်ဘူး. ၊ မျက်လုံးကြီးပြူး၊ အံကြီးကြိတ်ပြီး၊ ဂါဝန်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားတယ်။ သူ့ခမျာ တစ်ခုခုဖြစ်လာပုံရတယ်။ တစ်စုံတစ်ခုကို အသည်းအသန် အရေးကြီးနေပုံရတယ်. . .။

ဂီဂီကို ဒီလိုပုံမျိုးမြင်ရတော့ ကျော်ကို ရင်ပိုခုန်သွားတယ်။ ရှုံ့ပွရှုံ့ပွဖြစ်နေတဲ့ ဂီဂီရဲ့နှာခေါင်းတုန်တုန်ကြီးကိုကြည့်ပြီး ကျော်ကိုအသည်းတောင်ယားလာတယ်။ တစ်ခါမှမပေးဘူးတဲ့ ရည်းစားစာပေးရမှာဆိုတော့ အချစ်နတ်ဖမ်းစားခံထားရသလို ကတုန်ကယင်ကြီးကိုဖြစ်လို့။

ဂီဂီလည်းသူ့ရှေ့ရောက်ရော ရင်တုန်ပန်းတုန်နဲ့ တုန်တုန်ကျကျကြီးခေါ်လိုက်တယ်. . .။

'ဂွီ. . .'

သူကတော့ ဂီလို့ခေါ်တာပဲ။ ဒါပေမဲ့ ရင်ခုန်လွန်းလို့ အောက်မေးကြီးပြုတ်ပြီး ဂီမှသည် ဂွီဆိုပြီးဖြစ်သွားတယ်. . .။ ကျော်ကိုက သူ့အသံကျကြီးကို သူပြန်လန့်ပြီး ကယောင်ကတမ်းနဲ့ လက်နှစ်ဖက်က လေထဲစမ်းတမ်းစမ်းတမ်းဖြစ်သွားတယ်။ ပြီးတော့ တံထွေးနှစ်ဂလုလောက် မျိုချပြီးမှ. . .

"အစ်မကြီး. . . အဲလေ. . . ချစ်သူဂွီ. . ."

သူ့ဟာသူ ဂီခေါ်ခေါ် ဂွီခေါ်ခေါ် ဂီကတော့ သူ့ကိုခေါ်မှန်းသိလို့မျက်လုံးကြီးပြူးပြီး ကျော်ကို့ကိုပြန်ကြည့်တယ်။

www.burmeseclassic.com



"ဂွီ. . . ဘယ်သွားမလို့လဲဟင်. . . "

ကျော်ကို သူ့ခေါင်းပေါ် ကနေငိုက်ကျနေတဲ့ အယ်ဇေးရှင်းနားရွက်ကြီးကိုဖယ်ပြီး တမင်လုပ်အိုထားတဲ့ ကလေးအိုမျက်နှာလေးနဲ့ မေးတယ်. . ။

ဂီဂီကလည်း ကျော်ကို့ကိုစကားပြောချင်ပုံရတယ်။ ဒါပေမဲ့ သူ့မှာ သိပ်အရေးကြီးတဲ့ အတွင်းရေးကိစ္စရှိနေပုံနဲ့ အံကြီးကြိတ်ပြီး အဆောင်ထဲ လက်ညှိုးနှစ်ဆင့်ထိုးပြတယ်။ ပြီးတော့ ခပ်သုတ်သုတ်နဲ့ အဆောင်ဘက် လှမ်းဝင်သွားတယ်။

ကျော်ကိုလည်း ဂီဂီရဲ့အပြုအမူကို ပထမတော့ ကြောင်ကြည့်နေသေးတယ်။ နောက်မှသတိရသလိုဖြစ်သွားပြီး. . .

"ဂွီ. . . ခဏနေဦးလေ. . "

ဆိုပြီး ဂီဂီနောက်ပြေးလိုက်တော့တာ။ ဂီဂီကတော့ သူ့ကိုတစ်ချက် ပြန်လှည့်ကြည့်တယ်။ ခြေလှမ်းကတော့မရပ်ဘူး။ သူလှမ်းတဲ့ ခြေလှမ်းတွေကလည်း တဖြည်းဖြည်း အတွင်းကိုကျစ်ကျစ် ဝင်လာတယ်။

"ဂွီ. . . "

"ဟဲ့. . . ပလုတ်တုတ်. . "

ကျော်ကိုလန့်ပြီး ထခုန်တယ်။ လန့်လည်းလန့်ချင်စရာ၊ နောက်ဆုံးထွက်လာတဲ့ဂွီက ကျော်ကိုရဲ့ခေါ်သံမဟုတ်ဘူး။ ဂီဂီဗိုက်ထဲကအသံ။ အတော်ကျယ်တယ်။ ကျော်ကိုတောင် ပထမတော့ကြောင်ပြီး ဘယ်သူများခေါ်တာလဲလို့ ဘေးဘီဝေ့ကြည့်မိသေးတယ်။ နောက်မှ. . .

"ဂွီ. . . ကိုယ့်ရဲ့အိပ်မက်တွေရဲ့ မြစ်ဖျားခံရာ ညနေခင်းမှာ လျောင်းစက်ပျော်မယ့် နတ်သမီးဂွီအတွက်. . . ဒီမှာ. . . စာ. . . စာ. . . မေတ္တာစာ. . . "

ကျော်ကို ဂီဂီနားကပ်ပြီး စာလှမ်းပေးရင်း အလွတ်ကျက်ထားတဲ့ ဝတ္ထုထဲက စာသားတွေကို တတွတ်တွတ်ရွတ်တယ် ။ ဂီဂီက စာကို မျက်လုံးပြူးကြီးနဲ့ကြည့်တယ်။ ပြီးတော့ကျော်ကို့ကို ပြန်ကြည့်တယ်။ ခြေလှမ်းကတော့မရပ်ဘူး. . . ။ နောက်ကမန်းကတန်းပဲ အဆောင်ထဲ လှမ်းဝင်သွားတယ်။

"ဟာ. . . "

ကျော်ကို ငိုင်ကျသွားတယ်။ သူ့လက်ထဲက မေတ္တာသဝဏ်လွှာ

www.burmeseclassic.com



စာရွက်အပြာကို ဂီဂီယူမသွားဘူး။ ကျော်ကိုခမျာ ပါးစပ်ကလေးဟစိဟစိနဲ့ စာရွက်ကလေးကိုင်ပြီး အဆောင်ရှေ့ယောင်ချာချာဖြစ်နေတယ်။ မိန်းကလေးဆောင်ရှေ့မှာဆိုတော့ အားလုံးကသူ့ကို ဝိုင်းကြည့်နေကြတယ်။ဒါကို သူကသတိမထားမိဘူး။ ဂီဂီရဲ့ လိမ်ကျစ်လိမ်ကျစ်ပုံလေး မျက်လုံးထဲမြင်ယောင်ရင်း ဖီး(လ်)တက်နေတယ်။

သိပ်မကြာလိုက်ဘူး. . .။ သူ့ရဲ့ချစ်ဂီ ရေပုံးတစ်ပုံးဆွဲပြီး၊ အံကြိတ်ထွက်လာပြန်တယ်။ အဆောင်ရှေ့မှာ ယောင်တောင်တောင်ရပ်နေသေးတဲ့ ကျော်ကို့ကိုမြင်တော့ ဂီဂီအံ့အားသင့်သွားတယ်။ ပြီးတော့ တစ်ခုခုကိုသတိရသွားပြီး. . . မျက်လုံးကြီးပြူးပြီးအံကြိတ်တယ်။ ဒါကို ကျော်ကိုကလည်း တမင်လုပ်ပြတယ်အောက်မေ့လို့လားမသိ၊ ပြန်ပြီးမျက်လုံးပြူးအံကြိတ်ပြတယ်. . .။ ပြီးတော့ ဟင်းဟင်းဆိုပြီး အသံထွက်ရယ်ပြတယ်။ ဒါပေမဲ့ အံကြီးကြိတ်ထားတာဆိုတော့ 'အင်အင်း' ဆိုပြီးဖြစ်သွားတယ်. . .

အဲဒီအသံလည်းကြားရော ဂီဂီကြက်သီးထပြီး တုန်တက်သွားတယ်။ ပြီးတော့ ဘာမှဆက်မပြောတော့ဘဲ အဆောင်ပြင်ကို ခြေဖျားထောက်ရင်း လိမ်ကျစ်လိမ်ကျစ်နဲ့ ဒုန်းစိုင်းချသွားတယ်. .။

ကျော်ကိုကလည်း ရရှိတဲ့အခွင့်အရေးကို ဘယ်လက်လွတ်ခံချင်လိမ့်မလဲ. . . အနောက်ကနေပြီး စာကိုအတင်းလိုက်ပေးတယ်. . .။

"ဂီ. . . ဒီမှာ ကျွန်တော့်ရဲ့မေတ္တာစာပါ. . . ယူသွားနော် ယူသွားပါလား. . ."

ကျော်ကို ကုလားခွဲ ခွဲရင်း ဂီဂီနောက်ကလိုက်တယ်။ ဂီဂီက အရှေ့က ဂါဝန်လေးမ ရေပုံးလေးဆွဲပြီး. . .

"ဟဲ့ . . ဒီမှာအရေးကြီးနေတာ. . . ဘာတွေလိုက်ပေးနေတာလဲ. . ."

"ကိုယ့်ရဲ့ ချစ်သဝဏ်လွှာရည်းစားစာလေး. . . ယူသွားပါလား. . . ဂီဂီနော်. . . နော်ဂီဂီနော်. . ."

ဂီဂီသူ့ကိုစကားပြန်ပြောသည့်အတွက် ကျော်ကိုဝမ်းသာသွားပြီး အနောက်မှနေ၍ စာကိုတဆဆနဲ့ လိုက်သွားတယ်။

"အို. . . ရည်းစားစာဆိုလည်း နောက်မှပေး. . .။ ဒီမှာ . . ဒီမှာ. . . အား. . ."

www.burmeseclassic.com



ဂီဂီ နှာခေါင်းရှုံ့သည့်အထိ တွန့်တက်သွားတယ်။ ခြေလှမ်းတွေကလည်း ခြေဖျားထောက်မတတ်ဖြစ်နေပြီ. . .။ ဒါကိုအလိုက်မသိတဲ့ ကျော်ကိုက. . .

"ယူသွားပါ ဂီဂီ. . .။ ဂီဂီ ဖတ်ပြီး ကျွန်တော့်ကိုခံစားပေးပါ. . ."

"ဟာ. . . အခုအချိန်မှာ ဘာမှမခံစားနိုင်ဘူး. . .။ ဒီမှာခံစားနေရပါတယ်ဆိုမှ. . . သွားသွား. . ."

ဂီဂီက ကျော်ကို့ကိုမောင်းထုတ်တယ်။ ဒါကို အခွက်ပြောင်တဲ့ ကျော်ကိုက. . .

"သွားနိုင်ဘူး. . . သွားနိုင်ဘူး. . . ဂီဂီ. . . ဒီစာကိုယူမှ သွားနိုင်မယ်. . ."

"ဟာ. . . မယူချင်သေးဘူးဆိုမှ. . . ဒီမှာရောက်နေပြီ ပြန်တော့. . ."

ဆိုတော့ ကျော်ကို မော့ကြည့်လိုက်တယ်။ ဟုတ်တယ်။ အခန်းတစ်ခန်းရှေ့ရောက်နေပြီ။ ဒါကြောင့် ကျော်ကို ကမန်းကတန်းပဲ. . .

"ဂီမယူလို့မရဘူး. . ဂီမယူရင်. . . ကဲ. . . ရော့ကွာ. . ."

ဆိုပြီး ဂီဂီ့ရေပုံးထဲ ပစ်ထည့်လိုက်တယ်။ ရေက စာရွက်ပေါ်ကမင်အရှိန်ကြောင့် ချက်ချင်းပြာတက်သွားတယ်။ ဂီဂီကတော့ လှည့်တောင်မကြည့်ဘူး။ အခန်းတံခါးကိုဖွင့်ဝင်ပြီး တံခါးကို ဂျိမ်းခနဲပြန်ပိတ်လိုက်တယ်ဆိုရင်ပဲ ဘာကြောင့်ရယ်မသိ တဖုန်းဖုန်းနဲ့ အသံတွေကြားရတယ်. . .။

အဲဒီတော့မှ ကျော်ကိုသက်ပြင်းချနိုင်တယ်။ ဘာလို့လဲဆိုတော့ ဂီဂီ့ရေပုံးထဲ စာပါသွားပြီဆိုတော့ ဘာပဲပြောပြော ဂီဂီတော့ ဖတ်ရလိမ့်မှာပေါ့. . .။ တွေးရင်းကြည်နူးသွားတယ်။

စာကိုဖတ်ပြီးရင် ဂီဂီဘာပြောမလဲ. . .။

"ကြိုက်ပြီပေါ့. . . ဟားဟား ကြိုက်ပြီ. . ."

သူ့ပါးစပ်က ထွက်သွားတဲ့အသံကြောင့် အဆောင်ထဲက မိန်းကလေးတွေ ထွက်ကြည့်ကြတယ်။ အဲဒီတော့မှ ကျော်ကို သတိပြန်ဝင်သွားပြီး ဝေ့ကြည့်လိုက်တော့ သူ့ကိုအံ့အားသင့်တဲ့မျက်လုံးမျိုးနဲ့ ဝိုင်းကြည့်နေကြတဲ့ ကောင်မလေးတွေ. . .။ခုန ဂီဂီဝင်သွားတဲ့ အခန်းဘက်ပြန်လှည့်ကြည့်လိုက်တော့ အခန်းဝမှာရေးထားတာက. .

www.burmeseclassic.com



(Toilet) . . . တဲ့. . .

"ဟိုက်. . . သေပြီ. . ."

ကျော်ကို့မျက်နှာကြီး ရှိန်းခနဲဖြစ်သွားတယ်။ ဟုတ်တယ်လေ. . . မိန်းကလေးအိမ်သာရှေ့ လက်သီးလက်မောင်းတန်းပြီး. . . ကြိုက်ပြီကွ. . . ကြိုက်ပြီလို့ အော်မိပြီကိုး. . .

ကောင်မလေးတွေကတော့ သူ့ကို ကြောင်ငေးကြည့်နေကြတုန်း. . .။ ကျော်ကိုထွက်ပဲပြေးရမလား၊ ဒီအတိုင်းပဲ ဆက်ရပ်နေရမလား ဝေခွဲမရခင် 'ချောက်' ခနဲတံခါးဖွင့်သံနဲ့အတူ ဂီဂီဂါဝန်အဖြူလေးမ ပြီး ပြန်ထွက်လာတယ်။ ခုနကရုပ်နဲ့တော့ တော်တော်ကွာတယ်. . . ခုနက ဒီလို မနေနဲ့ဆိုတဲ့ရုပ်. . . အခုက ဒီလိုနေဆိုတဲ့ ရုပ်. .

"ဟင်း. . ."

သူ့သက်ပြင်းချသံက အတော်ကျယ်တယ်။ နှာခေါင်းက အကြီးကြီးဆိုတော့ သာမန်လူထက် လေထွက်များပုံရတယ် အခုမှ ပေါ့ထွက်သွားတယ်ဆိုတဲ့ သက်ပြင်းမျိုး။ နောက် (Toilet) ရှေ့ဝေ့ကြည့်လိုက်တော့ တောင်လုပ်မလို၊ မြောက်လုပ်မလိုနဲ့ ယောင်နနရပ်နေတဲ့ ကျော်ကို့ကိုတွေ့တော့ အံ့အားသင့်သွားတယ်။ ဒါကို အခွက်ပြောင်တဲ့ သကောင့်သားက အမဲအိုးမြင်တိုင်း ဟိုကောင်အမြီးနန့်သလို လက်နှစ်ဖက်ကိုယှက်၊ အမြီးကိုနန့်ပြီး. . .

"အော်. . . ဟို. . . ဟိုလေ. . . နင့်ကိုစောင့်နေတာ. ."

ဂီဂီ မျက်မှောင်ကြုတ်လိုက်တယ်. . .

"ငါ့ကိုစောင့်တယ်. . . ဘာကြောင့်လဲ. . ."

ဆိုပြီး ခုနသူယူလာတဲ့ရေပုံးကို ဆွဲပြီးပြန်ထွက်လာတယ်။

အိုလှလိုက်တာ. . . အဖြူရောင်အင်္ကျီလက်စကနဲ့ အဖြူရောင်ဂါဝန်လေး ဆင်တူဝတ်ထားတဲ့ ဂီဂီရယ်လေ. . . လှလိုက်တာ။ အခု (Toilet)ထဲကထွက်လာတာဆိုတော့ အနံ့လေးကိုက ကျော်ကို့နှာခေါင်းထဲ တစ်မျိုး သင်းနေတာ။ တကယ်တမ်းချစ်ပြီဆိုမှ ချစ်သူရဲ့ဘယ်ကိစ္စမဆို မွှေးတေး တေးကြီးကို ဖြစ်နေတော့တာ။

"ဟဲ့. . . ဘာကိစ္စလဲလို့မေးနေတယ်. . ."

ဂီဂီအသံကြားမှ ကျော်ကိုသတိပြန်ဝင်သွားပြီး. . .

www.burmeseclassic.com



"ဟိုလေ. . . စာ. . . စာ. . . စာကိစ္စ. . . "

ဂီဂီမျက်မှောင်ကြုတ်သွားပြန်တယ်။ ကြည့်ရတာ ခုနအိမ်သာထဲ မဝင်ခင်ဘဝနဲ့ အိမ်သာထဲကပြန်ထွက်ခဲ့တဲ့ဘဝ၊ တစ်ခုကိုတစ်ခု သတိမရဘဲ အတိတ်မေ့သူတစ်ယောက်လို ဖြစ်နေပုံရတယ်။ ဒါကြောင့် ကျော်ကိုက ဂီဂီသတိရသွားအောင် ရေပုံးထဲလက်ညှိုးထိုးပြီး. . .

"ဟိုလေဟာ. . . နင်အိမ်သာထဲမဝင်ခင် ရေပုံးထဲထည့်ပေး လိုက်တဲ့ စာ. . . "

"ရေပုံးထဲထည့်ပေးလိုက်တဲ့စာ. . . "

ဂီဂီကြောင်ပြီး သူ့ရေပုံးထဲ သူပြန်ငုံ့ကြည့်တယ်။ ပြီးမှ သတိရသွား သလိုဟန်မျိုးနဲ့ မျက်လုံးပြူးတက်လာပြီး. . .

"ဟင်. . . အဲဒါ နင်ထည့်ပေးလိုက်တာ. . . ဒါ. . . ဒါ ဆို. . . "

"ဘာဖြစ်လို့လဲဟင်. . . ဝတ္ထုများထင်သွားလို့လား. . . "

ကျော်ကိုအလိုက်မသိစွာမေးတယ်။ ဂီဂီက မျက်လုံးပြူး မျက်ဆံ ပြူးနဲ့. . .

'မဟုတ်ဘူး. . . မဟုတ်ဘူး. . . အဲဒီစာရွက်ကို ငါ. . . ငါ. . . ငါ. . . အို. . . သွားပါပြီ. . . '

ဆိုပြီး ကမန်းကတန်း အိမ်သာထဲပြန်ဝင်ဖို့လှည့်တယ်။

အဲဒီတော့မှ ဂီဂီရဲ့နောက်ကျောကို ကျော်ကိုမြင်လိုက်ပြီး. .

"ဟင်. . . ဂီ. . . ဂီ. . . "

ကျော်ကိုမျက်လုံးကြီးပြူးပြီး ဂီဂီနောက်ကျောကို လက်ညှိုးတထိုး ထိုးနဲ့အော်တယ်။ ဒါကို ဂီဂီကလည်း. . .

"ဘာဖြစ်လို့လဲဟဲ့. . . "

ဆိုပြီး ကျော်ကိုလက်ညှိုးထိုးပြရာ သူ့နောက်ကျောကိုသူ ပြန်ငုံ့ ကြည့်လိုက်တော့. . .

"ဟင်. . . "

အာမေဍိတ်အသံနဲ့အတူ ဂီဂီလန့်သွားတယ်။ မလန့်ခံနိုင်ရိုးလား။ သူ့တင်ပါးရှိရာဂါဝန်ရဲ့ အနောက်ဘက်ခြမ်းတစ်ခုလုံး ပြာထိန်နေတယ်။ ဂီဂီ သူ့တင်ပါးသူပြန်ကြည့်ကာ လန့်သွားပြီး. . .

"ဟင်. . . ဒါက. . . ဒါက. . . "

www.burmeseclassic.com



ဆိုပြီး ဂါဝန်ကိုဆွဲလှည့်ဖို့လုပ်တယ်။ ဒါပေမယ့် ဂါဝန်က ခါးနဲ့ ကွက်တိချုပ်ထားတာဆိုတော့ တော်ရုံနဲ့ လှည့်လို့မရဘူး ။

"ဟဲ့. . . အို. . . ဒါကဘယ်လို. . . ဘယ်လို. . . "

ဆိုပြီး ဂါဝန်ကို ဆွဲလှည့်လို့မရတဲ့အဆုံး သူ့လက်ထဲက ရေပုံးနဲ့ တင်ပါးဆုံကိုစွပ်ပြီး အိမ်သာအုတ်နံရံကို နောက်ဆုတ်နောက်ဆုတ်နဲ့ ကပ်လိုက်တယ်။ နောက်ပျက်လိုပျက်ငြား ရေပုံးကိုချွတ် တင်ပါးဆုံနဲ့ အုတ်နံရံကိုကပ်ပြီး ပွတ်ဖျက်တယ်။ ပွတ်ဖျက်တာတောင် ဂီတသမားမို့လား မသိဘူး။ ဒေါက်တာဘိ(သ်)နဲ့ ပွတ်နေတာ။ ဒါပေမဲ့ ရေပုံးတစ်ဖက် မျက်နှာကြီးပျက်ပြီး အုတ်နံရံကပ်ပွတ်နေတာဆိုတော့ စဉ်းစားသာကြည့်။ ပျက်လောက်ပြီထင်မှ သူ့ဘာသာသူ ပြန်ကြည့်တယ်. . .

"ဟယ်. . . တော့. . . "

မင်တွေပျက်မသွားတဲ့အပြင် အုတ်နံရံကရေညှိတွေပါ ဂါဝန်မှာ ပြန်ကပ်ပါလာပြီး ပိုပြီးပေပွလာတယ်။ ရုတ်တရက်သူလည်း ဘာလုပ်ရမှန်း မသိဘူး။ ကျောင်းသူ ကျောင်းသားအားလုံးကလည်း သူတို့နှစ်ယောက်ကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြတယ်။ ကျော်ကိုခမျာလည်း ဘာလုပ် လို့လုပ်ပေးရမှန်းမသိဘူး။

ဂီဂီပေနေတာကလည်း အဓိကအစိတ်အပိုင်းကြီးဆိုတော့ ကျော်ကိုလည်း ဝင်မကိုင်ရဲဘူး။ ဝင်ကိုင်ရင်လည်း ပါးအချခံရမှာစိုးလို့. . . ။

ဂီဂီခမျာလည်း သူ့နောက်ကျောသူ ပြန်ပွတ်နေရတာ သူ့အမြီးသူ ပြန်လိုက်ဖမ်းနေတဲ့ကြောင်လို လည်တယ် လည်တယ် ဖြစ်နေတယ်။ အနောက်မှာပေနေတာက ရေညှိတွေရော မင်တွေရောဆိုတော့ တော်ရုံနဲ့ ဘယ်လိုမှ ပြန်မပျက်နိုင်ဘူး. . . ဒါကြောင့် လုံလိုလုံငြား ရှက်ရှက်နဲ့ပဲ သူ့တင်ပါးဆုံကိုဆွဲလာတဲ့ သူ့ရေပုံးနဲ့သူ ပြန်စွပ်ထားလိုက်တယ်။ ပြီးတော့ သူ့ကိုဝိုင်းကြည့်နေကြတဲ့ လူအားလုံးကို ကျီးကြည့်ကြောင်ကြည့်နဲ့ ကြည့် လိုက်တယ်။ တော်ကြာမှ သတိရသွားပြီး ကျော်ကို့ဘက်လှည့်လို့ . . .

"ဟင်. . . ဒါ. . . ဒါ. . . နင်တမင်လုပ်တာမဟုတ်လား . . မသာကောင်ရဲ့. . . "

ဂီဂီရဲ့ဒေါသတကြီးစကားကြောင့် ကျော်ကိုလန့်သွားတယ်။ ဒါကြောင့် သူ့လက်မည်းမည်းလေးနှစ်ဖက် အရှေ့ကာပြီး. . .

www.burmeseclassic.com



"မ. . . မဟုတ်ရပါဘူး ဂီဂီ. . . ငါ. . . တမင်လုပ်တာ မဟုတ်ပါဘူး. . . နင့်ကို ချစ်လွန်းလို့ စာရွက်ကိုမင်တွေနဲ့ ဟန်းမိတ်. . "

"ဘာဟန်းမိတ်လဲ. . . ဘာဟန်းမိတ်လဲ. . . ငါ. . အိမ်သာတက်မယ်မှန်းသိလို့ နင်. . . ရေထဲကိုမင်စိမ်ထားတဲ့စက္ကူ တမင်ပစ်ထည့်လိုက်တာ မဟုတ်လား. . . "

"ဟာ. . . အဲဒီလို မဟုတ်ပါဘူး. . .။ ငါ့ရဲ့မေတ္တာ အရောင်ပြန်ပြီး. . . "

ကျော်ကို့စကားကြောင့် ဂီဂီပိုတင်းသွားတယ်။ ဒါကြောင့် အားနေတဲ့လက်တစ်ဖက်ကို ခါးပေါ် ထောက်တင်ပြီး မျက်နှာရှုံ့မဲ့လို့ . .

"အော်. . . နင့်ရဲ့မေတ္တာက အရောင်တွေပြန်တယ် ဟုတ်လား. အေး. . . ဒါဆို ငါ့ရဲ့မေတ္တာကလည်း ဟောဒီလို အရောင်တွေပေးချင်တယ်. . . ကဲဟာ. . . "

ဆိုပြီး တင်ပါးဆုံကိုစွပ်ထားတဲ့ ရေပုံးနဲ့ ကျော်ကို့ခေါင်းကို လွှဲရိုက်လိုက်ရာ. . .

"ဂေါင်. . . "

မြည်သံက ဟိန်းတယ်။ ကျော်ကိုရဲ့ ကန်းထရီးဦးထုပ်ကြီး လေထဲဝဲပျံ သွားတယ်။ ဒါတောင် ဂီဂီကမကျေနိုင်သေးဘဲ. . .

"အဲဒီထက် အရောင်ပျံ့လွင့်ချင်ရင်. . . ရော့. . . "

"ဂွပ်. . . "

ဒီတစ်ခါတော့ အသံကသိပ်မကျယ်ဘူး။ ဒါပေမဲ့ ကျော်ကိုက ဘာမှမမြင်ရတော့ဘူး။ ရေပုံးကြီးက သူ့ခေါင်းမှာစွပ်နေပြီး တော်တော်နဲ့ပြန်ချွတ်လို့မရတော့ဘူး။ ရေပုံးကိုင်းက မေးစေ့မှာငြိပြီး ရေပုံးဆွဲလိုက်တိုင်း သူ့မေးသူပြန်ရိုက်ပြီး မူးမူးတက်လာတယ်။

သူ့ရဲ့ချစ်ဂီကတော့ သူ့ကို ပြန်လှည့်မကြည့်တော့ဘူး။ အဆောင်ဘက် ပြေးချသွားတော့တာ။

တကယ်တော့ ကျော်ကိုပြောတာ အမှန်ဖြစ်ကြောင်း၊ (အဲဒီတုန်းက) ဂီဂီမှန်ပြန်ကြည့်မိရင် သိလောက်ပါတယ်။ ဘာလို့လဲဆိုတော့ သူ့ရဲ့ဂါဝန်အဖြူပေါ်မှာ ဘယ်ကဘယ်လို အရောင်တွေပြန်ပြီး ထင်နေမှန်းမသိတဲ့ 'အချစ်တွေပျံ့လွင့်နေပြီ' ဆိုတဲ့စာတန်းပေါ် နေလို့ပါ။

www.burmeseclassic.com



ဒါပေမဲ့ ကျော်ကို့ကို ဂီဂီမုန်းသွားပြီ။ ဘယ်လောက်ထိ မုန်းသွားလဲဆို နောက်ဆုံး သူပြောခဲ့တဲ့စကားကိုကြည့်လေ. . .

"နင်နဲ့ငါနဲ့ တူလို့တန်လို့လား၊ နင့်လိုကောင်ကများ ငါ့ကို ချစ်သလေး၊ ဘာလေး ပြောရဲသေးတာ နင်မရှက်ပေမယ့် ငါရှက်တယ်၊ အေး. . . နောက်ဆုံးစကားပြောလိုက်မယ်"

"နင့်မျက်နှာ ငါမကြည့်ချင်ဘူး. . . ငါ့မျက်နှာလည်း ငါမကြည့်ချင်ဘူး. . . ဒါပဲ. . . တဲ့. . . "


အဲဒီလိုနဲ့

ကျော်ကို အသည်းကွဲခဲ့ရပါသည်။

◆ ◆ ◆

www.burmeseclassic.com





www.burmeseclassic.com



**နေရောင်**က ပုလင်းခေါင်းကိုထိပြီး အရောင်လက်နေတယ်။ ကျော်ကိုနှင့် ကောင်လေးတို့၏မျက်ဝန်းများ ခံစားမှုနေရောင်နှင့် မှိုင်းဝေနေ၏။ နှစ်ယောက်လုံး အသည်းကွဲသမားချင်းအတူတူမို့ တစ်ယောက်ကို တစ်ယောက် ဖေးကူသောက်ရင်းပေါ့. . . ။ နှစ်ယောက်လုံး ပြောစရာစကားတွေမဲ့ပြီး အရက်ခွက်ကိုသာ ချစ်သူမျက်နှာလိုသဘောထားကာ တစ်ခွက်ပြီး တစ်ခွက်သောက်မျိုနေကြသည်။ နှစ်ယောက်လုံး မူးတာမှ ဒေါင်ချာကိုစိုင်းနေတယ်။ အသည်းကွဲသမားချင်းအတူတူ မည်သူကမှ တစ်ခွက်ပိုမယူဘဲ တက်ညီလက်ညီတွယ်နေကြ၏။ သောက်ရင်း သောက်ရင်းနဲ့ ကောင်လေးပျို့တက်လာတယ်။ သူ့ပုံမှာ အရက်ကို ဆက်လက်သောက်သုံးရန် အင်အားအလွန်နည်းနေပုံရ၏။ သူ့အတိုင်းပဲ ကျော်ကိုကလည်း အရက်ခွက်ကို 'မ' လိုက်တိုင်း ကြို့ထိုးထိုးနေတယ်။

နှစ်ယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြ ၏။ အတော်ကြာမှ ကောင်လေးက မျက်လွှာလေးချပြီး. . .

"မွှိန်းမွှရှိတာ ဆောင်းလေပမာညီ. . . အတွင်းသဘော ဘယ်မတည် ပြောင်းလဲတတ်သည် ရှိတာတိတ်မန်ဒယ်ကွ . . . တူ့တမီးက ရှစ်ပါတယ်ရှိတာကို တူ့အမေက ဝင်ကလပ်တယ်. . . တူနဲ့ဘာဆိုင်လဲ ငါမဆင်း

www.burmeseclassic.com



လို့မေးပါတယ်”

“ဝုတ်ပ ဝုတ်ပ. . . ဒါကြောင့် ဘယ်ဆရာကြီးကဆိုလား. . ကွာ အွတ်. . . ယောက္ခမဆိုတာ. . . လေ့အဆင်း မြင်းအုန်းခွဲ . . . အွတ် ဆိုလား. . . ဆုံးမခဲ့ဖူးတယ်. . . ဒီ အဆုံးအမတွေ မရှိခဲ့ရင် . . . တစ်နေ့ တစ်နေ့ အသည်းကွဲပြီးသေတဲ့လူလည်း နည်းမှာမဟုတ်ဘူး. . . ”

ကျော်ကိုကလည်း သူသိသမျှကို ရောချနေတယ်။ အသည်းကွဲ သမားချင်းဆိုတော့ တစ်ယောက်ကဘာပြောပြော. . . နောက်တစ်ယောက် က အသည်းကွဲပုံစံနဲ့ပဲချဉ်းကပ်နေတော့ တော်ရုံတန်ရုံစကားလုံးဆိုလည်း အသည်းကွဲဖို့ အဆင်ပြေတယ်. . .

“အဲဒါကြောင့်နောင်လာနောင်သားတွေ ဒီလိုမဖြစ်ရအောင် ငါ ယောက္ခမဋ္ဌီကာကို ရေးထားတယ်ကွ. . .

“ကြိုက်တယ်ကွာ. . . ငါ့အိမ်က ပိုက်ဆံရောက်ရင်အွတ် . . . မင်းယောက္ခမကဗျာတွေစုပြီး အွတ်. . . ကဗျာစာအုပ်ထုတ်ပေးမယ်. . . ”

“ငါ. . . ငါ. . . မသောက်နိုင်တော့ဘူး. . . ”

ကောင်လေး၏ မဆီမဆိုင်ဝန်ခံစကားကို ကျော်ကိုကလည်း ကဇော်သမားပီပီ သက်ပြင်းချပြီး. . .

“ငါလည်း အွတ်. . . အဲဒီလိုပဲပြောမလို့. . . အွတ်. . . မနိုင် တော့ဘူးလို့ အွတ်. . . ”

ကောင်လေးသက်ပြင်းချတယ်။ ပြီးတော့ အရက်ပုလင်းကို ငေးကြည့်တယ်။ အရက်ပုလင်းထဲ သုံးချိုးနှစ်ချိုးလောက် ကျန်နေသေးတယ်။

“ဒါဆို ဒီဟာကျန်သေးတာ ဘယ်လိုလုပ်မလဲ. . ”

ကျော်ကို တစ်ချက်တွေဝေသွား၏။ ပြီးတော့ ပိုးလိုးပက်လက်လန်နေတဲ့ ပုလင်းသုံးလုံးကို စိတ်မကောင်းကြီးစွာ ငေးကြည့်တယ်။ အတန်ကြာမှ အားတင်းပြီး. . .

“ဒီလိုလုပ်ကွာ. . . တို့နှစ်ယောက် ဒီအတိုင်းသောက်နေရင် ဘယ်လိုမှ ကုန်တော့မှာမဟုတ်ဘူး အွတ်. . အကုန်မြန်သွားရအောင် အွတ်. . . မင်းလည်းငါ့ခွက်ကိုကူသောက် ငါလည်းမင်းခွက်ကို ကူသောက်မယ်. . မကောင်းဘူးလား. . . အွတ်. . . ”

ကျော်ကို့စကားကို ကောင်လေးသဘောကျသွားပြီး. . .

www.burmeseclassic.com



“အေး. . . ကောင်းတယ်. . . အဲဒီအကြံကောင်းတယ်။ ငါလည်း မင်းခွက်ကို ကူသောက်မယ်။ မင်းလည်း ငါ့ခွက်ကိုကူသောက်. . ။”

“အေး. . . ကောင်းပြီ. . ဒါမှသူငယ်ချင်းစိတ်ဓာတ်၊ တစ်ယောက် မနိုင်ရင် တစ်ယောက်ကူညီရမှာပေါ့. . . ”

“အေး. . . ဟုတ်တယ်ကွ. . . မင်း အိမ်ထောင်ကျရင်လည်း ငါ့ ကိုခေါ်နော်. . . မင်းမနိုင်ရင် ငါကူရအောင်. . . ”

“အောင်မာ. . . ဘာလို့ခေါ်ရမှာလဲကွ. . . မင်း အိမ်ထောင်ကျ ရင်ရော ငါ့ကိုခေါ်မှာမို့လား အွတ်. . . ”

“ခေါ်မှာပေါ့ကွ. . . ငါ့ယောက္ခမလောင်းကြီးက မုဆိုးမလို့ကြား တယ်. . . ဟား. . . ”

“အေး. . . ဒါဆို ငါ့ယောက္ခမလည်း မင်းဝိုင်းကူ၊ မင်း ယောက္ခမ လည်း ငါကူမယ်။ မကောင်းဘူးလား. . . ”

“ကောင်းပေ့ါကွာ. . . မင်္ဂလာကိုရှိသွားရော. . . ”

“ငါက မင်းမျက်နှာညိုနေရင် မနေတတ်ဘူးကွ. . . ”

“ငါ့မျက်နှာက နဂိုညိုကွ. . . မွေးရာပါညို. . . ”

နှစ်ယောက်သားမူးနေတော့ ဘာပြောလို့ပြောနေမှန်း မသိဘူး။ သူတို့ဟာသူတို့ အတိုင်အဖောက်ကို ညီနေ၏။

‘ကဲ. . . ရော့. . . ဒါငါ့ခွက်. . . မင်းကူသောက်. . . ’

ကောင်လေးကသူ့ခွက်ကို ကမ်းပေးတယ်။ ကျော်ကိုကလည်း သူ့ခွက်ကို ကောင်လေးထံ ပြန်လှမ်းပေးရင်း. . .

‘အေး. . . ဒါကငါ့ခွက်. . . ရော့. . . မင်းကူသောက်. . ’

‘အေး. . . ချရတာပေ့ါကွာ. . . ချီးယား. . . ’

‘ချီးယား. . . ။ အသည်းကွဲ အကူအညီ. . . ’

‘ရက်(စ်). . . ’

ဆိုပြီး နှစ်ယောက်သား ခွက်ကိုပြိုင်တူမော့ချလိုက်သည်။ ပြီးတော့ အားရဝမ်းသာဖြင့်. . .

“တော်သေးတာပေ့ါကွာ. . . ငါ့ခွက်မင်းကူသောက်လို့ . . . နောက်မို့ရင် ငါ့တစ်ယောက်တည်းဆို ကုန်မှာမဟုတ်ဘူး. . . ”

“အေး. . . ငါလည်းတစ်ယောက်တည်းဆို ဘယ်နိုင်မှာလဲကွ. .

www.burmeseclassic.com



မင်း ကူသောက်လိုသာတော်ရော့တယ်. . ဒီလို တစ်ယောက်ကိုတစ်ယောက် ကူညီသွားရင် ပြဿနာဆိုတာ အစတည်းကဘယ်ရှိနိုင်ပါ့မလဲ ဟုတ်ဘူးလား. . . . ”

“ဟုတ်ပ. . . ဟိုတုန်းကမသိခဲ့လို့ပေါ့. . . ”

“အေးလေ. . . အဲဒါဆို. . . မင်းရည်းစား ငါ့ရည်းစားဖြစ်၊ ငါ့ရည်းစား မင်းရည်းစားဖြစ်၊ ငါ့ယောက္ခမ မင်းယူ၊ မင်းယောက္ခမ ငါယူလိုက်ရင် ပြဿနာကအေးနေပြီ. . . ’

“ဟုတ်ပ. . . မင်းခေါင်းက အိုင်းစတိုင်းခေါင်းထက်ရော ကြက်ခေါင်းထက်ရော ပိုကောင်းတယ်ကွ. . . ”

“မင်းရဲ့ အကြံပေးချက်တွေလည်းပါလို့သာ ငါဒီလိုထောင့်စေ့အောင် တွေးနိုင်တာကွ. . . ”

“ကိုင်း ကိုင်း. . . လက်ကျန်လေး ဖြတ်လိုက်ရအောင်. . . ”

“ချီးယား. . . ”

“ယား. . . ”

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကျေးဇူးတွေတင်ပြီး ပျော်ပျော်ကြီးဆက်သောက်နေကြတယ်။ အမှန်တော့ သူတို့နှစ်ယောက်လုံး ခွက်ပြောင်းသောက်လိုက်ခြင်းအပြင် ဘာမှပိုထူးမသွားပါ။ သူ့ခွက်ကိုယ်သောက် ကိုယ့်ခွက်သူသောက်ဆိုတော့ အတူတူပဲပေါ့။

သို့သော် ပိုထူးသွားတာက နှစ်ယောက်လုံးပိုမူးသွားခြင်းပင်ဖြစ် ၏။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကူသောက်ရင်း နောက်ဆုံးလက်ကျန်တစ်လုံးပါ အကပ်အသပ်တောင်မကျန်တဲ့ ဘဝတောင်ရောက်သွားတယ်။ အားလုံးကုန်သွားမှ ကောင်လေးက. .

“ကဲ. . . အရက်တော့ကုန်ပြီ. . . ။ ဒီဟာရှင်းဖို့ကလဲ မင်းငါ့ကို ကူရှင်း၊ ငါလည်းမင်းကို ကူရှင်းမယ်. . . ”

“အေးကောင်းတယ်။ ငါပေးရမယ့် လေးရာခြောက်ဆယ့်ငါးကျပ် မင်းပေးလိုက်၊ မင်းပေးရမယ့် လေးရာခြောက်ဆယ့်ငါးကျပ် ငါပေးမယ်။ သဘောတူလား. . . ”

“တူပါ့ကွာ. . . တူပါ့. . . ဟေ့ ကောင်လေးရေ. . . ဒီမှာ ရှင်း

www.burmeseclassic.com



မယ်. . . ”

ဟုဆို၍ ပိုက်ဆံများကို စားပွဲထိုးလက် ဝကွက်အပ် လိုက်ကြသည်။

“ကဲ. . . ရှင်းပြီးပြီ. . . တို့အတူ ပြန်ကြရအောင်. . . ”

“အေး. . . ပြန်မယ်ဆိုမှ တို့နှစ်ယောက်က ပြန်လို့တောင်နိုင်ပါ့မလား. . . ”

ခေါင်းနှစ်လုံးက ဘယ်ညာစိုင်းနေကြသည်။

“ဘာလို့မနိုင်ရမှာလဲကွ. . . မင်းကငါ့ကိုတွဲ. . . ငါက မင်းကိုတွဲပြီး အတူတူပြန်ကြတာပေါ့. . . ”

“အေး. . . အဲဒီအကြံမဆိုးဘူး. . . မင်းလည်း ငါ့ကို တွဲထားနော်ငါလည်းမင်းကို တွဲထားမယ်. . . ”

“စိတ်ချပါကွ. . . မင်းလဲကျမလိုဖြစ်ရင် မင်းကိုယ်စား ငါလဲပေးမယ်. . . ငါလဲကျမလိုဖြစ်ရင်လည်း. . . ”

“ငါလဲပေးမှာပေါ့ကွ. . . မင်းကလည်း. . . မင်းနဲ့ငါဆိုတာ ကယောက္ခမချင်း အရင်းပြန်ထားတဲ့ဥစ္စာ. . . ”

“အေး. . . ဟုတ်တယ်. . . ငါ့ယောက္ခမ မင်းယောက္ခမ၊ မင်းယောက္ခမ ငါ့ယောက္ခမ. . . ”

“ဟုတ်ပ. . . ငါ့ပစ္စည်းမင်းသုံး၊ မင်းပစ္စည်းငါသုံးပဲဟာ. . . ကိုင်းသွားရအောင်. . . ”

“ငါက မင်းမျက်နှာညိုနေရင် မနေတတ်ဘူးကွ. . . ”

“ငါ့မျက်နှာက နဂိုညိုပါဆို. . . မွေးရာပါညိုဆို”

နောက်ဆုံးတော့ဆိုင်ကထပြီး တစ်ယောက်ပခုံး တစ်ယောက်ဖက်လိုက်တယ်။ ဒါပေမဲ့ အရှိန်လွန်အောင် မူးနေကြသူချင်းဆိုတော့ သူ့ ကြည့်လည်း ကိုယ်ကြည်ညို၊ ကိုယ့်ကြည့်လည်းသူကြည်ညို ဖြစ်နေကြသည်ဘဲ. . . ။ ဒါတောင် မကျေနပ်နိုင်ကြသေးဘဲ နှုတ်ဝယ်ဖွဖွ ရွတ်ကြသေး တယ်။

“ကြည်ညိုလွန်းလို့ပါကွာ. . . ” တဲ့. . . ။

◆ ◆ ◆

www.burmeseclassic.com



## နေညိုပြီ...

ဝိုးတဝါးသာရှိတော့သော အလင်းရောင်အောက်၊ ကောင်လေး နှင့် ကျော်ကို အသည်းကွဲတစ်ရှဉ်း အဆောင်လမ်းတစ်လျှောက် တစ် ယောက် ပခုံးတစ်ယောက်ဖက်ရင်း ရောက်လာ၏။ နှစ်ယောက်လုံးလည်း လမ်း တစ်လျှောက်၊ သူ့ကိုယ်စားကိုယ်လဲ ကိုယ့်ကိုယ်စားသူလဲနှင့် ဖုန်တွေ မှုန်ထနေသည်။ သူတို့၏ပါးများကတော့ တစ်ယောက်ကို တစ်ယောက် ကြည်ညိုပြီး ဘယ်လောက်တောင် မွှေးမွှေးပေးခဲ့ကြသည်မသိ။ ကောင်လေး ၏ညာ ဘက်ပါးတစ်ခြမ်းပြောင်နေပြီး၊ ကျော်ကို၏ ဘယ်ဘက်ပါးတစ်ခြမ်း ချိုင့်ပါ ချိုင့်ဝင်နေ၏။ နှာခေါင်းဒဏ်များကြောင့်ဖြစ်မည်။

"ကဲ. . . ခုအချိန်ကစပြီး မတ်မတ်လျှောက်မှ ဖြစ်တော့မယ်ကွ. . အဆောင်ရှေ့ရောက်ပြီဆိုတော့ သူများတွေ့ရင် ငမူးတွေဆိုပြီး အထင်သေး နေဦးမယ်. . . ဒီတော့ မှင်သေသေနဲ့ အဆောင်ရောက်တဲ့အထိ ဘယ်ညာ ပြိုင်တူလှမ်းကြမယ်. . ."

ကောင်လေး မည်သို့မည်ပုံ သဘောပေါက်သည်မသိ။ ကိုယ့် ကိုယ်ကိုယ်ပင် ဖြောင့်အောင်မရပ်နိုင်ဘဲ ဘယ်ညာလှမ်းဖို့ပြော၏။ ဒါကို ကျော်ကိုကလည်း မူးနေတာဆိုတော့ မလျှော့သောဇွဲလုံ့လဖြင့်. . .

www.burmeseclassic.com



"အေး. . . လှမ်းမယ်ကွာ. . . "

"လှမ်းတာကဟုတ်ပြီ. . . ဒါပေမဲ့ ခြေလှမ်းမှားတာနဲ့ နှစ်ယောက်လုံး အစကပြန်လှမ်းကြေး. . . "

"ကြိုက်ပြီဗျာ. . . "

ကျော်ကိုက ထောက်ခံ၏။ နှစ်ယောက်လုံး၏ ခေါင်းတွေက ရင်ဘတ်ရောက်သည်အထိ စိုက်ကျနေကြ၏။

"ကဲ. . . ဒါဆိုစမယ်. . . ရယ်ဒီ. . . "

ကောင်လေး၏ ရယ်ဒီဆိုသည်နှင့် နှစ်ယောက်လုံး ပခုံးဖက်ထားသောလက်များကို ဖြုတ်လိုက်သည်။ ကျော်ကိုက မတ်တတ်ပင် ကောင်းကောင်းမရပ်နိုင်သေးဘဲ ယိုင်တိုင်တိုင်နှင့် အနောက်ဘက်နှစ်လှမ်းခန့် ဆုတ်သွားသေး၏။ ပြီးမှ သူ့ကိုယ်သူ ငြိမ်အောင်ထိန်းလိုက်ပြီး. . .

"ဝမ်း တူး. . . သရီး. . . "

ဟုအော်လိုက်သည်။ ဒါကိုနှစ်ယောက်သား အတိုင်အဖေါက် ညီစွာ လှမ်းလိုက်ကြသည်။

"ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ. . . "

"ဟာ. . . ဟေ့ကောင် မင်းသွားနေတာ လမ်းမဘက်ကြီး. . . "

လေးလှမ်းလောက်လည်းရောက်ရော ကောင်လေးကထအော်၏။ ဟုတ်ပါသည်၊ ကျော်ကိုလှမ်းသွားသည်က လမ်းမဘက်၊ ကောင်လေးက အဆောင်ဘက်၊ အရှေ့နှင့်အနောက် တခြားစီဖြစ်နေ၏။ ထိုတော့မှ ကျော်ကိုလည်းအရက်ရှိန်ကြောင့် မှိတ်ထားသော မျက်လုံးကို ပြန်ဖွင့်ကြည့်ပြီး. . .

"ဆောရီးကွာ. . . ဆောရီး. . . ငါက အဆောင်ဒီဘက်မှာမှတ်နေတာ အဟဲ. . . "

သူ့စကားကို ကောင်လေးက သူမမူးသေးဘူးဆိုတဲ့ ဟန်မျိုးနဲ့

"အဲဒါကြောင့်မင်းကိုပြောတာ လျှော့သောက်ပါဆို. . . "

ဒါကို ကျော်ကိုကလည်း မလျှော့. . .

"ဟ. . . ငါလည်း လျှော့သောက်တာပဲကွ. . . "

"ဘာလဲကွ. . . လုံချည်လား. . "

"မဟုတ်ဘူး. . . လူ. . . ။ အရင်က သုံးယောက်တစ်လုံးနှုန်း၊

www.burmeseclassic.com



အခု သုံးလုံးတစ်ယောက်နှုန်း. . .။ ပုလင်းတိုးပြီး လူကိုလျှော့လိုက်တာ. . ."

"ကဲ. . . ကဲ. . . တော်ကွာ. . . ပြန်စလှမ်းမယ်. . ."

"အေး လှမ်းမယ်. . . ရယ်ဒီ. . ."

နှစ်ယောက်သား ယိုင်တိုင်တိုင်နှင့် ပြန်ရပ်၏။ ပြီးမှ. . .

"ကဲ. . . စလှမ်း. . ."

"ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ. . ."

လေးလှမ်းလောက်ပဲရှိသေးသည်။ ကောင်လေးက အရှေ့နှစ်လှမ်းခန့် စိုက်ကျသွားသဖြင့်

"ဟေ့ကောင်. . . မင်းခြေလှမ်းမှားသွားပြီ. . ."

ကျော်ကို ကထအော်၏။ ဒါကို ကောင်လေးက ပြုံးဖြီးဖြီးနှင့်. . .

"အေးဟုတ်တယ်. . . ငါမှားသွားတယ်. . . ဒါဆို. . ."

"အစကပြန်လျှောက်ရမယ်လေ. . . ကတိအတိုင်း. . ."

"အေး. . . အစကပြန်လျှောက်ကြမယ်. . ."

ဆိုပြီး. . ခုနကရပ်ခဲ့သည့်နေရာကို နှစ်ယောက်သား ပြန်သွားကြသည်။ ပြီးတော့ ခြေထောက်တွေကို ငြိမ်အောင်ထိန်းပြီး. . .

"ကဲ. . . ပြန်စမယ်. . . ဝမ်း တူး. . . သရီး. . ."

"ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ၊ ညာဘယ်. . . အား. . . မှားသွားပြန်ပြီ. . ."

ကျော်ကိုက သူ့ဘာသာသူ ဘယ်ညာအော်ပြီး ညာဘယ်နှင့် မှားသွား၏။ ဒါကိုကောင်လေးက. .

"ကဲ. . . မှားသွားရင်လည်း ပြန်စရအောင်၊ မင်းတစ်ခါ ငါတစ်ခါဆိုတော့ ကျေပြီနော်. . ."

"အေး. . . ကျေပြီ. . ."

နှစ်ယောက်သား ဆုံမှတ်ကို ပြန်လျှောက်လာကြ၏။ လူများကတော့ သူတို့နှစ်ယောက် ဘာလုပ်နေတာလဲဟူသော စူးစမ်းစိတ်နှင့် ဝိုင်းကြည့်နေကြသည်။ သူတို့နှစ်ယောက်ကတော့ ထိုအဖြစ်ကိုဂရုမစိုက်မိသေး. . .

"ကဲ. . . စမယ်. . . စ. . . လှမ်း. . ."

www.burmeseclassic.com



"ဘယ်ညာ၊ ဘယ်ညာ. . . "

"အာ. . . မှားသွားပြန်ပြီ. . . "

"တောက်. . . မင်းခြေထောက်ကိုက အသုံးမကျပါဘူး. . . "

"အေးကွာ. . ဖြစ်နိုင်ရင် ဟိုဘက်အဆောင်က မြမြဝင်းပေါင်လေးနဲ့တောင် ဖြုတ်လဲထားချင်တယ်. . . "

"အာ. . . မဖြစ်နိုင်ပါဘူးကွာ. . . မင်းခန္ဓာကိုယ်မည်းမည်းမှာ မြမြဝင်းပေါင် ဖွေးဖွေးလေးတပ်ထားရင် ထုံးတစ်ဝက်နှစ်ထားတဲ့ ရှားနှစ်တုတ်လိုဖြစ်နေမှာပေါ့. . . "

"အဲဒါကောင်းတာပေါ့ကွ. . . တူးဖီး(လ်) Two Feel . . . "

"ကဲ . . . လဲချင်ရင်လည်း နောက်မှလဲ. . . အခုပြန်စလှမ်းကြရအောင် . . . "

'အေး. . . ပြန်စမယ်. . . ဒီတစ်ခါမမှားကြေး. . . '

'အေး. . . မမှားကြေး. . . '

'ကဲ. . . စ . . . လှမ်း. . . '

'ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ. . . အာ. . . ငါမှားပြီကွ. . . '

'ဟာ. . . မင်းကလဲကွာ. . . '

'တောက်. . . ဒီခြေထောက်ကိုက အသုံးမကျတာ. . . '

'ကဲ. . . ပြန်လှမ်းရအောင်. . . '

'အေး. . . ဒီတစ်ခါ မမှားကြေး. . . '

'ကဲ. . . ဝမ်း တူး သရီး. . . '

'ဘယ်ညာ၊ ဘယ်ညာ၊ ဘယ်ညာ. . . '

'အာ. . . မှားသွားပြန်ပြီ. . . '

'အာ. . . မင်းကလဲ. . . '

'ဘယ်တတ်နိုင်မှာလဲကွ. . . '

'. . . . . . . . . . . . . . .'

'. . . . . . . . . . . . . . .'

'. . . . . . . . . . . . . . .'

ဤသို့ဖြင့် မိုးစုန်းစုန်းချုပ်လာသည်။ အဆောင်သူ အဆောင်သား

www.burmeseclassic.com



များအဆောင်ထဲပြန်ဝင်ကြပြီ. . .။ သူတို့နှစ်ယောက်ကတော့ ခဲတတ်တိုင် တစ်တိုင်ပင် မကျော်နိုင်သေး. . .။ ဘယ်သို့ကျော်နိုင်မည်နည်း။ နှစ်ယောက်စလုံးက မူးနေတာမှယိမ်းထိုးနေကြသည့်အပြင် တစ်ယောက်ကို တစ်ယောက် တွဲမှီထားတာမှ မဟုတ်တော့ပဲကိုး. . .

အတန်ကြာမှ အပျိုကလေးများ အရမ်းကြီးအော်ငိုတဲ့ ဘိုကလေးသား ကန်းထရီးကျော်ကိုက. . .

'ကဲ. . . ဒီအတိုင်းဆို တို့တွေအဆောင်ရောက်တော့မှာ မဟုတ်ဘူး. . . အဆောင်ကို အမြန်ရောက်တဲ့နည်းတစ်ခု ပြောင်းရအောင်. . .'

'အေး. . . ကောင်းတယ်. . .။ ဘယ်လိုပြောင်းမှာလဲ. . .'

'ဒီကနေအဆောင်ထိ ရယ်ပြီး ပြေးမယ်ကွာ. . . အပြေးလည်း မရပ်ကြေး၊ အရယ်လည်းမရပ်ကြေး၊ ရပ်တဲ့လူအရှုံး. . .'

'အေး. . . ကောင်းတယ်. . . ရှုံးတဲ့သူက ယောက္ခမပေးကြေး'

ကျော်ကို့စကားကို ကောင်လေးကထောက်ခံ၏။ ဒါကို ကျော်ကိုက သူ့တွင်မရှိသောရင်ကို ကော့ပြီး. . .

'ရှုံးတဲ့သူ ယောက္ခမပေးကြေးဆို မလောင်းတော့ဘူး ငါအရှုံးခံလိုက်မယ်. . .'

'ဟ. . . ဖြစ်မလားကွ အဲဒါဆို ငါလည်းအရှုံးခံချင်တာပဲ. . .'

'ဒါဆို ရှုံးတဲ့သူက ယောက္ခမယူကြေး. . .'

'အေး ဟုတ်ပြီ. . . ဒါဆိုလည်းမင်းအကျောပေးတဲ့အနေနဲ့ ငါ့ယောက္ခမ အထီးရော၊ အမရောထပ်တယ်. . .'

'အေး. . . လောင်းမယ်ကွာ. . . ဒါဆိုလည်းနှစ်ယောက် တစ်ယောက်ပေါ့. . . ငါ့မှာလဲ ယောက္ခမပိုနေတာနဲ့ အတော်ပဲ. . .'

'ကဲ. . . ဒါဆိုစမယ်. . .'

'အေး. . . စမယ်. . .'

နှစ်ယောက်စလုံး နေရာယူလိုက်ကြသည်။ ကုန်းကုန်းကွကွနှင့် အပြေးသမားစတိုင်(လ်)မျိုး. . . .

'တစ်. . .'

နှစ်ယောက်လုံး မြေကြီးလက်ဖျားထောက်၍ ကုန်းတက်လာ၏။

'နှစ်. . .'

www.burmeseclassic.com



နှစ်ယောက်စလုံး ခေါင်းကိုမော့၍ အားယူလိုက်သည်။

'သုံး. . . '

သုံးဟူသောအော်သံကြားသည်နှင့် နှစ်ယောက်စလုံး အားယူပြေးလိုက်ရာ. . .

'ဖုန်း. . . ဖုန်း. . . '

ဟူသောအသံနှင့်အတူ နှစ်ယောက်လုံး ကျွမ်းထိုးလိမ့်ကျသွားလေသည်။ ပြီးတော့ နှစ်ယောက်လုံး ဖုတ်ဖက်ခါထပြီး ပြုံးဖြီးဖြီးနှင့် . . .

'ငါက မင်းကိုယ်စား လဲပေးတာကွ အဟဲ. . . '

'အေး. . . ငါလည်း မင်းလဲမှန်းသိလို့ မင်းကိုယ်စားလဲပေးတာ အဟီး. . . '

'ငါက မင်းမျက်နှာညှိုနေရင် မနေတတ်ဘူးကွ. . . '

'င့်မျက်နှာက နဂိုညှိုကွ. . . မွေးရာပါညှိုပါဆို. . . '

'ကဲ. . . ဒါဆိုကျေပြီ. . . ကဲပြန်စမယ်. . . '

'အေး. . . ပြန်စမယ်. . . ဒါပေမဲ့ ဒီတစ်ခါတော့ ခုနတုန်းကလို ကုန်းကုန်းကွကွလုပ်လို့မဖြစ်ဘူး. . . မတ်မတ်ပဲပြေးမှဖြစ်မယ်. . . '

'ဘယ်လိုပြေးပြေးပါကွာ. . . စည်းကမ်းချက်နဲ့ညီရင် ပြီးရော. . . အရယ်ကိုလည်း မရပ်ရဘူးနော် ဟေ့. . . '

'ငါသိပါတယ်ကွ. . . ပြန်စမယ်. . . '

'တစ်. . . '

နှစ်ယောက်လုံး အသင့်ပြင်ကြသည်။ ကုန်းကုန်းကွကွမဟုတ် ခပ်မတ်မတ်သာ. . .

'နှစ်. . . '

ခြေလှမ်းပြင်ကြသည်။

'သုံး. . . '

'ဟား ဟား ဟား ဟီး ဟီး ဟီး ဟား ဟား. . . '

'ဟား ဟား ဟား. . . ဟိုး ဟိုး ဟိုး. . . ဟား ဟား ဟား. . အပေး ပေး. . . '

နှစ်ယောက်လုံး အသားကုန်ရယ်ရင်းပြေးကြသည်။ အရယ်လည်း မရပ်အပြေးလည်းမရပ်ဘဲ အဆောင်လမ်းတစ်လျှောက် နှစ်ယောက်သား

www.burmeseclassic.com



ခြေကုန်သုတ်ကြသည်။

'ဟား ဟား ဟား ဟား. . . ဟား ဟား ဟား ဟား. . .'

'ဟား ဟား ဟား ဟား. . . ဟား ဟား ဟား ဟား. . .'

နှစ်ယောက်လုံး၏ ရယ်သံများ ဝန်းကျင်တစ်ခုလုံးပျံ့နှံ့နေသည်။ သူတို့နှစ်ယောက် အပြေးလည်းမရပ်၊ အရယ်လည်းမရပ် ဒုန်းစိုင်းနေတုန်း. . .။သူတို့၏ရယ်သံကြောင့် ခေါင်မိုးတံစက်မြိတ်တွင် နားနေသော ခိုငှက်တို့လန့်ပျံကြ၏။ သူတို့နှစ်ယောက်က ရယ်မောရင်း ဒုန်းစိုင်းနေတုန်း။ သူတို့ရယ်သံကြောင့် လမ်းတွင် ပေတေလေလွင့်နေသော ခွေးလေခွေးလွင့်တို့လန့်ပြီး သံပြိုင်အူကြသည်။ သူတို့ကရယ်ရင်း ပြေးနေတုန်း. . .

'ဟား ဟား ဟား ဟား. . . ဟား ဟား ဟား ဟား. . .'

'ဟား ဟား ဟား ဟား. . . ဟား ဟား ဟား ဟား. . .'

အဆောင်ရှေ့လည်းရောက်ရော ကောင်လေးခြေလှမ်းကို ရပ်လိုက်သည်။

'ရောက်ပြီ၊ ရောက်ပြီကွ. . . ငါအရင်ရောက်ပြီ. . . ဟားဟား ကျော်ကို. . . မင်းရှုံးပြီ. . .'

ဟုအော်ရင်း သူ့ဘေးမှပြေးလာသော ကျော်ကို့ကို ကြည့်လိုက်သည်။ သူ့နံဘေးတွင် ဘယ်သူမှမရှိ။

'ဟင်. . .'

ကျော်ကို့ကိုမတွေ့ရတော့ ကောင်လေးအံ့အားသင့်သွား၏။

'ဟင်. . . ကျော်ကိုဘယ်ရောက်သွားပါလိမ့်. . .'

သူအနီးအနား ဝေ့ကြည့်လိုက်သည်။ ကျော်ကို၏ အရိပ်အယောင်ပင်မမြင်ရ. . .

ဒီကောင်တစ်နေရာရာမှာကျန်ခဲ့တာများလားဟု စိတ်ကူးမိပြီး အနောက်ဘက်သို့လှည့်၍. . .

'ကျော်ကိုရေ. . . ကျော်ကို. . . မင်းဘယ်မှာ ကျန်ခဲ့တာလဲကွ. . . ကျော်ကို. . .'

ဟုအော်သည်။ ဒါကိုပြန်ကြားရသည့် အသံက. . .

'ငါဒီမှာ ဟေ့ကောင်. . ဒီမှာ. . . ဒီနားမှာ. . .'

အသံက သူ့အနီးအနားမှာတင်. . . ကောင်လေးဘေးဘီ ထပ်မံ

www.burmeseclassic.com



ဝေ့ကြည့်လိုက်ပြန်သည်။ အသံကြား၍ ကျော်ကို့ကိုမတွေ့ရသေး. . .။ ထို့ကြောင့် ကောင်လေး သူ့အာပြဲကြီးနှင့် အသံထပ်မြှင့်၍ အော်သည်။

'ဘယ်နားမှာလဲကွ. . . ငါမင်းကိုမတွေ့ရဘူး. . .'

'မြောင်းထဲမှာကွ. . . မြောင်းထဲမှာ. . . ငါမြောင်းထဲကျနေတာ. . .'

'ဟင်. . .'

ထိုတော့မှ ကောင်လေးအံ့အားသင့်ပြီး နံဘေးမှမြောင်းထဲ ငုံ့ကြည့်လိုက်ရာ. . .

'ကျော်ကို. . .'

ရွှံ့ဗွက်တွေပေလူးနေသော ကျော်ကို. . . မြောင်းထဲတွင် လိမ့်ထွက်နေ၏။ ဗွက်ပေနေသော ကျော်ကို့ကိုမြင်တော့ ကောင်လေးအူမြူးသွားပြီး. . .

'ဟား ဟား. . . မင်းတစ်ကိုယ်လုံး ဗွက်တွေနဲ့ကွ ဟား ဟား . . . ဗွက်ပေကျော်ကို. . . ဗွက်ပေကျော်ကို. . . အပျိုကလေးများ နှပ်ချွေအော်ဝိုတဲ့ ဘိုကလေးသား ဗွက်ပေကျော်ကိုကွ. . . ဟား ဟား . . .'

ဟုအော်ဟစ်ရယ်မောလေသည်။ ဒါကို ကျော်ကိုကလည်း မြောင်းထဲကထလာပြီး. . .

'အော်. . . မင်းကရယ်တယ်ပေါ့ ဟုတ်လား အေး. . . မင်းနဲ့ငါ ကယောက်ခ္ခမချင်းတောင်လဲထားတာဆိုတော့ ငါဗွက်ပေသလို မင်းလည်း ပေရမယ်. . . ကဲကွာ ငါလာပြီကွ ဟား ဟား. . .'

ဟုဆို၍ မြောင်းထဲကတက်ပြီး ကောင်လေးကို ဗွက်နဲ့တက်သုတ်၏။ ထိုတော့မှ ကောင်လေးမျက်လုံးပြူးသွားပြီ. . .

'ဟာ. . . ဟေ့ကောင်. . . မလုပ်. . . မလုပ်နဲ့ဟ. . . ငါ့ပါပေကုန်မယ်. . . ဟ. . . ဟ. . . မလုပ်ပါနဲ့ဟ. . .'

ဟုအော်ရင်း လှည့်ပတ်ပြေးလေသည်။ ကျော်ကိုကလည်း အလျှော့မပေးဘဲ ကောင်လေးကိုလိုက်ဖမ်းရင်း. . .

'ဟေ့ကောင်မပြေးနဲ့. . . ငါပေသလို မင်းပေရမယ်ကွ. . . ဟား ဟား. . .'

'ဟ ဟ. . . ဟေ့ကောင် မလုပ်နဲ့ဟ. . . မလုပ်နဲ့ . . . ငါ ပေကုန်

www.burmeseclassic.com



မယ်. . . ဟာ. . . ဟော့ကောင်. . . '

'ဟားဟား မိပြီကွ. . . မိပြီ. . . ကဲမင်းဘာတတ်နိုင်သေးလဲ. . . '

ပြေးရင်းပြေးရင်း ကျော်ကို ကောင်လေးကိုမိသည်နှင့် အတင်းဖမ်းဆွဲထားပြီး ခါးမှနေ၍သိုင်းဖက်ထားလိုက်၏။

'ဟ. . . ဟ. . . မလုပ်နဲ့ လွှတ်ပါဟ. . . ဒီမှာပေကုန်ပြီ. . . ဟပေ ကုန်ပြီ. . . '

ကောင်လေးက အတင်းရုန်းသည်။ ကျော်ကိုက မလွှတ်ပေးဘဲ အတင်းဖက်ထား၏။

'ပေပါစေကွာ. . . ပေအောင်လုပ်တာပဲ. . . '

'ဟ. . . မင်းပေအောင်လုပ်တာက အကြောင်းမဟုတ်ဘူး. . . ငါ့အလှတွေ. . . ပျက်. . . ပျက်. . . ဟာ. . . '

ကောင်လေး၏ စကားသံမဆုံးလိုက်။ သူကလည်းအတင်းရုန်း. . . ကျော်ကိုကလည်း အတင်းဆွဲထားသည့်အတွက် နှစ်ယောက်လုံး အရှိန်မထိန်းနိုင်တော့ဘဲ လမ်းဘေးမြောင်းထဲ ဝုန်းခနဲ လုံးထွေးကျသွားလေတော့၏။

'ဟ. . . ဟ. . ကျပဟ. . . ဟာ. . . သွားပါပြီ. . . ပေကုန်ပြီ'

ကောင်လေး ရေမြောင်းထဲမှ ကုန်းရုန်းထရင်းပြောသည်။ ဒါကို ကျော်ကိုက သဘောကျစွာရယ်ရင်း. . .

'ဟား ဟား. . . ပေပါစေပေါ့ကွ. . . ရွှံ့ဗွက်ပေတာပဲ အထူးအဆန်းလုပ်လို့ . . . '

'မင်း ရွှံ့ဗွက်ပေတာအကြောင်းမဟုတ်ဘူး. . . ငါကအသန့်ကြိုက်တာ. . . '

'ဘာကွ မင်းလားအသန့်ကြိုက်တာ ညှင်းထူကောင်ကများ . . . ကဲကွာ. . . '

ဟုဆိုပြီး ကျော်ကိုကကောင်လေးကို ပြေးဖက်လိုက်ပြန်သည်။ သူပြေးဖက်လိုက်သောအရှိန်ကြောင့် နှစ်ယောက်လုံးအရှိန်လွန်ပြီး ဗွက်ထဲ ဝုန်းခနဲ ကျသွားပြန်လေသည်။ နှစ်ယောက်သား ရွှံ့ဗွက်ထဲလုံးထွေးနေပြန်၏။ ထိုတော့မှ ကောင်လေးကလည်း. . .

'အော်. . . မင်းက ငါ့ကိုပေစေချင်တယ် ဟုတ်လား. . .

www.burmeseclassic.com



အေး. . . ငါကလည်း မင်းကို ပြန်ပေအောင်လုပ်ရမှာကျေနပ်မယ်. . . ကဲ. . . ငါလာပြီ ဟေ့. . . '

ဆို၍ ကျော်ကို့ကိုလှမ်းဆွဲပြီး ဗွက်ထဲ ပယ်ပယ်နယ်နယ် နပန်းလုံးချလိုက်ပြန်သည်။

'ဟား ဟား ကြိုက်ပဟေ့. . . မင်းကလုံးတော့ ငါကလည်း ဘာလို့ မလုံးပဲနေရမှာလဲ. . . ကဲဟာ. . . '

နှစ်ယောက်သား အော်ဟစ်ရယ်မောရင်း ရွှံ့ဗွက်ထဲမထတမ်း လုံးထွေးနေကြပြန်သည်။ လုံးရင်းလုံးရင်း နှစ်ယောက်သား မောဟိုက်လာကြ၏။



www.burmeseclassic.com



အတန်ကြာမှ ကောင်လေးက ဗွက်ထဲမှရုန်းထပြီး. . .

'ဟေ့ကောင် နေဦးကွ. . .'

'ဘာလဲ. . .'

ကျော်ကိုက ကောင်လေးကိုပစ်ရန် ရွှံ့ဗွက်များကိုဆုပ်ကိုင်ရင်း ပြန်မေး၏။ ကောင်လေးက တစ်ချက်စဉ်းစားလိုက်ပြီး. . .

'နေဦးကွ. . . မင်းရောငါရော အခုဆိုရွှံ့ဗွက်တွေ ပေကုန်ပြီ. . .'

'အေးလေ. . . အဲဒါဘာဖြစ်လို့. . .'

ကျော်ကိုက စိတ်မရှည်နိုင်စွာ ပြန်မေး၏။ သူ့လက်ထဲတွင်လည်း ကောင်လေးကိုပစ်ရန် ဗွက်တစ်ဆုပ်ကြီးနှင့်။ ကောင်လေးက ကျော်ကို၏ အမေးကို ရုတ်တရက်အဖြေမပေးသေးဘဲ ဆရာကြီးဟန်နှင့် ခါးထောက်လိုက်သေး၏။ ပြီးမှ. . .

'ငါစဉ်းစားမိတယ်. . . တို့နှစ်ယောက်ထဲရွှံ့ပေနေရင် ကျန်တဲ့ဗွက်မပေသေးတဲ့သူတွေအတွက် မတရားရာများကျနေမလားလို့. . .'

'အဲဒီတော့. . .'

'အဲဒီတော့ လာသမျှလူကို ရွှံ့တွေနဲ့တက်သုတ်ပစ်မယ်ကွာ. . . ဒါမှ အားလုံး တို့နဲ့တူသွားမှာ. . .'

ကောင်လေး၏စကားကို ကျော်ကိုကလည်း အားရဝမ်းသာဖြင့်. . .

'အေး. . . ကောင်းတယ်ကွာ. . . မင်းအကြံကောင်းတယ်. . လာသမျှလူရွှံ့နဲ့တက်သုတ်မယ်. . . လူသားအားလုံး ရွှံ့ပေစေရမယ်ကွ ဟား ဟား . . .'

ဆိုပြီး အားရဝမ်းသာထောက်ခံ၏။

'ကဲ. . . ဒါဆို. . . မင်းကဟိုဘက်မြောင်းမှာဝပ်နေ၊ ငါက ဒီဘက်မြောင်းမှာဝပ်နေမယ်။ လူလာရင်သာ လက်မနှေးစေနဲ့ . . .'

'အေး. . စိတ်ချပါကွာ. . . မင်းသာပီပြင်အောင် ဂရုစိုက်. . .'

ဆိုပြီး နှစ်ယောက်သား ရေမြောင်းထဲဆင်း၍ဝပ်ပြီး အဆောင်လမ်းကိုချောင်းနေကြ၏။

ညကလည်းမှောင်ရီပျိုးစမို့ အဆောင်ထဲက လူဝင်လူထွက်မရှိလှတော့။ သို့သော် သူတို့နှစ်ယောက်ကတော့ မျှော်လင့်ချက်ကြီးစွာသော

www.burmeseclassic.com



မျက်လုံးမျိုးနှင့် အဆောင်ဘက်လှမ်းကြည့်နေ၏။

ခုံးမျက်စလဝန်းခြမ်းသည် အမှောင်ကိုအားပြု၍ အရှေ့အရပ်မှ အနောက်အရပ်သို့ စိုင်းပြင်းရန် ခြေလှမ်းကိုစလိုက်သည်။ တဖွဲဖွဲ ကြယ်ပွင့်များသည်လည်း ကောင်းကင်သို့ အဆုပ်လိုက်ကျဲဖြန့်လိုက်သလို ဟိုတစ်စ ဒီတစ်စပေါ်ထွက်လာကြ၏။ ပုစဉ်းရင်ကွဲအော်မြည်သံ၊ ဖားလက်တက် အော်သံတို့သည်လည်း မိုးဥတု၏ညခင်းကို သီချင်းသံအဖြစ်ဖန်ဆင်းရင်း ကောင်းကင်ကိုချော့သိပ်ရန် ကြိုးပမ်းနေကြသည်။

မည်းမည်းညိုနေသော အဆောင်ကြီးသည် နတ်ဆိုးတစ်ကောင် ဆောင့်ကြောင့်ထိုင်နေသကဲ့သို့ ညိုမှောင်ဟီးထနေ၏။ အဆောင်ထဲမှ သီချင်းသံများ ဟိုတစ်စသည်တစ်စ ကျဲပြန့်နေသည်။ လှုပ်ရှားမှုများက ငြိမ်သက်နေတုန်း. . .။ ကျော်ကိုနှင့် ကောင်လေးတို့ကတော့ ရေမြောင်းထဲမှနေ၍ အရောင်လက်သော မျက်လုံးများနှင့် အဆောင်ဘက်သို့မျှော်ကြည့်နေကြသည်။

သူတို့မျှော်နေတုန်းမှာပင် ဖျတ်ခနဲ အဆောင်တံခါးဖွင့်သံကြားရ၏။ ထိုတံခါးဖွင့်သံကြောင့် လမ်းတစ်ဖက်တစ်ချက် ရေမြောင်းကိုယ်စီဝပ်နေကြသော ကောင်လေးနှင့် ကျော်ကိုတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

'ဟေ့ကောင်. . . သိပ်မလှုပ်ရှားနဲ့ ငြိမ်ငြိမ်နေ. . . အားလုံးရိပ်မိကုန်မယ်. . .'

ကောင်လေးက ကျော်ကို့ကို လေသံနှင့်သတိပေး၏။ ဒါကို ကျော်ကိုကလည်း အားတက်သရောဖြင့်. . .

'အေး. . . မင်းလည်းမလှုပ်နဲ့နော်. . . ဒီဘက်လာရင်သာ ပိပြင်ပါစေ. . .'

'စိတ်ချ မင်းသာအပိုင်လုပ်. . .'

ဟုဆို၍ ရေမြောင်းထဲ မိကျောင်းတစ်ကောင်လို ပြန်ငြိမ်နေကြ၏။ သိပ်မကြာလိုက်ပါ။ အဆောင်ထဲမှထွက်လာသော လူတစ်ယောက်။ မည်းမှောင်မှောင်ညအရောင်ကြောင့် မည်သူမည်ဝါ မသဲကွဲ. . .။

ကျော်ကိုနှင့်ကောင်လေးအဖို့ကတော့ ကိစ္စမရှိ။ မည်သူမဆို ဗွက်နှင့် တက်ပွတ်မည်။ အဓိကက လာသမျှလူ ဗွက်ပေဖို့သာ. . .။

သူတို့၏အကြံကို မရိပ်မိသော အဆောင်ထဲမှလူသည် ဖြည်းလေး

www.burmeseclassic.com



အေးဆေးသောခြေလှမ်းမျိုးနှင့် သူတို့ဘက်ဦးတည်လာ၏။ ထိုသူ၏စိတ်ထဲတွင်တော့ အဆောင်လမ်းကလေးပေါ် ချစ်သူနှင့်လေညင်းခံထွက်နေရသလို ခံစားရ၍လားမသိ။ သီချင်းလေးပင် ခပ်အေးအေးညည်းလာသေး၏။ ထိုသူအနီးနားရောက်လာတော့ ကျော်ကိုမှ ကောင်လေးကို ချွတ်ခနဲအသံပေး၏။ ထိုအသံကြား၍ထင့် လမ်းလျှောက်လာသူ ခြေလှမ်းတန့်ပြီး ဘေးဘီဝေ့ကြည့်သည်။ ထိုသူဝေ့ကြည့်တော့ ကျော်ကိုက နံဘေးကမြက်ဖုတ်တစ်ဆုပ်ယူပြီး သူ့မျက်နှာကိုကွယ်ထားလိုက်သည်။ အမှန်တော့ သူကွယ်မထားလျှင်လည်း သူ့မျက်နှာညိုကြီးကို ထိုသူမြင်မည်မဟုတ်။ သို့သော် စိုးရိမ်စိတ်ဖြင့် ကွန်မန်ဒိုကားထဲက အာနိုးလို အပီအပြင်ကွယ်နေလိုက်၏။

လမ်းလျှောက်လာသူမှာ ဘေးဘီမှဘာမှလှုပ်ရှားမှုမရှိ၍ သက်ပြင်းချပြီးပြန်လျှောက်လာသည်။ ကျော်ကိုမှ ချွတ်ခနဲအသံ ထပ်ပြုပြန်၏။ ကောင်လေး ရေထဲမှနှာခေါင်းသာဖော်ပြီး ရွှံ့ဗွက်များကိုပယ်ပယ်နယ်နယ်နှိုက်၍ အသင့်ပြင်လိုက်သည်။

လမ်းလျှောက်လာသူလည်း သူတို့ရှေ့ရောက်ရော. . 'ဟေး. . . လာပြီကွ'ဟူသော အော်သံနှင့်အတူ နှစ်ယောက်သား ရေမြောင်းထဲမှထ၍ ထိုသူထံ အားကုန်ပြေးဝင်သွားသည်။

သူတို့နှစ်ယောက်ကိုရုတ်တရက်မြင်တော့ လမ်းလျှောက်လာသူလည်းလန့်ပြီး ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ ကြောင်ငေးကြည့်နေ၏။

နှစ်ယောက်သား ရရှိသည့်အခွင့်အရေးကို လက်လွတ်မခံဘဲ လက်ထဲဆုပ်ကိုင်လာသောရွှံ့များဖြင့် ထိုသူ့ထံပစ်ပေါက်ရင်း ပြေးဝင်သွားကြ၏။

'ချဟ. . . ပစ်ပစ်. . . ထိအောင်ပစ်. . .'

'လာပြီဟေ့ ဒါကနဖူး. . .'

ဗွက်တွေက လေထဲဝဲပျံပြီး ထိုသူ့နေရာစုံသို့ ထိမှန်နေ၏။

ထိုတော့မှ လမ်းလျှောက်လာသူလည်း သတိပြန်ဝင်ပြီး. . .

'ဟ ဟ. . . ဘာဖြစ်တာလဲဟ. . .'

ဆိုပြီးအဆောင်သို့လှည့်ပြေးရန်ပြင်၏။ ကျော်ကိုနှင့် ကောင်လေးကလည်း အလွတ်မခံဘဲ 'ဟိုင်းယား' ဟုညာသံပေး၍ ဗွက်ပေနေသောခန္ဓာကိုယ်များဖြင့် ထိုသူ့ကိုအတင်းဝင်လုံး၏။

www.burmeseclassic.com



'ဟ ဟ. . . မလုပ်ပါနဲ့ဟ. . . ဘယ်သူတွေလဲဟ. . '

ဟူသောအော်သံများနှင့်အတူ ထိုသူအတင်းရုန်း၏။ ကျော်ကိုနှင့် ကောင်လေးကလည်း လုံးဝမလွှတ်ဘဲ သူတို့ခန္ဓာကိုယ်တွင် ပေနေသော ဗွက်များဖြင့်ထိုသူကို အတင်းနပန်းလုံးရင်း လိုက်ပွတ်၏။

'ဟာ. . . ဟေ့ကောင်တွေ. . . မလုပ်. . . မလုပ်ပါနဲ့ အ ပေ. . . ပေကုန်ပြီဟ. . . ဟဟ. . . ဘာလဲဟ. . . ပေပြီဟ. . . '

ထိုသူလည်း အော်ရင်းအတင်းရုန်း၏။ ဒါကို ကျော်ကိုနှင့် ကောင်လေးက ဝမ်းသာအားရရယ်ပြီး. . .

'ဟေ့ကောင် အပီအပြင်ပွတ်ပါဟ. . . မင်းပွတ်တာ မထိရောက် လိုက်တာ. . . '

'ငါလည်း ပွတ်တာပဲဟ. . . ကိုင်းဟာ. . . ကိုင်းဟာ. . . '

'ဟ ပေကုန်ပြီဟ. . . လုပ်ကြပါဦးဟ. . . '

ထိုသူအကြောက်အကန်ရုန်းရင်း အော်၏။ ဒါကို ကျော်ကိုနှင့် ကောင်လေးက စိတ်ကြိုက်ပွတ်နေရာမှ. . .

'ဟား ဟား ပေပါစေပေါ့ဗျ. . . ပေစေချင်လို့သုတ်တာ. . ဟေ့ ကောင် . . . တစ်ကိုယ်လုံးကို သုတ်ပါဟ. . . '

'သုတ်ပါတယ်ကွ. . ဟား ဟား. . . ဟေ့ကောင်. . . မင်း ခေါင်း ကိုဖမ်းထား. . . ငါမျက်နှာတက်ပွတ်ပစ်မယ်. . . '

'အေး. . . ငါခေါင်းကိုဖမ်းထားမယ်. . . လာလေ့. . . '

ဆိုပြီး ကျော်ကိုက ရုန်းကန်နေသူ၏ လည်ကိုလိမ်ချိုး၍ ခေါင်းကို ဖမ်းထားလိုက်သည်။ ခေါင်းကို အသေအချာမိတော့မှ ကောင်လေးဘက် လှည့်ပြီး. . .

'မိပြီ. . . ဟေ့ကောင်. . . မိပြီ. . . ပွတ်ထည့်တော့. . . အဲဒီ အခွက်ကြီးကို ပွတ်ထည့်တော့. . . '

ဟုဆိုလိုက်သည်နှင့် ကောင်လေးကလည်း သူ့လက်ထဲမှ ပယ်ပယ် နယ်နယ်ဆုပ်ခြေကာ. . .

'အေး. . . ပွတ်ပြီကွ. . . လာလေ့. . . '

ဟုဆိုပြီး ထိုသူ့မျက်နှာကို ဘတ်ခနဲပွတ်ပြီး 'ဟား ဟား သရဲမ ကွ. . . သရဲမ' ဟုဆိုပြီး လှည့်ပတ်ကနေလိုက်သေး၏။ အပွတ်ခံရသူသာ

www.burmeseclassic.com



ကြောက်အားလန့်အားနှင့်. . .

'ဟာ မျက်နှာတွေ ပေကုန်ပြီ. . . ဟေ့ကောင်တွေ. . . မင်းတို့ ဘာလုပ်. . .'

ဟုဆို၍ အတင်းရုန်းကန်ရင်း အော်၏။ ဒါကို ကောင်လေးက အတင်းရှံ့တွေနှိုက်ပြီး. . .

'ပေစေချင်လို့ပေါ့ဗျ. . . ရွှံ့ဗွက်သကြ်န်ကျတာပေ့ ရွှံ့ဗွက် သကြ်န်ကျတာ ဟားဟား. . . ကိုင်း. . .'

ဟုဆို၍ ရွှံ့ဗွက်များထပ်ကောက်၍ ပွတ်ထည့်လိုက်သည်။ ပြီးတော့ ကျော်ကို့ဘက်လှည့်၍. . .

'ဟေ့ကောင်. . . ဒီလူ့အခွက်ကြီး အသေအချာဖမ်းထားကွ. . . ငါ မျက်နှာပွတ်ရခက်လို့ . . .'

ကျော်ကိုကလည်း ထိုတော့မှ ထိုသူ့မေးစေ့ကို လက်နဲ့ဆုပ်ကိုင် လိုက်ပြီး. . .

'ဟ. . ငါလည်းဖမ်းထားတာပဲ. . . ကိုင်းကွာ အခွက်ကြီးမေ့ပြီ စိတ်ကြိုက်သုတ်စမ်း. . .'

ဟုဆွဲမေ့လိုက်သည်။ ထိုတော့မှ ကောင်လေးက ရွှံ့နောက် တစ် ဆုပ်ကို ကြုံးယူ၍. . .

'အေး. . . အဲဒီလိုဖြစ်ရမှာပေ့ါကွ. . . ကိုင်းကွာ. . .'

ဆိုပြီး ရွှံ့နှင့်မေ့နေသော မျက်နှာကို ပယ်ပယ်နယ်နယ်သုတ်၍ ထိုသူ့မျက်နှာကြည့်လိုက်ရာ. . .

'ဟာ. . .'

ကောင်လေး ထိုသူ့မျက်နှာကိုမြင်တော့လန့်သွားသည်။ နောက်မှ ကျော်ကို့ဘက်လှည့်ပြီး. . .

'ဟာ. . . ဟေ့ကောင်. . . အဆောင်မှူးကွ. . အဆောင်မှူး . .'

'ဟင်. . .'

ထိုတော့မှ ကျော်ကိုလည်း အံ့အားသင့်သွားသည်။ နောက်တော့ သံကုန်ဟစ်၍. . .

'ဟာ. . . အဆောင်မှူး ဟုတ်လား. . . ဟေ့ကောင်ပြေး. . . ပြေး. . .'

www.burmeseclassic.com



ဟုအော်ရင်း အဆောင်မှူးကို ဖမ်းချုပ်ထားရာမှ လွတ်၍ ရွှံ့ဗွက်ထဲ ဗွမ်းခနဲတွန်းချကာ အဆောင်ထဲသို့ဒရောသောပါး ပြေးချသွားလေ၏။ သူ့နောက်ကမှ ကောင်လေးကတော့ ကောက်ကောက် ကောက်ကောက်နှင့် လိုက်ပြေးချလာ၏။ အဆောင်မှူးကတော့ မြောင်းထဲက ဗွက်ထဲမှာလုံးနေတုန်း။

အဆောင်ရောက်တော့ အဆောင်တံခါးကိုဝုန်းခနဲပိတ်ပြီး နှစ်ယောက်လုံး တံခါးပုဏ္ဏားကွယ်အနောက် တစ်ဖက်တစ်ချက်စီဝင်ရပ်ပြီး ပုန်းကွယ်နေလိုက်သည်။

သိပ်မကြာလိုက်ပါ. . . အဆောင်တံခါးကြီး ဝုန်းခနဲထပ်ပွင့်လာ ပြီး ရွှံ့ဗွက်များပေသလူးနေသော အဆောင်မှူး ဒေါ်ကြီးမောကြီး ဝင်ရောက်လာလေ၏။

ပြီးတော့ တံခါးအကွယ်တွင် ရပ်နေကြသော ကျော်ကိုနှင့် ကောင်လေးကို မမြင်ဘဲ. . .

'ဘယ်ကောင်တွေလဲကွ. . . ခုနင့်ါကို ဗွက်ထဲတွန်းချသွားတာ ထွက်ခဲ့စမ်း. . .'

အဆောင်မှူး၏ ကျယ်လောင်သည့် အသံကိုကြားတော့ အိပ်နေကြသူအားလုံး ခြင်ထောင်အပြင်ဘက်သို့ အိပ်မှုန်စုံမွှား ထွက်လာကြ၏။

'ဟေ့. . . ဘယ်ကောင်လဲကွ. . . ခုနက ငါ့ကိုဗွက်ထဲတွန်းချခဲ့တာ. . . မင်းတို့ထဲက ဘယ်သူလဲ. . . ပြောကြစမ်း. . .'

ခြင်ထောင်ထဲမှ ထွက်လာသူအားလုံး ဗွက်များနှင့်ပေသလူးနေသောအဆောင်မှူးကို တအံ့တသြကြည့်ကြသည်။ ကျော်ကိုနှင့် ကောင်လေးကတော့ တံခါးရွက်ကြားဝင်ပုန်းနေသည်မို့ မည်သူမျှ မမြင်မိကြသေး. . .

'ဟေ့. . . မေးနေတယ်လေ. . . ခုနင့်ါကို ဗွက်ထဲတွန်းချခဲ့တာ ဘယ်သူလဲလို့ . . .'

အားလုံးအိပ်ချင်မူးတူးနှင့် ခေါင်းခါကြသည်။

'ကျွန်တော်တို့မသိဘူးဆရာ. . . ကျွန်တော်တို့ အစောကြီး အိပ်ရာဝင်နေကြတာ။ ကျွန်တော်တို့ အဆောင်ကတော့မဖြစ်နိုင်ဘူး . . . ။ ဟိုဘက် အဆောင်ကကောင်တွေ ဖြစ်လိမ့်မယ်. . .'

အဆောင်မှာ အသက်အကြီးဆုံးကျောင်းသားဖြစ်သော ဝိတ်ပေါ

www.burmeseclassic.com



ဇော်မြင့်နိုင်၏ စကားကြောင့် အဆောင်မှူးက အားလုံးကိုဝေ့ကြည့်သည်။ အားလုံး အိပ်ချင်မူးတူးပုံများတွေ့ရသဖြင့် အဆောင်မှူးတွေဝေသွား၏။

ဇော်မြင့်နိုင်ပြောတာ ဖြစ်နိုင်သည်။ ဤအထဲတွင် ခုနနှစ်ကောင်ရှိပါက ရှံ့ဗွက်ပေနေတာမျိုးတွေ့ရမည်။ အခုတော့ ဘယ်သူမှ ဗွက်ပေမနေ။ အားလုံးသန့်ရှင်းလတ်ဆတ်နေကြ၏။

အဆောင်မှူး ရှုံးရှဲရှုံးရှဲဖြစ်ပြီး အဆောင်ပြင်သို့ ဝုန်းခနဲပြန်ထွက်သွား၏။ ကြည့်ရတာ အခြားအဆောင်ဘက်သို့သွားရှာပုံရ၏။ အဆောင်မှူးထွက်သွားတော့မှ ကျောင်းသားအားလုံး ကိုယ့်ခြင်ထောင်ထဲ ကိုယ်ပြန်ဝင်အိပ်ကြသည်။

အားလုံး ပြန်အိပ်သွားတော့မှ ကျော်ကိုနှင့် ကောင်လေးတံခါးရွက်ကြားထဲက သူခိုးခြေလှမ်းမျိုးနှင့် ပြန်ထွက်လာကြ၏။ နှစ်ယောက်သားအဆောင်ပြင်ရောက်မှ. . .

'ရှီး. . . တော်သေးတာပေါ့ကွာ. . . ငါကမိပြီအောက်မေ့တာ'

'နေရာမှန်လို့ပေါ့ကွာ. . . အဲ. . . နေဦး တို့ဒီအတိုင်း အဆောင်ထဲပြန်ဝင်လို့တော့ မဖြစ်နိုင်ဘူး. . . အဆောင်မှူးက တစ်ဆောင်ဝင်တစ်ဆောင်ထွက်လိုက်ရှာနေမှာ. . .'

ကျော်ကို၏စကားကို ကောင်လေးကတစ်ချက် စဉ်းစားလိုက်ပြီး. . .

'ကဲ. . . ဒါဆို တို့ဘယ်လိုလုပ်ကြမလဲ. . . ငါအိပ်လည်းမအိပ်ချင်သေးဘူး. . .'

'အေး. . . ငါလည်းမအိပ်ချင်သေးဘူးကွ. . . နေဦးငါ စဉ်းစားဦးမယ်. . .'

ဟုဆို၍ နှစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး အကြံထုတ်နေကြ၏။ အတန်ကြာမှ ကောင်လေး၏မျက်လုံးများ အရောင်လက်သွားပြီး. . .

'ငါ စဉ်းစားမိပြီ. . .'

'ဘာလဲ. . .'

ကျော်ကိုက မျက်မှောင်ကြုတ်၍ပြန်မေး၏။ ဒါကို ကောင်လေးက အားတက်သရောဖြင့်. . .

'တို့ကို အမြဲကြပ်နေတဲ့ကောင်ရှိတယ်။ နိုင်လင်းလေ. . . တို့ သူ့ကို

www.burmeseclassic.com



သွားပြန်ကြပ်ရအောင်. . .'

'အေး. . . ကောင်းတယ်. . . အခွင့်သာတုန်း ငါတို့ ဒီကောင့်ကို ပြန်ဆုံးမရမယ်. . .'

ဆိုပြီး ကျော်ကိုကလည်း အားရပါးရထောက်ခံ၏။ ဒါကို ကောင်လေးက ကျော်ကို့လက်ကိုဆွဲပြီး. . .

'ကဲ. . . ဒါဆို ဒီကောင့်ခုတင်ကို သွားရအောင်. . .'

ဟုဆို၍ နှစ်ယောက်သား တက်ကြွအားပါသောခြေလှမ်းမျိုးနှင့် အဆောင်ထဲ ပြန်ဝင်သွားကြလေသည်။

◆ ◆ ◆

www.burmeseclassic.com



"ရှူး"

နိုင်လင်းခုတင်နားရောက်တော့ ကျော်ကိုက ကောင်လေးကို အသံမထွက်အောင် သတိပေး၏။ ကောင်လေးကလည်း ငါသိပါတယ်ဟူ သောပုံစံမျိုးနှင့် ခေါင်းညိတ်ပြလိုက်ပြီး ကျော်ကို့ကို နိုင်လင်း၏ခြင်ထောင် အားမ ရန်အချက်ပေးလိုက်သည်။ ပြီးတော့ ဗွက်ပေနေသော သူ့အင်္ကျီကို ချွတ်ပြီး အသင့်ပြင်ထားလိုက်၏။ သဘောကတော့ အိပ်နေသော နိုင်လင်း မျက်နှာကို ဗွက်နှင့်သုတ်မည်ဟူသည့် သဘော. . .။

ခြင်ထောင်ထဲမှာတော့ အပြင်မှအဖြစ်အပျက်များကို ဘာမှမသိရ သည့်အလား ဆိတ်ငြိမ်နေ၏။ ကျော်ကိုက ကောင်လေးကို မေးငေါ့ပြ၏။ ကောင်လေးကလည်း 'ကဲ. . . စ' ဆိုသည့်ပုံစံမျိုးနှင့် မေးပြန်ငေါ့ပြသည်။ ကျော်ကိုက ဒူးလေးကွေးကာကွေးကာနှင့် တိုင်မင်တွက်၏။ အချိန်ကျတော့ မှ ခြင်ထောင်ကိုဆွဲမလိုက်၏။ သူမလိုက်သည်နှင့် ကောင်လေးက 'ယား' ဟူသောအော်သံနှင့် ခြင်ထောင်အတွင်းမှ လူကို အင်္ကျီနှင့် အုပ်ရန်ပြေးသွား သည်။ သို့သော်. . .

'ဟင်. . .'

'ဟယ်. . .'

www.burmeseclassic.com



နှစ်ယောက်လုံးအံ့အားသင့်သွား၏။ ခြင်ထောင်ထဲတွင်ကား ဘာမှမရှိ။ နှစ်ယောက်သားအံ့အားသင့်စွာ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြပြန်သည်။ အတန်ကြာမှ ဗွက်ပေအင်္ကျီကြီးကိုင်ထားသော ကောင်လေးက. . .

'ဟင်. . . ဒီကောင်ဘယ်ရောက်သွားပါလိမ့်. . .'

'ဈာန်နဲ့ကြွသွားပြီထင်တယ်. . .'

ကောင်လေးစကားကို ကျော်ကိုကလည်း သူထင်တာပြော၏။

'အို. . . ဘယ့်နှယ် ဈာန်နဲ့ကြွရမှာလဲ. . . ဒီကောင်ပြန်မအိပ်သေးဘူးထင်တယ်. . .'

'ပြန်မအိပ်လို့ မင်းဘကြီးကို ပြန်မတွေ့ရသေးတာပေ့ါ ခွီးမှပဲ. . .'

'ဟုတ်သား. . .'

နှစ်ယောက်လုံး ငြိမ်ပြီးစဉ်းစားနေပြန်၏။ အတန်ကြာမှ ကျော်ကိုက. . .

'ငါသိပြီ. . . ဒီကောင် လက်ဖက်ရည်ဆိုင်သွားတာဖြစ်မယ်'

'အဲဒီတော့. . .'

'အဲဒီတော့ ဒီကောင့်ကိုယ်စား သူ့အင်္ကျီတွေအားလုံးကို ဗွက်ထဲသွားနှစ်ထားမယ်။ ဒါမှဒီကောင် အဲဒီအင်္ကျီတွေပြန်ဝတ်ရင် ဗွက်ပေမှာ. . .'

ကျော်ကို့စကားကို ကောင်လေးကလည်း အားရဝမ်းသာဖြင့်. . .

'အေး. . . မင်းအကြံကောင်းတယ်။ ဒီကောင့်ကိုတော့ တစ်နည်းမဟုတ်တစ်နည်းနည်းနဲ့ ဆုံးမရမှ ကျေနပ်နိုင်မယ်. . . ကဲ. . . လုပ်ငန်းစရအောင်. . .'

ဟုဆို၍ နှစ်ယောက်သား ခုတင်ခြေရင်းရှိ အဝတ်သေတ္တာကြီးဆီသွားကြသည်။ နိုင်လင်း၏ အဝတ်သေတ္တာမှာ သာမန်သေတ္တာများထက် ပို၍ရှည်လျားလှပြီး ဖြက်ကျယ်သဖြင့် ရုတ်တရက်ကြည့်လျှင် ခေါင်းတလားကြီးနှင့်ပင်တူသေး၏။ ဒါကလည်း နိုင်လင်းသူ့သေတ္တာနား အကြောင်းမသိသူမည်သူမှ ရုတ်တရက်မကပ်ရဲအောင် ကိုယ်တိုင်ပုံစံထုတ်ထားသည် ဆို၏။

ကျော်ကိုနှင့်ကောင်လေးက အကြောင်းသိတွေဆိုတော့ ဘာကိုမှမကြောက်။ မှုန်ပြာပြာမီးရောင်အောက် သေတ္တာနားဖြည်းညင်းစွာကပ်လာ

www.burmeseclassic.com



ကြ၏။

သေတ္တာကလည်း ခေါင်းတလားပုံစံမျိုး ပတ္တာကိုရှေ့ရော နောက်ရောတပ်ထားသည်မို့ နှစ်ယောက်သားခေါင်းတစ်ယောက် ခြေတစ်ယောက် နေရာယူလိုက်သည်။ ပြီးနောက် နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သေတ္တာအဖုံးကို ဆတ်ခနဲမ ဖွင့်လိုက်ရာ. . .

ကျွီခနဲအသံနှင့်အတူ သေတ္တာပွင့်သွားသည်နှင့် သေတ္တာထဲမှ ဝေါက်ခနဲထထိုင်သည့် အရိပ်တစ်ခု. . .

'ဟင်. . .'

'အလို. . .'

သေတ္တာထဲမှထွက်လာသည့် အရိပ်ကြောင့် နှစ်ယောက်လုံး အံ့အားသင့်သွားကြ၏။ နောက် သူတို့ဘက် ဖြည်းညင်းစွာလှည့်လာသော မျက်နှာကြီးက. . .

'ဟင်. . . ဘာကြီးလဲဟ. . .'

'အလို. . . ဖြူဖြူကြီး. . .'

ဟူသောအော်သံနှင့်အတူ နှစ်ယောက်လုံးကြက်သေ သေသွားကြ၏။ သူတို့မြင်ရသည်က ဖြူဖွေးသွေးဆုပ်နေသော မျက်နှာကြီးတစ်ခု။ ထိုမျက်နှာကြီးကိုမြင်တော့ နှစ်ယောက်လုံး လန့်သွားကြ၏။ နောက်မှ သတိရသွားပြီး. . .

'ဟေ့ကောင်. . . သ. . . သရဲ. . . သ. . . သရဲဗျ. . .'

'အောင်မလေး. . . သရဲတဲ့ဗျ. . . သရဲ. . .'

ဟူသောအော်သံနှင့်အတူ နှစ်ယောက်သားကြောက်လန့်ပြီး. . .

'အား. . . လုပ်ကြပါဦး သရဲဗျို့ သရဲ. . .'

'အောင်မလေး သရဲဗျ. . .'

ဟုသံကုန်အော်ပြီး ခြေကုန်သုတ် ဝုန်းဒိုင်းကြဲထွက်ပြေးကြလေသည်။ သူတို့ပြေးရာနောက် မျက်နှာဖြူကြီးကလည်း သေတ္တာထဲမှခုန်ထပြီး 'ဝရား. . . ဝရား' အော်သံများနှင့် သူတို့နောက်ပြေးလိုက်၏။

သူတို့အော်ဟစ်ပြေးသော အသံများကြောင့် အဆောင်ထဲ အိပ်နေကြသူအားလုံး လန့်နိုးလာပြီး. . .

'ဟေ့ကောင်. . . သရဲတဲ့ဗျ. . .'

www.burmeseclassic.com



'ဘယ်မှာလဲ သရဲ. . .'

'ဟိုမှာ ဟိုမှာ ပြေးပြီ. . . ပြေးပြီ. . .'

'သရဲ. . . သရဲ. . . မျက်နှာဖြူကြီး. . .'

စသည်ဖြင့်အော်ဟစ်ရင်း ဝုန်းဒိုင်းကျဲကုန်၏။

ထိုအော်သံများကြောင့် ခုနဗွက်ပေနေသော အဆောင်မှူးက တခြားအဆောင်တစ်ခုကိုစစ်ဆေးနေရာမှ ကြားသောကြောင့် ဒေါ်သတကြီးပြန်ခုန်ချလာပြီး. . .

'ဘယ်မှာလဲကွ သရဲ. . . ဘာသရဲမှမရှိဘူး. . . ခုနကောင်တွေပဲ ဖြစ်မယ်. . . ငါလာပြီကွ. . .'

ဟုဆို၍ ခုနဗွက်ထဲတွန်းချထားသော ကောင်လေးနှင့် ကျော်ကို ထပ်မံသောင်းကျန်းနေသည်မှတ်ပြီး သက်သက်ညှာညှာဆုံးမရန် နီးစပ်ရာ တူကြီးတစ်ခုဆွဲ၍ အော်သံကြားရာသို့ အံကိုကြိတ်တင်ကိုပိတ်ကာ ဒုန်းစိုင်း ချလာလေသည်။

အော်သံကြားသောအဆောင်သို့ ရောက်သည်နှင့် အဆောင် တံခါးကို ဝုန်းခနဲတွန်းဖွင့်ပြီး တူကြီးကိုမြှောက်၊ မျက်လုံးကိုပြူး၊ ခြေဖျား ထောက်၍ရိုက်ရန် ရွယ်လိုက်ပြီး. . .

'ဘယ်မှာလဲကွ သရဲ. . . ဘယ်မှာလဲ. . . သ. . . သ. . . ရဲ. . . ရဲ. . . ဟင်. . .'

အဆောင်ဝလည်းရောက်ရော အဆောင်မှူးစကားပင် မဆက် နိုင်တော့။ တူကြီးမြှောက်ပြီး ကြက်သေသေသွား၏။ သူ့ အရှေ့တည့်တည့် တစ်ထွာကွာလောက်တွင်ရောက်နေသော မျက်နှာဖြူကြီး။ သူထင်ထားသော ခုနဗွက်ပေနှစ်ကောင်မဟုတ်ဘဲ ထင်မထားသည့်မျက်နှာဖြူကြီးကို ရုတ်တ ရက်မြင်လိုက်ရ၍ ထင့်၊ လန့်ဖျပ်ကာ မတ်တတ်ရပ်လျက်ကြီး သတိလစ်သွား ပုံရ၏။ တူကြီးမြှောက် အံကြီးကြိတ်ပြီးငြိမ်နေ၏။ အတန်ကြာမှ. . .

'တကယ်သရဲဗျ. . . တကယ်. . . သ. . . သ. . . သရဲ . . . သ. . . ရဲ. . .'

ဟူသော ဗလုံးဗထွေးအသံနှင့်အတူချက်ချင်း ဇောချွေးနှင့် နှပ်များ စိမ့်ထွက်လာသည်။ နောက်. . . မျက်လုံးကြီး ကလယ်ကလယ်ဖြစ်သွားပြီး ကိုင်ထားသောတူ လက်ထဲမှလွတ်၍ သူ့ခေါင်းပေါ် ဒေါင်ခနဲ ပြုတ်ကျသွား

www.burmeseclassic.com



၏။

တူနှင့်ထိသောအရှိန်ကြောင့် အဆောင်မျှး ခေါင်းသုံးပတ်လောက် လည်သွားချိန် တူက သူ့ကိုကြောင်ကြည့်နေသောမျက်နှာဖြူကြီး၏ခြေထောက်ပေါ်သို့ ထပ်မံပြုတ်ကျသွားလေရာ. . .

'အား. . .'

မျက်နှာဖြူကြီး၏ ကျယ်လောင်သော အနီးကပ်အော်သံကြောင့် ကြက်သေသေနေသောအဆောင်မျှး လန့်ပြီး မျက်လုံးကြီးပြူး၊ လက်ဖျားတွေ ကောက်တက်လာ၏။ နောက် ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အကြောဆွဲသလို ဖြစ်ကာ စန့်စန့်ကြီး ဖုန်းခနဲ ပက်လက်လန်လဲကျသွားလေသည်။

မျက်နှာဖြူကြီးလည်း တူနှင့်ထိထားသောအရှိန်ကြောင့် ခုန်ဆွခုန်ဆွနှင့် လဲကျနေသောအဆောင်မျှးကိုခွကျော်ပြီး အပြင်သို့ ကြောက်လန့်တကြား ပြေးချသွားလေ၏။

◆ ◆ ◆

www.burmeseclassic.com



"အား. . ."

"အား. . ."

ပြေးရလွန်း၍ အမောဆို့မတတ်ဖြစ်နေသော ကျော်ကိုနှင့် ကောင်လေး နားမယ်မှမကြံရသေး။ သူတို့ရှိရာဘက်ခုန်ဆွခုန်ဆွနှင့် ဝင်လာသော မျက်နှာဖြူကြီးကိုမြင်တော့ နှစ်ယောက်သားကြောက်လန့်တကြား ထအော်ကြသည်။ ပြီးတော့ မျက်နှာဖြူကြီးကို လက်ညှိုးတထိုးထိုးနှင့်. . .

'လာ. . . လာပြန်ပြီ အမေရေ. . . ဖြ. . . ဗျ. . . ဖြ. . .'

'အောင်မလေး အမေရေ ဖြ. . . ဖြတဲ့တော့. . . ဖြတဲ့. .'

နှစ်ယောက်သား အော်မိအော်ရာအော်ပြီး လှည့်ပြေးရန်ပြင် သည်။ ထိုစဉ်မှာပင်. . .

'ဟေ့ကောင်. . . ကျော်ကိုနဲ့ကောင်လေး. . . ငါပါကွ . . ငါ. . . နိုင်လင်း. . .'

အော်သံကြား၍လှည့်ကြည့်လိုက်တော့ ခုနမျက်နှာဖြူကြီးအသံ။

'ဟေ့ကောင်တွေ. . . ငါပါကွ. . . နိုင်လင်း. . .'

ဟိုနှစ်ယောက်လည်း ဆက်မပြေးတော့ဘဲ မျက်နှာဖြူကြီးကို ကြောင် ငေးကြည့်နေကြ၏။

www.burmeseclassic.com



'ဟေ့ကောင်တွေ. . . ဘာကြောင်ကြည့်နေတာလဲ ငါမင်းတို့ ဖေဖေလေး နိုင်လင်းပါကွ. . .'

ထိုတော့မှ နှစ်ယောက်သားအံ့အားသင့်သွားပြီး။

'ဟင်. . . နိုင်လင်း. . . မင်း. . . မင်း. . .'

'ဟာ. . . နိုင်လင်း. . . မင်းဘယ်လို ဘဝပြောင်းသွားတာ လဲ. . . အမျှ အမျှ. . .'

"နိုင်လင်း. . . မင်း. . . မင်း. . . သာဓု. . . သာဓု"

နှစ်ယောက်သား ကြောက်ရှိန်မပြေသေးဘဲ ယောင်တောင်တောင် နှင့် ရွတ်မိရွတ်ရာရွတ်ကြ၏။ ထိုတော့မှ မျက်နှာဖြူကြီးဖြစ်နေသော နိုင်လင်း က အနက်လာပြီး . . .

"ခွီးထဲမှပဲ. . . ငါက မင်းတို့ကိုနောက်ချင်တာနဲ့ မျက်နှာပေါင်ဒါ ဖို့ပြီး သေတ္တာထဲဝင်အိပ်နေတာကွ. . .'

'ဟင်. . . ဒါ. . . ဒါဆို. . .'

နိုင်လင်းက သူတို့ကိုမကြည့်ဘဲ မျက်နှာပေါ်မှပေါင်ဒါများကို ဝတ် ထားသောလုံချည်နှင့် ပွတ်ဖျက်လိုက်သည်။

'အေး. . . ညနေကတည်းက မင်းတို့မူးနေတာကို ငါသိတယ် ကွ. . . မင်းတို့မူးလာရင် ငါ့ကိုလာပြီးဒုက္ခပေးနိုင်တယ်ဆိုတာ တွေးမိလို့ သေတ္တာထဲမှာ မျက်နှာပေါင်ဒါသုတ်ပြီး ဝင်အိပ်နေတာ. .'

'တောက်. . .'

'တောက်. . .'

နှစ်ယောက်လုံးထံမှ တောက်ခတ်သံကြားရ၏။ နိုင်လင်းက သူတို့ ထက် အကြံဦးသွားတာကိုး။ ဒါကို နိုင်လင်းက သွားကြီးအားလုံးပေါ်အောင် ဖြဲလိုက်ပြီး. . .

'အဟဲ. . . မင်းတို့ကလည်း စိတ်မဆိုးကြပါနဲ့ကွာ. . . အခု. . . မင်းတို့ကိုအစကောင်းလို့ အဆောင်မှူးလည်းမေ့လဲနေပြီကွ. . .'

'ဟင်. . . ဘာဖြစ်လို့လဲ. . .'

ကောင်လေးအံ့အားတကြီးမေး၏။ ဒါကိုနိုင်လင်းက. . .

"ဘာဖြစ်ရမှာလဲကွာ. . . သူအဆောင်ထဲပြေးဝင်တော့ အ ဆောင်ဝမှာ ငါနဲ့တည့်တည့်တိုးလို့ ငါလည်းလန့်ပြီးကြောင်ရပ်နေမိတာကွ

www.burmeseclassic.com



ဒါကိုသူဘာဖြစ်သွားတာရယ်တော့ မပြောတတ်ပါဘူးကွာ. . ငှါ့ခြေထောက်ပေါ် တူကြီးပစ်ချပြီး ပက်လက်လန်မေ့လဲသွားတော့တာ ဒီမှာကြည့်ပါဦးကွာ. . . ငှါ့ခြေမကို. . . ”

နိုင်လင်းက တူနှင့်မိတ်ဖွဲ့ခဲ့ရသော သူ့ခြေမကိုထောင်ပြ၏။ ခြေမက တူနှင့်ထိသည့်အရှိန်ကြောင့် ယောင်ကိုင်းလို့။ ထိုတော့မှ ကျော်ကိုနှင့်ကောင်လေး နှစ်ယောက်လုံးအူရွှင်သွားပြီး. . .

“ဟား ဟား. . . ကောင်းတယ်၊ မင်းလိုကောင် အဲဒီလိုထိမှကောင်းမယ် . . . ဟား. . ဟား. . . ”

သုံးယောက်သား ပျော်ရွှင်စွာရယ်မောနေလိုက်ကြသည်။ အတန်ကြာမှ နိုင်လင်းက. . .

“နေဦးကွ. . . ငါတို့ဒီအတိုင်း အဆောင်ထဲပြန်ဝင်လို့ရတော့မှာမဟုတ်ဘူး. . . ”

ကျော်ကိုနှင့်ကောင်လေး နှစ်ယောက်လုံး မျက်မှောင်ကြုတ်သွား၏။

“ဒါဆို ဘယ်လိုဝင်မလဲ. . . ”

“ဘယ်လိုဝင်မလဲဆိုတော့. . . ”

နိုင်လင်းက စကားကိုထပ်မဆက်သေးဘဲ သူ့တွင်ပါတယ်ဆိုရုံလေးရှိသောမေးစေ့ကို လက်ညှိုးနှင့်လက်မညှပ်ပွတ်ပြီး. . .

“နေဦးကွ. . . တို့တွေလူစုံတုန်း တစ်ခုခုထပ်လုပ်ရင်ကောင်းမယ် . . . ”

ကျော်ကိုနှင့်ကောင်လေး နှစ်ယောက်လုံး မျက်လုံးများအရောင်တောက်သွားပြန်၏။ သူတို့က ပေါက်ကရလုပ်ရမယ်ဆိုရင် သိပ်သန်မဟုတ်လား. . .။

“ဒီလိုကွ. . . ငါတို့ဒီအတိုင်းပြန်သွားရင်လည်း မနက်ကျရင် အဆောင်မှူးက တို့ကိုဖမ်းပြီး ဆရာတွေကိုတိုင်မှာပဲ. . . အဲဒီတော့ အတိုင်ခံရမယ့်အတူတူ ဒီညမှာတန်အောင်တော့ လုပ်ရမယ်. . . ”

“ဘယ်လိုလုပ်မှာလဲ. . . ”

ကျော်ကိုက ပေါက်ကရလုပ်ချင်စိတ်နှင့် အလောတကြီးမေး၏။ ဒါကိုနိုင်လင်းကလည်း အားတက်သရောဖြင့်. . .

“ဒီလိုကွ. . . အဆောင်မှာ တို့ကိုအနိုင်ကျင့်ကျင့်နေတဲ့ ဇော်ကြီး

www.burmeseclassic.com



ကို သိတယ်မဟုတ်လား. . . ”

“သိတယ်လေကွာ. . . ဟို ဆယ်ပြားစေ့မျက်နှာနဲ့ကောင် တို့တွေ ဟင်းဆို ဒီကောင်အမြဲယူစားနေကျ. . . ”

“အေး. . . အဲဒီကောင်ကို ဆုံးမရမယ်. . . ”

“ဘယ်လို ဆုံးမမှာလဲ. . . ”

ခေါင်းတွေအားလုံး ပူးကုန်၏။ ပေါက်ကရလုပ်ရလျှင် ပျော်နေသူချည်းမို့ အားတက်သရောနိုင်လှ၏။

“ဒီကောင်က. . . ညဘက်အိပ်ပြီဆိုမှဖြင့် မသာကြီးအတိုင်းပဲ ဘယ်လိုလုပ်လုပ်မနိုးဘူး. . . ”

“အဲဒီလောက်ဆို ငါသဘောပေါက်ပြီ. . . ”

နိုင်လင်းစကားပင်မဆုံးလိုက် ကျော်ကိုက ရင်ကိုကော့၍ပြောသည်။ ပြီးတော့ ဆရာကြီးလေသံဖြင့် နိုင်လင်းကို လက်ညှိုးထိုး၍. . .

“မင်းက မျိုးမြင့်ထွန်းရဲ့ဂန်ဖလားနဲ့ အဆောင်မှာလှဲတဲ့ တံမြက် စည်း အရှည်တစ်ချောင်းရှာခဲ့. . . ကောင်လေးက စားဖိုထဲက ဒန်အိုးတွေ သွားမခဲ့. . . ငါကလို အပ်တာတွေစီစဉ်ပြီး ဇော်ကြီးခြင်ထောင်ဘေးက စောင့်နေမယ်. . . ”

“အိုကေ. . . ကောင်းပြီ. . . ”

“ပီပြင်ကြပါစေ. . . ”

အားလုံး တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ဆုတောင်းကြသည်။ ပြီးတော့ သုံးယောက်သား သူခိုးခြေလှမ်းမျိုးနှင့် အဆောင်ဘက်သို့ ပြန်လည်ချီတက်သွားကြ၏။

လခြမ်းကွေးလေးကတော့ ‘ပ’ စောက်သဏ္ဍာန် သူ့ရဲ့နှုတ်ခမ်းသားများနှင့် ပျော်ရွှင်စွာရယ်မောရင်း ကောင်းကင်ထက် မြင့်သထက်မြင့်တက်နေလေသည်။

◆ ◆ ◆

www.burmeseclassic.com



## သိပ်မကြာလိုက်ပါ။

နိုင်လင်းက မျိုးမြင့်ထွန်း ဂန်ဖလားနှင့် အုန်းလက်တံမြက်စည်း အရှည်တစ်ချောင်းထမ်းချလာပြီး ကောင်လေးကလည်း စားဖိုဆောင်မှ ဒန်အိုးဒန်ခွက်များ ဖိနပ်စုတ်များ သယ်ချလာ၏။

ကျော်ကိုကတော့ ခြေအိတ်နှင့် ဆိုလိုတိတ်ကြီးများကိုင်ကာ ဇော်ကြီးခုတင်ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်၍ အကွက်ချနေ၏။

အားလုံးလူစုံတော့မှ ကျော်ကိုက. . .

'ကဲ. . . စမယ်. . .'

ဆိုပြီး ဆိုလိုတိတ်များယူကာထသွားသည်။ နောက်. . . ဇော်ကြီး အိပ်နေသည့် ခုတင်ပေါ် အသေအချာဆောင့်ကြောင့်ထိုင်ပြီး ဇော်ကြီး၏ လက်ကို ချစ်သူ၏လက်သဖွယ် တယုတယ မ ယူလိုက်၏။ ထိုလက်ကိုပင် သူ့ပေါင်မည်းမည်းပေါ် အသာအယာတင်ပြီး အသင့်ပါလာသည့်ခြေအိတ်ကို တယုတယ စွပ်ပေးလိုက်၏။

ခြေအိတ်၊ ဇော်ကြီးလက်ထဲရောက်မှ ဇော်ကြီးလက်ဖဝါးကို အသေအချာပြန်ဖြန့်ပြီး အုန်းလက်တံမြက်စည်းကြီး ထိုးထည့်လိုက်၏။

www.burmeseclassic.com



ပြီးနောက် အုန်းလက်တံမြက်စည်းကို ဖြည်းညင်းစွာ ပြန်လည်ဆုပ်ကိုင်စေပြီး ဆိုလိုတိတ်နှင့် ပြန်လည်လုံးပတ်ပေးလိုက်၏။ ဇော်ကြီး၏လက်ထဲ အုန်းလက်တံမြက်စည်းကြီးရောက်သွားပြီ. . .။ ထိုတော့မှ ကျော်ကိုက ကောင်လေးကို အချက်ပေးလိုက်သည်။

ကောင်လေးကလည်း အားကျမခံ ခုတင်တစ်ဖက်ကိုတက်ဆောင့်ကြောင့်ထိုင်ပြီး ဇော်ကြီး၏လက်ကို မ ယူလိုက်၏။ ပြီးနောက်ပါလာသောငါးကြင်းဖန်ခွက်ကို ဇော်ကြီးလက်ထဲ အသာအယာစွပ်ထည့်လိုက်၏။ ငါးကြင်းဖန်ခွက်ကြီးလက်ထဲဝင်မှ ထိုငါးကြင်းဖန်ခွက်ပေါ်မှ ခြေအိတ်တစ်ခုကိုဖြကာ စွပ်ထည့်လိုက်ပြီး လက်ကောက်ဝတ်ထိ ဆွဲချလိုက်၏။

ခြေအိတ် လက်ကောက်ဝတ်ရောက်မှငါးကြင်းဖန်ခွက်နှင့် ခြေအိတ်ပြုတ်မထွက်နိုင်အောင် ဆိုလိုတိတ်နှင့် လက်ကောက်ဝတ်တွင်ပြန်စည်းထားလိုက်၏။

အားလုံးစိတ်တိုင်းကျသော အနေအထားရောက်မှ ကောင်လေးကနိုင်လင်းကို ဘယ်လိုလဲဆိုသည့် အပြုံးမျိုးနှင့် ပြုံးပြလိုက်၏။ နိုင်လင်းကလည်းအားကျမခံ ဇော်ကြီးခုတင်နားကပ်လာပြီး ဇော်ကြီး၏ ခြေတစ်ဖက်ကိုဖျိုးဖျိုးဖျတ်ဖျတ်ဆွဲယူကာ ခုံဖိနပ်စုတ်ကြီး စွပ်ထည့်လိုက်သည်။ ပြီးနောက်နောက်တစ်ဖက်ကို ဂန်ဖလားကြီးစွပ်ထည့်ပြီး ဆိုလိုတိတ်နှင့် အသေအချာလုံးပတ်လိုက်၏။ သူကအကြောင်းသိမို့လားမသိ။ အကိုင်အတွယ်ကြမ်းသည်။ သို့သော် အိပ်နေလျှင် သေနေသလားတောင် ထင်မှတ်ရသောဇော်ကြီးက တုပ်တုပ်ပင်မလှုပ်။ ဟောက်၍ပင်နေသေး၏။

နိုင်လင်းကိစ္စပြီးမှ ကျော်ကိုက အားလုံးကို ဇော်ကြီးခေါင်းရင်းသို့ခေါ်လိုက်သည်။ ဘာလုပ်မယ်ဆိုတာသိနေသောကောင်လေးက ဇော်ကြီး၏ခေါင်းကို အသာမသည်။ ကျော်ကိုက ထမင်းပေါင်းအိုးကြီးတစ်လုံးထဲသို့ ထိုခေါင်းကို မျက်လုံးအုပ်သည့်အထိဆွဲ၍ အုပ်ချလိုက်၏။ နိုင်လင်းက ထိုထမင်းပေါင်းအိုးကိုင်းနှစ်ဖက်မှနေ၍ မေးဖျားအထိ နိုင်လွန်ကြိုးနှင့်ချည်ပြီး ထိုအောက်မှာမှ မတ်ခွက်နှင့်ဒယ်အိုးများကိုစီ၍ ချိတ်ဆွဲပေးလိုက်၏။

အားလုံးအဆင်သင့်ဖြစ်သွားပြီ။ ဇော်ကြီးပုံကလည်း စစ်ထွက်ရန်မာန်ဖီနေသော ရောမစစ်သားကြီးပုံဖြစ်နေပြီ. . .။

www.burmeseclassic.com




'ကဲ. . . အားလုံးတော့ အဆင်သင့်ဖြစ်ပြီ. . .။ ဒါပေမဲ့ ကောင်လေးက ရေတစ်ခွက်မြန်မြန်သွားခပ်၊ နိုင်လင်းခုတင်ခြေရင်းကို မပေး ဦး. . .'

ကျော်ကို၏စကားကို နိုင်လင်းက. . .

'ရေခပ်တာကတော့ ဟုတ်ပြီ. . . ခုတင်မတာက ဘာလုပ်ဖို့လဲ'

'လျှာမရှည်နဲ့. . . မ ဆို. . . မ. . .'

ကျော်ကိုက လေသံနှင့်ခပ်ငေါက်ငေါက်ပြော၏။ နိုင်လင်းက မကျေမနပ်ဖြင့် ပွစိပွစိလုပ်ပြီး ခုတင်ခြေရင်းကိုမ၏။ ထိုတော့မှ ကျော်ကို



တော်ဝင်မြို့ဖ စာအုပ်တိုက်

www.burmeseclassic.com



လုံချည်တစ်ထည်ကို ဆွဲယူလိုက်ပြီး ခုတင်တိုင်နှစ်ခုထဲ ရှိသွင်းလိုက်သည်။ ခုတင်က တစ်ယောက်အိပ်ခုတင်မို့ လုံချည်ကွင်းနှင့်ကွက်တိပင်. . .

ကျော်ကိုက ထိုလုံချည်ကိုပင် ခုတင်ကြမ်းခင်းထိဆွဲပြီး ဇော်ကြီးခါးကို ခုတင်နှင့်သိုင်းပြီး ဟန်မပျက်ပြန်ဝတ်ပေးလိုက်၏။ အားလုံး စိတ်တိုင်းကျပြင်ဆင်ပြီးချိန်တွင် ကောင်လေး ရေဖလားကြီးတစ်ခွက်နှင့်အတူ ပြန်ရောက်လာသည်။

နိုင်လင်း ကောင်လေးထံမှ ရေခွက်ကို ဖျတ်ခနဲဆွဲယူလိုက်ပြီး. . .

'ကဲ. . . မင်းတို့နှစ်ယောက်က အဆောင်မှူးနဲ့ ပြဿနာဖြစ်ထားတဲ့ကောင်တွေဆိုတော့ လူသိခံလို့မဖြစ်ဘူး. . . ဒါကြောင့် ဝေးဝေးသာ ရှောင်နေ. . . ဒီတာဝန်ကို ငါဆက်ယူလိုက်မယ်. . .'

ဟုဆိုလိုက်၏။ ထိုအကြံကို နှစ်ယောက်လုံးကလက်ခံ၏။ သူတို့နှစ်ယောက်က အဆောင်မှူးကို ဗွက်နှင့်သုတ်ထားကြသူတွေဆိုတော့ လူသိခံလို့မဖြစ်. . .။ ထို့ကြောင့် နှစ်ယောက်သား ငတက်ပြားခြေလှမ်းများနှင့် အဆောင်ပြင်သို့ ပြန်ထွက်သွားကြ၏။

ကျော်ကိုနှင့်ကောင်လေး နေရာယူပြီးမှ နိုင်လင်းက လက်ထဲမှ ရေခွက်နှင့် ဇော်ကြီးမျက်နှာကိုချိန်ပြီး ဆတ်ခနဲပက်ထည့်လိုက်သည်။

'အောင်မလေး ဘာကြီးလဲဟ. . .'

ဟူသော အော်သံနှင့်အတူ ဇော်ကြီးဝုန်းခနဲ ခုတင်ပေါ်ထထိုင်၏။ နောက်. . . သူ့မျက်လုံးအစုံ ဒန်အိုးကြီးနှင့်အုပ်ပြီး ဘာမှမမြင်ရ၍ 'အား'ခနဲ လန့်ပြီးအော်ကာ ခုတင်ပေါ်ရုန်းထရန်ပြင်သည်။ ခုတင်က သူ့လုံချည်နှင့် သိုင်းချည်ထား သည့်အတွက် ရုတ်တရက်ထမရ။ ဇော်ကြီးလန့်ပြီး. . .

'အမေရေ. . . ဘာဖြစ်လဲမသိဘူးဗျ. . .'

ဟုအော်ပြီး သူ့မျက်နှာတွင်အုပ်ထားသော ဒန်အိုးကိုဖယ်ရန် ကြိုးစားသည်။ သို့သော် လက်ထဲကငါးကြင်းခွက်ကသာ ဒန်အိုးကို ဒေါင်ခနဲ ပြန်ရိုက်မိသည်။ ထိုတော့မှ ဇော်ကြီးပို၍လန့်သွားပြီး. . .

'ဟင်. . . လက်. . . လက်. . . ငါ့လက်ဘယ်ရောက် သွားလဲ. . . ငါ့လက်ဘယ်ရောက်သွားလဲ. . .'

သူ့လက်က အလုံးတုံးတုံးကြီးဖြစ်နေသဖြင့် ဇော်ကြီးအံ့အားသင့်နေပုံရ၏။ ထိုလက်အလုံးကြီးနှင့်ပင် ယောင်ပြီး ခေါင်းပေါ်ကဒန်အိုးကို

www.burmeseclassic.com



အတင်းတွန်းဖယ်ကြည့်၏။ ငါးကြင်းဖန်ခွက်နှင့် ထမင်းပေါင်းအိုးထိသံသာ တဒေါင်ဒေါင်နှင့်ဆူညံသွား၏။ ပေါင်းအိုးက နိုင်လွန်ကြိုးနှင့် မေးမှာသိုင်းချည်ထားသည့်အတွက် ကျွတ်ထွက်မသွားပေ. . .

'အမေရေ. . . တစ်ဖက်တော့သွားပြီဗျ. . .'

ဟုအော်မိအော်ရာ အော်ပြီး. . . နောက်လက်တစ်ဖက်ကို ထုတ်ရန်ကြိုးစား၏။

'ဟင်. . .'

သူ့လက်ထဲတွင် ဆိုလိုတိတ်နှင့်ပတ်ထားသော အုန်းလက် တံမြက်စည်းကြီးက တခြားခုတင်အောက်ဝင်နေသဖြင့် တော်ရုံနဲ့ပြန်ထုတ်လို့မရ. . .။ လက်ဖဝါးကလည်း ဆိုလိုတိတ်နှင့်လုံးထားသည့်အတွက် ဖြန့်၍မရ။ ဇော်ကြီး၏ကြောက်စိတ်များ ငယ်ထိပ်သို့တက်ဆောင့်ပြီး. . .

'အောင်မလေး. . . အမေရေ. . . လက်. . . လက်တွေ လုံးကုန်ပြီဗျ. . .'

သံကုန်ဟစ်အော်ပြီး ခုတင်ပေါ်မှ ဝုန်းခနဲခုန်ထလိုက်၏။ သူအတင်းရုန်းထလိုက်သောအရှိန်ကြောင့် ခုတင်နှင့်တွဲဝတ်ထားသော လုံချည်ကြီးကကျွတ်ကျန်ခဲ့သည်။ ဇော်ကြီးအားရဝမ်းသာ ခုတင်ပေါ်မှခုန်ချလိုက်ရာ. . .

'ဂွမ်. . .'

ခြေထောက်တွင်စွပ်ထားသောဂန်ဖလားမည်သံကြောင့် ဇော်ကြီးပြန်လန့်ပြီး ခုန်ဆွခုန်ဆွဖြစ်သွား၏။

'ဟင်. . . ငါ့ခြေထောက်. . . ငါ့ခြေထောက်. . .'

ဟုဆိုပြီး ခုန်ကြည့်သည်။ ဂန်ဖလားနှင့် ကြမ်းပြင်ထိသံ တဂွပ်ဂွပ်နှင့်သာပေါ်နေ၍ ဇော်ကြီးအံ့အားသင့်သွား၏။ နောက်မှ သတိရပြီး ဂန်ဖလားကို ငုံ့ကိုင်သည်။ လက်ကအုန်းလက်တံမြက်စည်းကြီးက ကြမ်းပြင်ကို ဂွပ်ခနဲထောက်နေသဖြင့် ငုံ့၍မရ။ ဒီကြားထဲ လည်ပင်းတွင်ဆွဲထားသောမတ်ခွက်များ၊ ဒန်အိုးများက ကလုံကလန် ကလုံကလန်နှင့် စီညံနေ၏။

'အောင်မလေး. . . အမေရဲ့. . . ခြေထောက်လည်းလုံးပြီဗျ. . .'

ဟူသောအော်သံနှင့်သာ ကြောက်လန့်တကြား ဂန်ဖလားကို ကန်ချွတ်၏။ ဂန်ဖလားက ဆိုလိုတိတ်နှင့် အပီအပြင်ပတ်ထားသည့်အတွက်

www.burmeseclassic.com



ကန်ချွတ်၍မရ။ တဂွပ်ဂွပ်မြည်သံများနှင့်သာ သူ့ခြေထောက်မှာစွပ်လျက် သား. . .

ထိုအသံများကြောင့် အဆောင်သားအားလုံးနိုးလာပြီး ထကြည့်ကြသည်။ တံမြက်စည်းကြီးတစ်ဖက်နှင့် ထမင်းပေါင်းအိုးကြီးအုပ်ထားသော ဇော်ကြီးကိုမြင်တော့ အားလုံးအံ့အားသင့်သွားကြ၏။ ဇော်ကြီးက ထိုအဖြစ်ကိုမသိသေး. . .။

'ဟာ. . . ခြေတွေလက်တွေ သွားပြီဗျ. . . သွားပြီ. . .'

ဟုအော်ပြီး ဝရုန်းသုန်းကားနှင့် အဆောင်ထဲပတ်ပြေးနေ၏။ အဆောင်သားများကလည်း ဇော်ကြီးကို ဘာလုပ်လို့လုပ်ပေးရမှန်းမသိဘဲ ကြောင်ငေးကြည့်နေကြ၏။ ကြာလာတော့ ဇော်ကြီးဒေါသထွက်လာသည်ထင့် လက်တွင်ရှိသောအုန်းလက်တံမြက်စည်းကြီးနှင့် မီရာကိုလိုက်ရိုက်သည်။

'အင်းဟာ. . . အင်းဟာ. . . ဘယ်ကောင်တွေလဲကွ ငါ့ကိုလုပ်တာ. . . အင်းဟာ. . .'

'ဝုန်း. . .'

'ဖလုံး. . .'

အဆောင်တွင်း ဇော်ကြီးတစ်ယောက်တည်း ရှုန်းရင်ဆန်ခတ်ဖြစ်နေ၏။

အဆောင်တွင်းမှ ထိုကဲ့သို့ဝုန်းဒိုင်းအသံများကြားသော် ခုနမျက်နှာဖြူကြီးမြင်၍ သတိမေ့နေသော အဆောင်မှူးသတိရလာပြီး ကုန်းရုန်းထကာ. . .

'ဟင်. . . ဒါ. . . ခုနကောင်တွေပဲဖြစ်မယ်. . . ငါလာပြီကွ. . ငါလာပြီ ဟိုင်းယား. . .'

ဟုဆိုပြီး ဟိုနှစ်ကောင်ကိုဆုံးမရန် အားတင်းအံကြိတ်၍ အဆောင်ထဲ စွပ်ခနဲပြေးဝင်သွားလေရာ. . .

'ဖြောင်း . . .'

'ဖြောင်း . . .'

'ဟင်. . .'

အဆောင်မှူး အဆောင်ဝသာရောက်သေး၏။ မည်းမည်းမြင်ရာ

www.burmeseclassic.com



လှမ်းရိုက်နေသော ဇော်ကြီး၏အုန်းလက်တံမြက်စည်းက သူ့ ခေါင်းပေါ် နှစ်ချက်ဆင့်ကျသွားသည်။

အဆောင်မှူးလည်း သူထင်သလိုမဟုတ်ဘဲ အဆောင်ထဲဝင်ဝင်ချင်း အုန်းလက်တံမြက်စည်းနှင့် အရိုက်ခံလိုက်ရသည့်အတွက် ကြောင်ပြီး ပါးစပ်လေးဟ၍ရပ်နေမိ၏။ ပြီးနောက် ဇော်ကြီးကိုလည်း ဂြိုဟ်သား တစ်ယောက်ကို ရုတ်တရက်မြင်လိုက်ရသလို ငေးကြည့်နေ၏။ ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေကြောင့် အဆောင်မှူးလည်း ဟန့်တားရန် မေ့နေပုံရ၏။

ဒါကိုဇော်ကြီးကလည်း အသံကြားရာ ယိုင်တိုင်ယိုင်တိုင်နှင့် အရှေ့တိုးလာပြီး ငါးကြင်းဖန်ခွက်စွပ်ထားသော လက်ကိုမြှောက်၍ 'အင်း ဟာ' ဆိုပြီး ခေါက်ထည့်လိုက်ရာ. . .

'ဒေါင်. . .'

ငါးကြင်းဖန်ခွက်က အဆောင်မှူး၏ ပြောင်နေသော နဖူးကို တိုက်ရိုက်ထိ၏။

ဖန်ခွက်နှင့်ထိသောအရှိန်ကြောင့် သူ့နဖူးပေါ်ချက်ချင်း အဖုနီနီကြီးတစ်ဖု သီးထွက်လာသည်။ အဆောင်မှူး သူ့အဖုကိုသူ မျက်လုံးလှန်ကြည့်၏။ နောက်မှ မျက်လုံးသုံးပတ်ခန့်လည်သွားကာ ဒိုင်းခနဲအနောက် ပြန်လဲကျပြီး အဆောင်လှေကားထစ်အတိုင်း ခေါင်းတော်နှင့် တစ်ထစ်စီ ဆင်းချသွားလေသည်။

ထိုတော့မှ အဆောင်သားအားလုံးက. . .

'ဟ ဟ . . . အဆောင်မှူးထိပြီဟ. . . အဆောင်မှူးထိပြီ'

'ဟဟ. . . လုပ်ကြပါဦးဟ. . .'

ဆို၍ အားလုံးဇော်ကြီးကိုထဖမ်းကြသည်။ နောက် ဇော်ကြီးတွင် ပတ်ထားသည့် ဆိုလိုတိတ်များကို လူအင်အားသုံး၍ ဆွဲခွာပေးကြသည်။ အဆောင်မှူးကတော့ မြေပြင်ပေါ်ခေါင်းချ၊ လှေကားပေါ်ခြေတင်ပြီး ပက်လက်ကြီးငြိမ်နေတုန်း. . .။

သူ့မျက်လုံးက လည်တွတ်လည်တွတ်နှင့် နတ်သမီးအိပ်မက်မက် နေပုံရ၏။

ကျော်ကို၊ ကောင်လေးနှင့် နိုင်လင်းကတော့ မည်သူမှသူတို့ကို

www.burmeseclassic.com



မမြင်ခင် တခွိခွိနှင့်ကြိတ်ရယ်ပြီး အဆောင်ပြင်သို့ ခြေဖျားထောက်ထွက်သွားကြသည်။

◆ ◆ ◆

www.burmeseclassic.com



“ကဲ . . . တို့တွေဒီညတော့ အဆောင်ထဲပြန်လို့ရတော့မှာ မဟုတ်ဘူး. . . ဒီတော့ ဘာဆက်လုပ်ကြမလဲ. . . ’

ကျော်ကို၏စကားကို ကောင်လေးနှင့်နိုင်လင်း ငေးငိုင်သွားကြ၏။ လယ်ကွင်းပြင်မှ တိုက်ခတ်နေသော လေပြေညှင်းတို့သည် စပါးပင်များကို ဖြတ်သန်းကာ ကောင်းကင်၏ရင်ငွေ့ကိုခိုလှုံနေ၏။

‘အေးကွ. . . အပြင်မှာ တစ်ညလုံးနေရမှာဆိုတော့ ပျင်းစရာကြီး’

‘အေး. . . တို့တွေ လူစုံတုန်း တစ်ခုခုတော့ ထပ်လုပ်ဖို့ကောင်းတယ်. . . ’

သုံးယောက်လုံးငြိမ်ကျသွားပြန်၏။ ဟိုးအဝေးကြီးတွင်မြင်ရသော လယ်စောင့်ခြေတံရှည်တဲကလေးနှင့် သူတို့ကိုရယ်ပြနေသရောင်ရှိသော ငှက်ခြောက်သည့်စာခြောက်ရုပ်ကို ငေးကြည့်နေကြ၏။ အတန်ကြာမှ နိုင်လင်းအကြံရသွားသလိုဟန်ဖြင့်. . .

‘ငါသိပြီ’

‘ဘာလဲ. . . ဘာလဲ. . . ’

‘ဘာလုပ်ဖို့လဲ. . . ’

ကျော်ကိုနှင့်ကောင်လေးက အားတက်သရောမေး၏။ ဒါကို

www.burmeseclassic.com



နိုင်လင်းက ခါးကိုခပ်မတ်မတ်ဆန့်ရင်း. . .

'တို့တွေ အဆောင်ထဲပြန်ဝင်လို့မရတဲ့အဆုံး မဥ္ဇူဆောင်ဘက်သွားရအောင်. . .'

'ဟင်. . . အမျိုးသမီးဆောင်ကို. . .'

'အေးလေ. . . မိန်းကလေးဆောင်. . .'

ကျော်ကိုနှင့်ကောင်လေး မျက်မှောင်ကြုတ်သွား၏။ ဒါကို နိုင်လင်းက. . .

'အမျိုးသမီးဆောင်. . . ဘာဖြစ်လဲ. . .'

'အ. . . အမျိုးသမီးဆောင် တို့ဝင်အိပ်လို့ဖြစ်ပါ့မလား. . .'

ကျော်ကိုက သူဖြစ်ချင်တာပြော၏။ ဒါကို နိုင်လင်းကမျက်လုံးကို အောက်ချပြီး. . .

'အာ. . . မင်းကလည်း ဝင်အိပ်လို့တော့ဖြစ်မလားကွ. . . ခွီးထဲမှ ပဲ. . . အမျိုးသမီးဆောင်ပါဆိုမှ လူမပြောနဲ့ အိမ်မြှောင်တောင် တစ်ဆောင်လုံးအမြီးဖြတ်ထားတာ. . .'

'အမ်. . . ဒါဆို ဘယ်လိုလုပ်မှာလဲ. . . ငါတော့ အမြီးအဖြတ်မခံနိုင်ဘူးနော်. . .'

'ဟကောင်ရ. . . အပြင်ကနေအော်မှာပေါ့ကွ. . အပြင်ကနေ အော်မှာပေါ့. . . သီချင်းဆိုမယ်ကွာ. . . ကပြမယ်ကွာ. . . မကောင်းဘူးလား. . . အပြင်ကအော်တာ ဘာအမြီးမှဖြတ်လို့ရမှာမဟုတ်ဘူး. . အဝေးကြီး. . .'

နိုင်လင်း၏စကားကြောင့် အားလုံးအားတက်သွားပြီး. . .

'ကောင်းလိုက်တဲ့အကြံကွာ. . . မင်းမှာ အဲဒီအကြံကောင်းတွေ ရှိလို့ အရပ်ပုနေတာ. . . သွားကမယ်. . . ငါက အကပိုင်တယ်. . . မဥ္ဇူဆောင်မှာ ဖျော်ဖြေရေးစရအောင်. . .'

'ကောင်းတယ်ဟေ့. . . မဥ္ဇူဆောင်ရှေ့သွားပြီး ငါတို့ရဲ့သာယာနာပျော်ဖွယ်သန္ဓတွေနဲ့ အပီအပြင်ဖျော်ဖြေပေးရအောင်. . . နိုင်လင်း မင်းက သိပ်တော်တဲ့ကောင်ကွာ. . . မင်းဒီလိုအကြံကောင်း ဉာဏ်ကောင်းတွေရှိလို့ ခြေတိုပြီး တင်ကောက်နေတာ. . .'

သူတို့၏စကားကို နိုင်လင်း မရှိ ရှိတာလေးကော့ပြီး မိန့်မိန့်ကြီး

www.burmeseclassic.com



ပြုံး၏။

'ကဲ . . . သိပ်လည်းချီးမွမ်းမနေနဲ့. . . နောက်ကျရင် ကောင်မလေးတွေ အိပ်ကုန်လိမ့်မယ်. . .'

'ဒါကြောင့်. . .'

'သိပြီ ကဲ. . .'

'. . . . . . .'

'ချီတက်. . . .'

သုံးယောက်သား တစ်ယောက်ပခုံးတစ်ယောက်ဖက်၍ ကုပ်ကွကုပ်ကွနှင့် မဥ္ဇူဆောင်ဘက်ချီတက်သွားကြ၏။

ကောင်းကင်ယံတွင် လက်ဖြာနေသောကြယ်စင်တို့ကတော့ သူတို့၏အလင်းရောင်ကို ပို၍ထွန်းညှိလိုက်ပြီး ခွက်ခွက်လန်ရယ်မောရင်း ပြင်ဆင်နေတော့၏။

◆ ◆ ◆

www.burmeseclassic.com



"**အင်္ဂလန်**ကိုမောင်လေပြန်ရတော့. . မယ်. . . မောင်သိပ် ချစ်တဲ့ပွား. . . ရေ. . . '

'ဟကောင်ရေ. . . မင်းသီချင်းကြီးက ဘာကြီးလဲကွ. . . '

ကောင်လေး၏သီချင်းကို နိုင်လေးကဖြတ်မေး၏။ ဒါကို ကောင်လေးက. . .

'အင်္ဂလန်ကိုမောင်လေပြန်ရတော့မယ်ကွာ. . . '

'အောင်မာ. . . မင်းက အင်္ဂလိပ်လား. . . '

'အေးလေကွာ. . . မယုံရင် ငါ့မေးရိုးကိုကြည့်ပါလား. . . နှယ်နှယ်ရရမေးရိုးမဟုတ်ဘူး. . . ဒါ အင်္ဂလိပ်မေးရိုး. . . '

ကောင်လေးက သူ့မေးရိုးကိုလက်နှင့်ခွကိုင်ရင်းပြော၏။ ဒါကို ကျော်ကိုက ကောင်လေးတင်ပါးကိုလက်ညှိုးထိုးပြီး. . .

'ဒါဆို ဒီရှုံ့ရှုံ့ကြီးကရော. . . '

'ဒါက တောင်အာဖရိကတင်ပါးဆုံလေးကွာ. . . အလုပ်ကြမ်းလုပ်ရလွန်းလို့ ရှုံ့သွားတာ. . . '

'အောင်မာ. . . တင်ပါးဆုံကတောင် အလုပ်ကြမ်းထွက်လုပ်ရတယ်ရှိသေး. . . ဒါဆို မင်းရင်ဘတ်က ညှင်းတွေကရော. . . '

www.burmeseclassic.com



'မင်းဒိုက်အာကြီးနဲ့ ညှင်းလို့မပြောစမ်းပါနဲ့. . . ဒါက ကမ္ဘာမှာ ငါနဲ့မိုက်ကယ်ဂျက်ဆင်နှစ်ယောက်ထဲပေါက်တဲ့ ရောဂါကွ. . . ကြာရင် အလိုလိုနေရင်း အသားဖြူဖွေးလာမှာ မယုံရင်စောင့်ကြည့်. . . နှစ်ပတ် အတွင်း သိသာစေရမယ်. . .'

'အောင်မာ. . . ရောဂါတောင် တော်ရုံလူနဲ့မနိုင်ဘူး. . မိုက်ကယ် ဂျက်ဆင်နဲ့မှ တက်နိုင်းရတယ်လို့. . . ဟိုက မင်းလိုရောဂါရလို့ ဖြူလာတာ မဟုတ်ဘူး. . . အရေခွံချွတ်လဲထားတာ. . .'

'ဟင်. . . ဒါဆို မိုက်ကယ်ဂျက်ဆင်က မြွေပေါ့. . .'

'ကဲ. . . တော်ကြပါတော့ကွာ. . . မင်းတို့ကလည်း ဘာမှန်းမသိ အရည်မရ အဖတ်မရ လျှောက်ပြောနေတယ်. . . မဥ္ဇူဆောင်ရှေ့ရောက် ရင် ဘာစလုပ်မယ်ဆိုတာ အရင်စဉ်းစားဦး. . .'

သူတို့၏ မဆုံးနိုင်သောစကားကို နိုင်လင်းကဖြတ်ပြော၏။ ဒါကို ကောင်လေးက တစ်ချက်ရပ်၍ စဉ်းစားလိုက်ပြီး. . .

'သီချင်းအရင်စဆိုရရင်ကောင်းမလား. . . ဒါမှမဟုတ် အကနဲ့ စဝင်ကောင်းမလား. . .'

သူ့ဇဝေဇဝါစကားကို ကျော်ကိုက မျက်မှောင်ကြီးကြုတ်ပြီး. . .

'ကောင်လေး မင်းကအကကောင်း အဆိုကောင်းဟာကိုး . . အဲဒီလို ဆိုနေ ကနေရင် တို့အတွက်ဘာအကျိုးရှိမှာလဲ. . ."

'ဒီတော့. . .'

'ဒီတော့. . .'

ကျော်ကိုက စကားကိုထပ်မဆက်သေးဘဲ အိုက်တင်ခံနေ၏။ အနည်းငယ်ကြာမှ. . . .

'ဒီတော့ကာ. . . အခုဟာက မင်းလည်းအသည်းကွဲ . . . ငါ လည်း အသည်းကွဲနေတယ် . . . နိုင်လင်းကလည်း ရှုချင်ရင်တောင် ရှုစရာ မရှိဘူး မဟုတ်လား. . .'

'ငါလည်း ရှုဖို့ကြိုးစားပါတယ်ကွာ ဒါပေမဲ့ ကံကိုမလိုက်ဘူး'

"ဒီတော့ တို့ကွဲနေတဲ့အသည်းလည်း ပြန်ဆက်သွားအောင် နိုင် လင်းလည်း ရှုချင်ရင်ရှုစရာရှိအောင် ကောင်မလေးတွေ တစ်ယောက် ပြီးတစ်ယောက် ရည်းစားစကားအော်ပြောမယ်. . . မကောင်းဘူးလား"

www.burmeseclassic.com



"ကောင်းတယ်. . . ဟုတ်တယ်. . . ပွားပွားကြောင့် ကွဲနေတဲ့ အသည်းကို အိုဗာဟွန်းပြန်လုပ်ရမယ်. . ."

"ကောင်မလေးတစ်ယောက်ရဲ့အသည်းနဲ့ပြန်ပြီး (Link) လင့်(ခ်) လုပ်ရမယ်ကွ ဟားဟား. . ."

"ဟားဟား . . . ကောင်းတယ်ကွာ. . . မင်းအကြံ. . . မင်းမှာ ဒီလို အကြံကောင်းဉာဏ်ကောင်းတွေရှိလို့ ရှေ့သွားတိုပြီး အသားမည်းနေတာ. . ."

ဟုဆိုရင်း မဥ္ဇူဆောင်ရှေ့ ခပ်သွက်သွက် လှမ်းသွားကြလေသည်။

◆ ◆ ◆

www.burmeseclassic.com



**မည်းမည်းမှောင်**နေသော မဥ္စူဆောင်ကြီးသည် ဆင်မယဉ်သာကြီးတစ်ကောင်လို ညင်သာစွာ ငိုက်မြည်းနေလေသည်။

လုံခြုံအောင်ခတ်ထားသော ဝင်းတံခါးသံပန်းများသည်လည်း အင်္ဂလိမာဋ္ဌဖြတ်ခဲ့သော လက်ညှိုးများကို ကြိုးနဲ့ချည်ပြီး သွယ်တန်းထား သလို ထိုးထိုးထောင်ထောင်နှင့် ကပိုကရိုနိုင်လှ၏။ အားလုံးအိပ်ချိန်မို့လား မသိ မီးများမှိတ်၍ တိတ်ဆိတ်နေသည်။

“ကဲ. . . ဘယ်သူ့ဆီက အဖြေကို ဘယ်သူအရင်စတောင်းမလဲ”

ခြေတံရှည်ကင်းတဲလေး၏ အမှောင်ဆုံး၊ ချောင်အကျဆုံးနေရာမှာရပ်၍နေရာယူထားသော ကောင်လေး၏စကားကြောင့် ကျော်ကို မျက်မှောင်ကြုတ်လိုက်သည်။ ကင်းသမားကတော့ တာဝန်ကျေပြွန်သော ရှေးကင်းသမားကြီးတို့၏ ထုံး နှလုံးမူလျက် ဟောက်၍ပင်နေပြီ။ သူ့ခမျာ ဒီလိုမီးကင်းကျမှ ကောင်းကောင်းအိပ်စက်အနားယူရသည်ထင့် အိပ်တာမှ ပိုးစိုးတဲ့မှပက်စက် ပိုးလိုးတဲ့မှပက်လက်. . .။

“သုံးယောက်အတူလာတာဆိုတော့ တစ်ယောက်တည်းထွက်ပြောရင် မတရားရာကျလိမ့်မယ်ထင်တယ်။”

နိုင်လင်းက အကြံပြု၏။ ဒါကို ကျော်ကိုကလည်း ခေါင်းညိတ်

www.burmeseclassic.com



၍. . .

"အေး. . . ဟုတ်တယ်. . တစ်ယောက်တည်းပြောလို့ကတော့ ဘယ်တရားမလဲ. . . ဒါပေမဲ့ သုံးယောက်လုံးကြီးကျတော့လဲ. . . "

"ဒါဆို သုံးယောက်လုံး အပြင်ထွက်ပြီး တစ်ယောက်တစ်လှည့် ပြောမယ်ကွာ. . . မကောင်းဘူးလား. . . "

"အေး. . . အဲဒီအကြံကောင်းတယ်။ ကောင်လေး. . . မင်း အသားက ညှင်းစွက်နေတော့ ပိုလည်းဖြူသယောင်ရှိတယ် အသံလည်းပြဲ တယ်. . . မင်းစပြော . . . "

ကျော်ကို၏အဖြေကိုရသည်နှင့် ကောင်လေးခါးတောင်းမြှောင် နေအောင်ကြိုက်လိုက်သည်။ ခွင်နေသောခြေထောက်က ဒူးနှစ်ဖက်သာ ထိပြီး ခြေဖဝါးနှစ်ဖက်က တစ်တောင်ကျော်ကွာနေ၏။

"အေး. . . ဒါဆို ငါအရင်စအော်မယ်. . . "

ဟုဆို၍သုံးယောက်သား ခွင်ကောက်ခွင်ကောက်နှင့် အဆောင် ခြံစည်းရိုး အုတ်ပတ်ကားတက်ရန်ချထားသောသဲပုံပေါ် ဒူးထောက်ချလိုက် ၏။ ပြီးတော့ ကောင်လေးက ကျယ်လောင်အားပါသော မောင်းကွဲသံကြီး ဖြင့်. . .

"မြမြဝင်း. . . မြမြဝင်း. . . "

ကောင်လေး၏အသံကွဲကြီးကြောင့် အဆောင်တွင်ခိုအောင်းနေ သော ငှက်ဆိုးတချို့ ဝုန်းခနဲထပြန်သွား၏။

"မြမြဝင်းရေ. . . မြမြဝင်း. . . "

အသံကိုမြှင့်၍ ထပ်အော်လိုက်သော ကောင်လေး၏ မောင်းကွဲသံ ကြောင့် အဆောင်အတွင်း အခန်းတစ်ခန်းမှ ဖျတ်ခနဲမီးလင်းသွား၏။

နောက်ထိုအခန်းထဲမှပင် အိပ်မှုန်စုံမွှားနှင့် မျက်ချေးများသုတ်ပြီး မြမြဝင်းထွက်လာ၏။

နောက်အဆောင်အပြင်ဘက်သို့ လှမ်းကြည့်ကာ. . .

"ဘယ်သူလဲ. . . ဘာကိစ္စလဲ. . . "

ဟုအော်မေး၏။

"ငါပါ. . . ကောင်လေးပါ။ ကိစ္စကတော့ ငါ့ရဲ့အချစ်ကိစ္စ. . "

"ဘာ. . . "

www.burmeseclassic.com



မြမြဝင်းထံမှ အော်သံပြန်ကြားရ၏။ ဒါကို ကောင်လေးက အားတက်သွားပြီး. . .

"ဟုတ်တယ် မြမြဝင်း၊ နင့်ကို ငါချစ်တယ်။ နင် ငါ့ကိုချစ်မလား"

သူတို့အော်သံကြောင့် အဆောင်ထဲမှအခန်းတချို့ မီးလင်းလာ၏။ နောက်ကောင်မလေးတချို့ အဆောင်ပြင်သို့ ထွက်ကြည့်ကြသည်။ ဒါကို ကောင်လေးက သူ့ကိုယ်သူ မြန်မာဗွီဒီယိုမင်းသားများ အောက်မေ့၍လား မသိ၊ နံဘေးမှ သဲတစ်ဆုပ်ယူကာ. . .

"ငါတကယ်ပြောတာပါ မြမြဝင်း. . . နင့်ကိုငါတကယ်ချစ်တာပါ. . . မယုံရင် ဟောဒီသဲတွေကိုင်ပြီး ကျိန်ရဲပါတယ်။ ငါမဟုတ်တာ မမှန်တာပြောခဲ့ရင် ဟောဒီသဲပွင့်တွေလောက် အိမ်ထောင်ကျရပါစေရဲ့. . . "

သူ့စကားကြောင့် မြမြဝင်းဒေါသထွက်သွားသည်။ သူ၏ တုတ်ခိုင်သော ဗိုက်ပေါ် လက်ထောက်၍. . .

"ဟင်. . . ဟဲ့အကောင်. . . နင့်ကိုငါက ဘာလို့ပြန်ချစ်ရမှာလဲ. လူပါးဝလို့ အဆောင်ရှေ့လာအော်နေရတယ်လို့ . . . မချစ်နိုင်ဘူး. . . သွား. . . ပြန်. . . '

မြမြဝင်းက ကောင်လေးကိုမချစ်နိုင်ဘူးဆိုသည်နှင့် ကျော်ကိုနှင့် နိုင်လင်းက အားရဝမ်းသာဖြစ်သွားကြသည်။

နောက် ကျော်ကိုက သေးညှောင်ကျယ်လောင်သောအသံဖြင့်. .

"မြမြဝင်း. . . မြမြဝင်း. . . နင်ကောင်လေးကို မချစ်နိုင်ဘူး ဆိုတာ သိရလို့ ငါဝမ်းသာတယ်. . . ငါ့ကိုရောချစ်နိုင်မလား. . . "

မြမြဝင်း မျက်မှောင်ကြုတ်သွားပြန်သည်။ ပြီးနောက် အပြင်သို့ မျှော်ကြည့်ပြီး. . .

"ဟင်. . . ဘယ်သူလဲ. . . ဘယ်ကောင်လဲ. . . "

"ငါ့နာမည် အပျိုကလေးများ နှပ်ညှစ်အော်ငိုတဲ့ ဘိုကလေးသား ဂရပ်ဖစ်ကျော်ကိုပါ။ ငါနင့်ကို ကြိတ်ပိုးနေတာ အတော်ကြာပြီ. . .။ ငါနင့်ကိုချစ်နေတာ နင်မသိလို့ပါ။ နင်တနင်္လာနေ့က ဖက်ဖူးရောင်လေးဝတ်လာတာအရမ်းလှတယ်. . ဟာ။ ငါ့မှာရင်တုန်လွန်းလို့ နင့်ကိုမျက်နှာချင်းဆိုင် မကြည့်ရဲတာနဲ့ အိမ်သာထဲဝင်ပြီး ချောင်းကြည့်နေရတယ်. . .။ နင်မယုံရင်

www.burmeseclassic.com



ဒီသဲပုံကိုကိုင်ပြီး သစ္စာပြုရပါတယ်။ ငါ မဟုတ်မမှန်တာပြောခဲ့ရင် ဟောဒီလက်ထဲက သဲဆုပ်လောက် မိန်းမအရေအတွက် ရရပါစေရဲ့. . . အင်း. . တယ်ကောင်း. . . အဟိ. '

ကျော်ကို စကားကြောင့် မြမြဝင်းထပ်ပြီး ဒေါသထွက်သွားသည်။ ထိုကြောင့် အသံပိုကျယ်အောင် သူ၏ဝမ်းဗိုက်ကိုညှစ်၍ ကုန်းအော်၏။

"အောင်မာ. . . လာပြန်ပြီတစ်ယောက်၊ နင့်လိုကောင်ကို ငါက ဘာကိစ္စချစ်ရမှာလဲ. . . ငါ့ဘာသာငါ ဖက်ဖူးရောင် ဝမ်းဆက်ဝတ်လာတာ၊ နင်ဘာကိစ္စ အိမ်သာထဲဝင်ချောင်းရတာလဲ. . . နောက်တစ်ခါ ချောင်းရဲ ချောင်းကြည့်၊ အိမ်သာထဲဝင်ပြီး ပါးကိုဘယ်ပြန်ညာပြန်ချပစ်မယ်. . . နင့်ကိုလည်းမချစ်နိုင်ဘူး. . . ဒါပဲ. . . "

"မြမြဝင်း. . . မြမြဝင်း နေပါဦး. . . "

မြမြဝင်း အခန်းထဲလှည့်ဝင်မည်ပြုစဉ် ထပ်ပေါ်လာသော အသံ သြသြတစ်ခုကြောင့် ခြေလှမ်းရပ်ပြီးပြန်လှည့်ကြည့်၏။ နောက် မျက်မှောင်ကြုတ်၍. . .

"လုပ်ပြန်ပြီ. . . ဘယ်သူလဲ. . . "

"ငါပါဟ. . . အပြင်လူခဏတဖြုတ်ထိုင်ပျင်းတဲ့ အင်္ဂပူ ဝတုတ်နိုင်လင်း. . . "

နိုင်လင်းအသံကြားတော့ မြမြဝင်း မျက်လုံးပြူးသွားပြန်၏။

"ဟင်. . . နင်ကရော ဘာကိစ္စလဲ. . . "

"ကိုယ်လည်း အချစ်ကိစ္စပါပဲ မြမြဝင်း. . . ဒီအချစ်ကိစ္စ ပတ်သက်ပြီးတော့ကာ ငါလည်းနင့်ကို ချစ်နေတာ. . . ချစ်နေတာ . . . ဒါလေးပြောချင်တာပါ။ တနင်္လာနေ့က နင်ဖက်ဖူးရောင်ဝမ်းဆက်လေးဝတ်လာတာ ဒီနှစ်ကောင်တင်မဟုတ်ပါဘူး ဟောဒီ ကိုနိုင်လင်းကြီးလည်း မြင်ပါတယ်။ မြမြဝင်း. . . မြမြဝင်း. . . မင်းရဲ့ အလှဂုဏ်အင်ကို ဒွဲမရှုနိုင်လို့ ဟောဒီ ကိုနိုင်လင်းကြီးလေ. . . မောင်ကျော်ကိုဆိုတဲ့ကောင်နဲ့ တစ်ယောက်လက်တစ်ယောက်ဆုပ်ပြီး အိမ်သာထဲကပဲချောင်းနေခဲ့ရတာပါ မြမြဝင်း. . ။ ဒါပေမဲ့ မြကိုချစ်တော့ နံတာကိုသည်းခံ ခြေစုံကန်ပြီး ရှူရှိုက်ခဲ့ရသူပါ မြမြဝင်း ကိုယ်မြကို နံနေတာအတော်ကြာပါပြီ. . . အဲလေ. . . ချစ်နေတာပြောပါတယ်။ အခုပြောရင်းတောင် အသံ. . . အသံ

www.burmeseclassic.com



တုန်လာပြီ. . . ဒါကြောင့် မြေအကြောင်းတွေအားလုံး စုံစမ်းထားပါတယ်. . . တစ်ပတ်မှာ ရေနှစ်ရက်ပဲ ချိုးတယ်ဆိုတာရယ်. . ပြီးတော့ကာ အိမ်သာတက်တိုင်း ရေမ. . . ”

“တော်. . . တန်. . . တိတ်. . . ”

နိုင်လင်း၏ စကားပင်မဆုံးလိုက်၊ ဆုံးအောင်နားထောင်လျှင် လည်း မည်မျှအရှက်ကွဲမည်မပြောတတ်၊ မြမြဝင်း အရှက်သည်းစွာ သံကုန် ဟစ်အော်၏။ နောက်တော့ သုံးယောက်လုံးကို လက်ညှိုးစုံထိုးကာ. . .

“နင်တို့သုံးယောက်လုံးကို ငါမချစ်နိုင်ဘူး. . . ဒါပဲ ငါ့ဘာသာ ရေမချိုးတာလည်း နင်တို့စုံစမ်းစရာမလိုဘူး. . . ဟန်ကျပန်ကျရေချိုးပြီး တော့လည်း ပကာသနမလုပ်နိုင်ဘူး. . နင်တို့ဘာသာနင်တို့ ငါ့ကို အိမ်သာ ကျင်းထဲကပဲ ချောင်းချောင်း အိမ်သာခေါင်မိုးကပဲ ချောင်းချောင်း. . . ငါကတော့ လုံးဝမချစ်နိုင်ဘူး. . . ဒါပဲ. . . ”

ဟုဆို၍ ဘောက်ဆတ်ဘောက်ဆတ်နှင့် အဆောင်ထဲပြန်ဝင် သွားလေတော့၏။ ထိုတော့မှ သုံးယောက်သား တစ်ယောက်မျက်နှာ တစ် ယောက်ပြန်ကြည့်၍. . .

“ကဲ. . . ဘယ်လိုလုပ်မှာလဲ. . . တစ်ယောက်တော့ ခါသွား ပြီ. . . ”

ကောင်လေးက ကျော်ကိုနှင့်နိုင်လင်းကို ဝေ့ကြည့်ရင်းပြော၏။ဒါကို ကျော်ကိုက သူ့အင်္ကျီလက်ကို ပြန်ပင့်တင်ရင်း. . .

“အိုး. . . မဥ္ဇူဆောင်တစ်ဆောင်လုံး သူတစ်ယောက်ရှိတာမှတ် လို့. . . ။ သူမချစ်ရင် တခြားသူတွေချစ်နိုင်မလား အကျိုးအကြောင်းသိ အောင် မေးကြည့်မှာပေါ့. . . တစ်ယောက်ပြန်ကြိုက်တော့ နည်းမှတ်လို့ . . . ”

“အေးလေ. . . ဟုတ်သား ဒီအဆောင်ထဲမှာ. . . မိန်းကလေး ဒီလောက်အများကြီးရှိတာ. . . တစ်ယောက်ယောက်တော့ တို့ကိုပြန်ချစ်နိုင် ကောင်းပါရဲ့. . . ”

ကျော်ကိုရဲ့စကားကို နိုင်လင်းကထောက်ခံ၏။ ထိုတော့မှ ကောင် လေးအားပြန်တက်သွားပြီး. . .

“အေး. . . ဟုတ်သား. . . ဒါဆို နောက်တစ်ယောက် ထပ်မေး

www.burmeseclassic.com



ကြည့်မယ်. . . ”

ဆိုပြီး မဥ္စူဆောင်ဘက်လှည့်၍. . .

“ဝေဝေပိုင်. . . ဝေဝေပိုင်. . . ”

ကောင်လေးအသံကြောင့် ဝေဝေပိုင်အခန်းမီးလင်းသွား၏။ နောက် အိပ်မှုန်စုံမွှားနှင့်ထွက်လာသော ဝေဝေပိုင်. . .။ ဝရန်တာရောက် တော့ အပြင်သို့ဝေ့ရှာရင်း. . .

“ဟေ့. . . ဘယ်သူလဲ ငါ့ကို အော်ခေါ်တာ. . . ”

“ငါပါ ကောင်လေးပါ. . . ”

ကောင်လေးဆိုသောကြောင့် ဝေဝေပိုင်မျက်မှောင်ကြုတ်သွား၏။

“ဘာကိစ္စလဲ. . . ပိုက်ဆံတော့ မချေးနိုင်ဘူးနော်. . . ”

“ပိုက်ဆံက နင်နဲ့ငါ ချစ်သူဖြစ်သွားမှ ချေးမှာပါ. . . အခုဟာက နင့်ဆီကပိုက်ဆံချေးနိုင်အောင် ငွေကြေးလည်ပတ်မှု ပင်မမြောင်းအရင် ဖောက်တာပါ. . . ”

“ဘာရယ်. . . ”

ကောင်လေးစကားကြောင့် ဝေဝေပိုင်ခေါင်းရှုပ်သွား၏။ ဒါကို ကောင်လေးက အားတက်သရောဖြင့်. . .

“ငါနင့်ကို ချစ်နေတာ အတော်ကြာပါပြီ. . . အဲဒါ နင်သိအောင် ငါလာပြောပြတာပါ။ တကယ်ပြောတာပါ ဝေပိုင်ရယ်. . . နင် မယုံရင် ဟောဒီသဲပွင့်တွေကိုင်ပြီး ကျိန်ပဲ့မယ်. . . ငါမဟုတ်တာပြောရင်. . . နင်နဲ့ ငါအိမ်ထောင်ကျသော် ဟောဒီသဲပွင့်တွေလောက် သားသမီးရတနာ ထွန်း ကားရပါစေရဲ့. . . ”

ကောင်လေးစကားကြောင့် ဝေပိုင်ဒေါသထွက်သွားပြီး. . . ပီယ ဝါစာချစ်ဖွယ်သောစကား ဤသို့ဆို၏။

“ဟဲ့. . . သေနာကောင်. . နင်ကငါ့ကို ချစ်တယ်လေး၊ ဘာလေး ပြောရအောင်. . . နင်နဲ့ငါက တူလို့တန်လို့လား. . . နောက်ပြီး. . . ငါက ကလေးမွေးနိုင်လွန်းလှ လေးငါးခြောက်ဒါဇင်ပေါ့. . . နင့်သဲပွင့်တွေ လောက်တော့မွေးနိုင်ဘူး. . . နင့်အခွက်ကြီးလည်း နင်ပြန်ကြည့်ပါဦး. . . ဆယ်ပြားစေ့ကို အပေါ် ထောင့်သွေးထားတဲ့ရုပ်နဲ့. . . . ”

“အို. . . ဒါတွေပြောမနေပါနဲ့. . . တြိဂံဆို တြိဂံ စတုဂံဆို စတုဂံ

www.burmeseclassic.com



ရှင်းရှင်းပြောပါ. . . နင့်ကိုငါချစ်တယ် . . . ငါ့ကိုနင် ပြန်ချစ်နိုင်မလား. . . ဒါပဲပြော. . . "

"ဟဲ့တြိဂံ မချစ်နိုင်ဘူး. . . မချစ်နိုင်ဘူး. . . ကိုင်းရှင်းပြီးလား မရှင်းသေးရင် နင့်အခွက်ကြီးကို ငါတံမြက်စည်းနဲ့ လာရှင်းပေးမယ်. . . ဒါပဲ. . . "

ဝေပိုင် ဒေါသတကြီးအော်၍ အခန်းထဲပြန်ဝင်မည်ပြုစဉ် ထပ်မံပေါ်ထွက်လာသော သေးညှောင်ညှောင်အသံက. . .

"ဝေဝေပိုင်. . . ဝေဝေပိုင်. . . ခဏနေဦး. . . "

ဝေဝေပိုင် ခြေလှမ်းရပ်ပြီး မျက်မှောင်ကြုတ်သွားပြန်၏။ နောက်အပြင်ဘက်ကို လှမ်းမျှော်ကြည့်ပြီး. . .

"ဟဲ့. . . ဘယ်သူပြန်တုံး. . . ဒါက . . . "

"ငါပါဟ. . . အပျိုကလေးများ နှပ်ညှစ်အော်ငိုတဲ့ ဘိုကလေးသားဂရပ်ဖစ်ကျော်ကို. . . "

ဝေပိုင်ကခါးထောက်လိုက်ပြီး. . .

"ဆိုပါဦး နင်ကရော ဘာကိစ္စလဲ. . . "

"ငါလည်း ကောင်လေးလိုပဲ အချစ်ကိစ္စပါ. . . "

"ဟင်. . . "

"ငါလည်း နင့်ကိုချစ်နေတာ အတော်ကြာပါပြီ. . . ဟိုလေ. ပြီးခဲ့တဲ့ တနင်္လာနေ့က နင်ပါတိတ်အင်္ကျီအပြာနဲ့ ထဘီမရမ်းရောင်လေးဝတ်လာတာ အရမ်းလှတယ်ဟာ. . . နင်မှတ်မိလား. . . နင့်ရှေ့မှာ ဖက်ဖူးရောင်ဝမ်းဆက်နဲ့ ဟိုလူစဉ်မမီတဲ့ဂျပုမလေး မြမြဝင်းလေ နင်သိတယ်မဟုတ်လား. . . အစကတော့ ငါလည်းသူ့ကိုကြည့်ပြီး. . . ရင်ခုန်နေတယ်မှတ်တာ. . . အသေအချာပြန်စဉ်းစားကြည့်မှ ဘယ်ဟုတ်မလဲ. . . နင့်ကြောင့်ရင်ခုန်လာမှန်း ငါသိလာတယ်. . . တကယ်ပါဟာ. . . နင့်ကိုမြင်တာနဲ့ ငါ့စိတ်ထဲ ဖလန်းဖလန်းထသွားတော့တာပဲ. . . ဒါကြောင့် နင့်ကိုတည့်တည့်မကြည့်ရဲတာနဲ့ အိမ်သာထဲကပဲ. . . ဖလန်းဖလန်းနဲ့ ဝင်ချောင်းနေရတော့တာ. . . ငါပြောတာမယုံရင် ဟောဒီသဲကိုင်ပြီး ကျိန်ပြပါ့မယ်. . မဟုတ်မမှန်တာပြောခဲ့ရင် ဟောဒီ သဲအရေအတွက်လောက် မိန်းမချောလေးတွေ ဝိုင်းကြိုက်ခြင်းခံရပါစေရဲ့ အဟိ. . . ဟင်း. . . တယ်ကောင်း"

www.burmeseclassic.com



ကျော်ကိုရဲ့စကားကို ဝေပိုင်ဒေါသပိုထွက်သွားပြီး . . .

"အောင်မာ. . . လာလာချည်သေး. . . နင့်ဘာသာနင် အိမ်သာထဲဖလန်းဖလန်းဝင်ထတာ ငါနဲ့ ဘာဆိုင်လို့တုန်း. . . နင့်ကိုရောငါက ဘာကိစ္စနဲ့ဖလန်းဖလန်းပြန်ထရမှာတုန်း. . . ညဘက်တွေ့လို့မှ အရိပ်မထင်တဲ့ ကောင်ကများ ငါ့ကိုချစ်သလေးဘာလေးနဲ့. . . သွားမချစ်နိုင်ဘူး. . . ဒါပဲ. . . "

ဟုဆို၍ အခန်းဘက်ပြန်လှည့်ဝင်ရန် ခြေလှမ်းပြင်စဉ် ပေါ်ထွက်လာသောအသံက. . .

"ဝေဝေပိုင်. . . ဝေဝေပိုင်. . . "

လေကအေးသည်။ အသံကသြသည်။ ကြားဖူးနေကျအသံတစ်ခုနှင့် ခပ်ဆင်ဆင်တူသည်။

ဝေဝေပိုင် မျက်မှောင်ကြုတ်သွားပြန်၏။

"ဟဲ့. . . ဘယ်သူလဲ. . . "

"ကိုယ်ပါ . . . ကိုယ်ပါ . . . ဝတုတ်နိုင်လင်းပါ. . . "

"နိုင်လင်း . . . ဟုတ်လား. . . ပြောပါဦး နင်ကရောဘာကိစ္စလဲ. . . "

"ကိုယ်လည်းလေ လောကီသားပေမို့ ပိုင်ပိုင့်ကို ကိုယ်လည်း ချစ်နေမိတာပါ. . ကိုယ်ပြောတာယုံလား မယုံရင်ကိုယ့်ကိုမေးကြည့် ဒီအကြောင်းတွေ ကိုယ်ကောင်းကောင်းသိတယ်. . . တနင်္လာနေ့ကလေ ပိုင်ပါတိတ်အပြာလေးဝတ်လာတာ အရမ်းလှတယ်. . . အရမ်းအရမ်းကို လှတယ်. . . ပိုင့်ကို ဒဲ့မရှုရဲ တာနဲ့ မောင်ကျော်ကိုနဲ့ ကိုယ်နှစ်ယောက်လုံး တစ်ယောက်ပခုံးတစ်ယောက်ဖက်ပြီး အိမ်သာထဲကပဲ. . . ဝင်ပြီးဖလန်းဖလန်းထနေရတော့တာ. . . နံတယ်လေနံတယ် နံတော့နံတာပေါ့. . . သို့ပေမဲ့ ပိုင့်ကိုချစ်တော့လည်း ဒီလိုပဲ အောင့်အီးသည်းခံရတော့တာလေ နောင်ဆိုလည်း ပိုင့်ဆီကရမယ့် အနံ့တွေပဲ ဟုတ်ဘူးလား. . . ပိုင့်အကြောင်းတွေလည်း ကိုယ်စုံစမ်းထားပါတယ်. . . ပိုင် အဆောင်မှာ ဟင်းခိုးစားတဲ့ အကြောင်းတွေ . . . ပြီးတော့ကာ . . . "

"တော်. . . တန်. . . တိတ်. . . "

နိုင်လင်း၏စကားမဆုံးခင် ဝေဝေပိုင်မှထအော်၏။ ပြီးနောက်

www.burmeseclassic.com



မျက်လုံးကြီးပြူးပြီး. . .

"နင်တို့ဘာသာနင်တို့ အိမ်သာထဲကပဲ ဖလန်းဖလန်းထထ. . . အိမ်သာခွက်ပေါ်ကပဲ ဆောင့်ကြောင့်ထိုင်ပြီး ဖလန်းဖလန်းထထ. . . ငါနဲ့ ဘာဆိုင်လို့လဲ. . . ငါ့ဘာသာငါ အဆောင်မှာဟင်းခိုးစားတာ နင်တို့စီးပွား ရေးအိုးကို တုတ်နဲ့ထိုးနေလို့လား. . . နင်တို့လုပ်စာထိုင်စားနေတာလည်း မဟုတ်ဘူး. . . နင်တို့အပူလည်း တစ်ပြားသားမှမပါဘူး. . . နင်တို့ကို လည်းမချစ်နိုင်ဘူး. . . ရှင်းပြီလား မရှင်းရင် အကြောင်းပြန်. . . ဒါပဲ. . . "

ဆို၍ ဆောင့်ကြီးအောင့်ကြီးနှင့် သူ့မူပိုင် တင်ပါးဆုံပြားကြီးကို ဝိုင်းကာဝိုင်းကာနှင့် အခန်းထဲပြန်ဝင်သွားတော့၏။

ထိုတော့မှ ကျော်ကိုတို့ ခေါင်းသုံးခေါင်းပြန်ဆုံသွားပြီး. . .

"ဟေ့ကောင်တွေ. . . ဘယ်လိုဖြစ်တာရယ်တော့ မသိဘူး. . . နှစ်ယောက်ပြောတာ နှစ်ယောက်လုံးမချစ်နိုင်ဘူးတဲ့. . . ဈေးဦး တော့လန်ပြီ ထင်ပါ့ကွာ. . . တို့လည်းမိသားဖသားပီပီ လမ်းမှန်ကမ်းမှန် ပြောနေရက်သားနဲ့. . . မိန်းကလေးများ မောဟဖုံးပြီဆို ဘာမှကို ဆင်ခြင် တုံမရှိတော့တာကလား . . . "

နိုင်လင်း၏အားလျှော့စကားကို ကျော်ကိုနှင့်ကောင်လေးက. . .

"အိုကွာ. . . မဥ္ဇူဆောင်မှာ ကောင်မလေးတွေ အများကြီးရှိတာ ပဲ. . . သူတို့နှစ်ယောက်မချစ်နိုင်ရင်လည်း ကျန်တဲ့သူ ချစ်ချင်ချစ်မှာ ပေါ့. . . ဘာပဲဖြစ်ဖြစ် ဥစ္စာမှန်ရင်တော့ ပိုင်ရှင်ပေါ်လာမှာပဲ. . . ကိုယ့် ဘက်က ဘာကုန်တာမှတ်လို့ . . . အသက်ကလေးမှန်မှန်ရှူပြီး ချစ်ရေးဆို ရုံပဲဟာ. . . "

"အေးလေ. . . မချစ်တော့ရော အရင်းဆုံးတာမှတ်လို့ . . . အလုံးလည်းမလျော့ဘူး၊ အရပ်လည်းမလျော့ဘူး. . . အရင်းက ကိုယ့်ဆီမှာ ရှိနေတာပဲဟာ. . . "

ကျော်ကိုက ဘောင်းဘီအိတ်နှိုက်ရင်းပြော၏။ ဒါကို နိုင်လင်း ကလည်း . . .

"ဟုတ်သား. . . ကိုယ်ကဘာမှ စိုက်ထားရသေးတာမှ မဟုတ် တာ. . . "

သူတို့၏စကားကို ကောင်လေးက တစ်ချက်စဉ်းစားလိုက်ပြီး. . .

www.burmeseclassic.com



"မင်းတို့ပြောတာတော့ ဟုတ်တယ်ကွ. . ဒါပေမဲ့ ငါစဉ်းစားမိတယ်. . . "

"ဆိုစမ်းပါဦး. . . "

ကောင်လေးစကားမဆုံးမီ နိုင်လင်းကသိလိုဇောနှင့် ဖြတ်မေး၏။ ကောင်လေးက တံထွေးကို 'ဂလု'ခနဲမျိုချလိုက်ပြီး. . .

"ဒီလိုကွ. . . တို့ဒီလိုရမ်းသမ်းအော်နေမယ့်အစား၊ ရည်းစားလည်းမရှိတဲ့သူ၊ ရည်းစားလည်းလိုချင်နေတဲ့သူတွေကို ရွေးပြီးအော်ရင် ပိုပြီးနီးစပ်မလားလို့ . . . "

"အေး. . . မင်းအကြံမဆိုးဘူး. . . ရည်းစားလည်းမရှိ ရည်းစားလည်းလိုချင်နေတာ ဒီအဆောင်မှာ ဘယ်သူရှိမလဲ. . . "

"အိုကွာ. . . မင်းကလည်း. . . အိအိခိုင်တို့ စန္ဒာမြင့်တို့ ဂျီးပေတွေအုပ်စု ဒုန့်ဒေး သူတို့အုပ်စုကတွေ့ရာလူ မျက်စလိုက်ပစ်နေတာ. . . "

နိုင်လင်းစကားကို ကျော်ကိုကဝင်ထောက်၏။ ဒါကိုနိုင်လင်းက. . .

"အေး. . . ဟုတ်သား. . . ဟိုတစ်နေ့က ငါ့တောင်မျက်စ နှစ်ချက်ထိသွားသေးတယ်။ ကဲ. . . လုပ်ကွာ ကောင်လေး. . . မင်းအရင်စအော်. . . "

ဟုဆိုလိုက်ရာ ကောင်လေးက

'အေး. . . ငါစအော်မယ်'

ဟုဆိုပြီး အဆောင်ဘက်လှည့်၍. .

"အိအိခိုင်. . . အိအိခိုင်. . . "

ဟုအော်လိုက်ရာ အဆောင်ကပြန်ထွက်လာသော အိအိခိုင်ရဲ့အသံသြသြကြီးက. . .

"နင်တို့သုံးယောက်နဲ့ နင်တို့သူငယ်ချင်း မျိုးမြင့်ထွန်းပါ ငါမကြိုက်နိုင်ဘူး. . . ကျန်တဲ့လူဆို စဉ်းစားမယ်. . . ဒါပဲ . . . "

ဟူသော အော်သံပြန်ထွက်လာသဖြင့် သုံးယောက်လုံး ပါးစပ်ကလေးဟပြီး တစ်ယောက်ကိုတစ်ယောက် ပြန်လည်၍ကြောင်ကြည့်နေကြကုန်၏။ အတန်ကြာမှ ကောင်လေးက. . .

"ဘာမှတောင် မပြောရသေးဘူး. . . အဖြေကတန်းရနေပါရော

www.burmeseclassic.com



လား. . . ငါတို့သုံးယောက်အပြင်ကို ဟိုကုလားမျိုးမြင့်ထွန်းကိုပါ မကြိုက်ဘူးတဲ့. . .”

ကောင်လေးစကားကို ကျော်ကိုနှင့်နိုင်လင်းကလည်း. . .

“အေးလေကွာ. . . တနင်္လာနေ့က သူမရမ်းရောင်ဝမ်းဆက်လေးဝတ်လာတာ. . . တို့အိမ်သာထဲကချောင်းမိတယ်ဆိုတာတောင် မပြောရသေးဘူး. . .”

“ဟုတ်ပ တနင်္လာနေ့က တို့နှစ်ယောက် တစ်ယောက်နားရွက်တစ်ယောက်ကိုင်ပြီး သူ့ကိုအိမ်သာထဲက ချောင်းကြည့်ခဲ့သေးတာ . .”

ကျော်ကိုနှင့်နိုင်လင်းကို ကောင်လေးက မျက်မှောင်ကြုတ်၍ပြန်ကြည့်ပြီး. . .

“ဟာကွာ. . မင်းတို့နှစ်ယောက်ကလည်း အိမ်သာထဲကကို မထွက်ပါလား. . .”

“အော်. . . ဒါက ဟုတ်တိုင်း မှန်ရာပဲ. . .”

“အိမ်သာထဲဝင်ချောင်းတာပဲ ဂုဏ်ငယ်တာမှတ်လို့ . . . အဟိ. . .”

“တော်ပါကွာ. . . မင်းတို့နှစ်ယောက် တစ်နေကုန်ပျောက်တယ် ပျောက်တယ်နဲ့ ငါကရုံးများတက်လား ကျူရှင်များတက်သလားလို့ ထင်နေတာ. . . ဘယ်ဟုတ်မှာလဲ အိမ်သာပဲတက်နေကြတာကိုး. . . ကဲ. . . အခုဘယ်လိုဆက်လုပ်ကြမှာလဲ. . .”

“တခြားလူထပ်အော်ပေ့ါကွာ. . လူမှမကုန်သေးတာ. .”

“အေး. . . ဒါဆိုလည်း အော်မယ်ကွာ. . .”

ဟုဆို၍ ကောင်လေး အဆောင်ဘက်လှည့်၍. . .

“စောစန္ဒာမြင့်. . . စောစန္ဒာမြင့်. . .”

“မချစ်ဘူး. . . မချစ်ဘူး. . နင်တို့သုံးယောက်အပြင်. . . မျိုးမြင့်ထွန်းရော ဝက်ကလေးရော မချစ်ဘူး. . .”

“ဟိုက်. . . တစ်ယောက်တိုးပြန်ပဟ. . . မထူးပါဘူး. . . လာလေ့ နောက်တစ်ယောက်. . .”

“ကေခိုင်. . . ကေခိုင်. . .”

“မချစ်ဘူး. . . မချစ်ဘူး. . . နင်တို့သုံးယောက်ရော မျိုးမြင့်ထွန်း

www.burmeseclassic.com



ရော၊ ဝက်ကလေးရော၊ သန်းထွန်းဝင်းရော. . . မချစ်ဘူး. . . ”

“မို့မို့ဇင်. . . မို့မို့ဇင်. . . ”

“မချစ်ဘူး. . . မချစ်ဘူး. . . ”

“နေနုထွေး. . . နေနုထွေး. . . ”

“မချစ်ဘူး. . . မချစ်ဘူး. . . ”

“ခိုင်သဇင်. . . ခိုင်သဇင်. . . ”

“မချစ်ဘူး. . . မချစ်ဘူး. . . ”

“ကေဇင်. . . ကေဇင်. . . ”

“မချစ်ဘူး. . . မချစ်ဘူး. . . ”

“. . . . . . . . . . . . . . . ”

“. . . . . . . . . . . . . . . ”

“. . . . . . . . . . . . . . . ”

ကျော်ကို၊ ကောင်လေးနှင့် နိုင်လင်းတို့ မဥ္စူဆောင်မှ အမျိုးသမီးများနှင့် အမေးအဖြေသံများ စီညံနေ၏။

သူတို့၏အသံများ ကောင်းကင်ယံသို့ ပျံ့လွင့်နေသည့်အပြင် လေပြေသယ်ဆောင်ရာနောက်လိုက်ပါရင်း၊ သူတို့နေသော အမျိုးသားဆောင်ထိပျံ့လွင့်သွားလေရာ ခုနက လှေကားသုံးထစ်ဖောက်ထိုးဆင်း၍ အပျိုကြီးပြန်ဖြစ်ခဲ့သော(အဲလေ) အဆောင်မှူးကြားသွားပြီး ဒေါသထွက်ရချိမ့်တကား. . .။

“ဟင်. . . ဒါ. . . ဟိုကောင်တွေအသံ ဟိုကောင်တွေအသံ. . . တောက်. . . တွေ့ကြသေးတာပေါ့ကွာ. . . မင်းလားဟေ့ အဆောင်သားငါလားဟေ့ အဆောင်မှူး . . . ”

ဟုဆို၍နဖူးမှဒဏ်ရာများကို ကြပ်ထုပ်ထိုးနေရာမှ ခုန်ထ၍ မဥ္စူဆောင်ဘက် ဒုန်းစိုင်းချသွားလေသည်။

မဥ္စူဆောင်မည်သော အမျိုးသမီးဆောင်၌ကား. . . ကျော်ကိုတို့ကောင်လေးတို့ အသည်းနာနာ အကဲပါပါ အချစ်ရှာကောင်းနေတုန်း. . .။

ထိုနည်းတူစွာ အဆောင်မှူးက တိမ်ယွန်းစီးသော အာဇာနည်မြင်း ပမာဒုန်းစိုင်းပြေးလာတုန်း. . .။

သို့ရာတွင် ကံဆိုးသည်လား ကံကောင်းသည်လားတော့ မသိ

www.burmeseclassic.com



အဆောင်မှူး အမျိုးသမီးဆောင်နားရောက်မှ ညအမှောင်ကို လျှပ်စစ်မီး ပြတ်တောက်ခြင်းဖြင့် အိုးမည်းသုတ်ပေးလိုက်သည်။ သို့သော် ဤတစ်ကြိမ် မီးပျက်ခြင်းက အဆောင်မှူးကို ပို၍အားတက်စေ၏။ အဘယ့်ကြောင့် ဆိုသော်. . . အမှောင်ကို အားပြု၍ ကွန်မန်ဒိုဆန်ဆန်သွားပါလေမှ ဟို ကောင်တွေကို ကြက်ကလေး၊ ငှက်ကလေးဖမ်းသလို အသာအယာ ချောင်း ဖမ်းနိုင်မည် မဟုတ်ပါလား. . .။ ထို့ကြောင့် အဆောင်မှူးလှမ်းလက်စ ခြေလှမ်းအရှိန်နှုန်းကို ငါးဆယ်ရာနှုန်းခန့် ထပ်မြှင့်တင်လိုက်၏။

ထို့နည်းတူစွာ ကောင်လေးတို့အုပ်စုကလည်း ရည်းစားတစ် ယောက် လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ရန်အတွက် အသံ (Volume)ကို နောက်ထပ် ခုနစ်ဆယ်ရာနှုန်းခန့်တင်၍ အော်ဟစ်နေလေ၏။

'အိန္ဒြေဖြူ. . . အိန္ဒြေဖြူ. . .'

'မချစ်ဘူး. . . မချစ်ဘူး. . .'

'ခိုင်မာလာ. . . ခိုင်မာလာ. . .'

'နင့်ဂျီးတော်နင် ပြန်ချစ်ပါလား မြွေပွေးကိုက်ကြီးရဲ့'

အော်ရင်းအော်ရင်း သုံးယောက်သား အသံပြာလာ၏။ အခြေ အနေကသိပ်မကောင်း. . . လည်ချောင်းတွေလည်း ကွဲလုလုဖြစ်နေပြီ. . . ချစ်သည်ဟူသောအဖြေ ဘယ်သူ့ထံမှမရသေး. . ထို့ကြောင့် ကောင်လေး က. . .

"နေဦးကွ. . . တို့ဒီအတိုင်း ဆက်အော်နေလို့ မဖြစ်တော့ဘူး. ."

ကောင်လေးစကားကြောင့် ကျော်ကိုနှင့် နိုင်လင်းတွေဝေသွား၏။

"ဒါဆို ဘယ်လိုလုပ်မှာလဲ. . ."

"ဟိုကွာ. . . နောက်တစ်ဆင့်ထပ်လျှော့ပြီး. . ရည်းစားလည်း မရှိ သေး၊ ရည်းစားထားဖို့လည်း စိတ်မဝင်စားတဲ့ ကောင်မလေးတွေကိုရွေး ပြီးအော်ရင် မကောင်းဘူးလား. . ."

ကောင်လေး၏အကြံဉာဏ်ကို နှစ်ယောက်လုံးက အားတက် သရောဖြင့်. . .

"အေး. . . မင်းအကြံမဆိုးဘူး၊ အဲလို မလည်မဝယ်လေးတွေကို အော်ခေါ်မှယောင်ပြီး တို့ကိုစိတ်ဝင်စားချင်ဝင်စားလာမှာကွ. .

"တောက်. . . ကောင်းလိုက်တဲ့အကြံကွာ. . မင်းမှာ အဲဒီလိုအကြံ

www.burmeseclassic.com



ကောင်းတွေရှိနေလို့ ဒီလိုတင်ပါးဆုံကြီးရှုံ့နေတာ. . . ”

“ဟုတ်ပကွာ. . . ကဲ. . . . တက်ကနစ် အသစ်စရအောင်. . . ”

“ဘယ်သူကိုအရင် စခေါ်မှာလဲ. . . ”

“ဘယ်သူရှိမှာလဲကွာ. . ဟို မေထူးချိုတို့ အပေအတူးအုပ်စုပဲရှိတာပဲ. . . ”

“အေးဟုတ်သား. . . ဒင်းတို့ဂျီးပေအုပ်စုကိုပဲ ပစ်မှတ်ထားရတော့မယ်. . . ကဲ. . စမယ်ကွာ. . . ”

“ဒီတစ်ခါ ပူးပေါင်းတိုက်စစ်ဆင်မယ် ဒါမှမြိုင်လည်းမြိုင် လှိုင်လည်းလှိုင်မှာ. . . သုံးယောက်လုံး သံပြိုင်နော် . . . မလျှော့ကြေး. . . ”

“အေး. . . ကောင်းတယ်. . . ဒါမှ ဒင်းတို့အပီအပြင်ကြားနိုင်မယ်. . . ”

“ဝမ်း. . . ”

“တူး. . . ”

“သရီး. . . ”

# “မေထူးချို”

“ကတောင်. . . ”

“ဟိုက်. . . ဆော်ပဟ. . . ”

သူတို့၏အော်သံပင်မဆုံးလိုက်. . . သူတို့ရှေ့ခြံစည်းရိုးသို့ ကျလာသောခဲတစ်လုံး။ ထိုခဲလုံးကိုကြည့်ပြီး သုံးယောက်လုံး စိတ်ဆိုးသွားကာ. . .

“ဘယ်ကောင်လဲကွ. . . ”

“ကတောင်. . . ”

“ဟိုက်. . . တကယ်ဆော်ပဟ. . . ”

ထပ်မအော်ရသေးခင်. . . ခဲတစ်လုံးက ခြံစည်းရိုးတိုင်ကို လာမှန်ပြန်၏။ ဒေါသဖြင့်အမျိုးသမီးဆောင်ဘက် ပြူးကြည့်လိုက်တော့ အားလုံးကြက်သေသေသွားကြ၏။

“ဟ. . . ဟော့ကောင်. . . ဟိုမှာ မေထူးချို. . . လေးခွနဲ့ဆွဲနေတာဟ. . . ပြေး. . . ပြေး. . . ”

“ကတောင်. . . ”

www.burmeseclassic.com



ပြောလို့မဆုံးခင် ခဲတစ်လုံးထပ်ကျလာ၏။ ထိုတော့မှ အားလုံး လန့်သွားပြီး. . .

"ဟ. . . ဟုတ်တယ်ဟ. . . တကယ်ကစ်တာဗျ. . . ပြေးနိုင်မှ လွတ်မယ်. . ."

"ကတောင်. . ."

မေထူးချိုကလည်း အသံကြားရာလှမ်းပစ်နေပုံရ၏။ သူတို့ အသံထွက်လိုက်တာနဲ့ လေးသီးကကျပြီးသား. . .။

ထိုတော့မှသုံးယောက်သား ကြောက်စိတ်ငယ်ထိပ်ဆောင့်ပြီး. . .

"ဟ. . . ဟေ့ကောင်တွေ. . သူ့ကိုချစ်တယ်ပြောလို့ ပစ်တာနေမှာကွ. . ."

"ကတောင်. . ."

"ဒါဆို မချစ်ဘူးလို့ ပြန်အော်ကွာ. . ."

"ကတောင်. . ."

"မေထူးချို. . . မေထူးချို နင့်ကိုငါတို့လုံးဝမချစ်ဘူးဟ . . ."

"ကတောင်. . ."

"ဟ. . . ဒါလည်းမဟုတ်ဘူးကွ. . . ချစ်တယ်လို့ပြောစေချင်တာ ဖြစ်မယ်. ."

"ကတောင်. . ."

'မေထူးချို. . . မေထူးချို. . . နင့်ကို တို့သုံးယောက်လုံးကချစ်ပါတယ်ဟ. . .'

"ကတောင်. . ."

ထိုတော့မှ သုံးယောက်လုံး လန့်သွားပြီး. . .

"ဘာပြောပြောဆော်နေတာဟ. . ."

"ဟေ့ကောင်တွေ. . . ပြေးဟ. . . ပြေးပြေး. . . ဒီငတိမ လက်ဖြောင့်သဗျ. . ."

ဟုဆိုကာ သုံးယောက်သားကြောက်အားလန့်အားနှင့် နောက်ပြန်လှည့်ပြီးခြေကုန်သုတ်တော့၏။

သို့သော်. . . သူတို့သိပ်မပြေးလိုက်ရပါ။ သူတို့ဘက် ဒေါ်ကြီးမောကြီးနှင့် လှမ်းလာသော အရိပ်တစ်ခု. . . ထိုအရိပ်ကိုမြင်တော့ သုံးယောက်

www.burmeseclassic.com



လုံး ပို၍လန့်သွားရသည်။

"ဟာ. . . ဟော့ကောင်တွေ ရှေ့မှာအဆောင်မှူးဟ. . . "

"ဟာ. . . ဟုတ်တယ်ကွ. . . ငါတို့အော်သံကြားလို့ လိုက်လာ တာ ဖြစ်မယ်. . . "

"ဟ. . . ဟ. . . ဘယ်လိုလုပ်ကြမလဲ. . . မိရင်တော့ မချောင် လောက်ဘူး. . . "

ဟုတ်ပါသည်။ သူတို့ထံကို သစ်ပင်တစ်ပင်နောက်မှ တစ်ပင် နောက်သို့ ပုန်းလျှိုးကွယ်လျှိုးနှင့် နင်ဂျာခြေလှမ်းလှမ်းလာသော အဆောင် မှူးဒေါ်သတကြီး လှမ်းလာရ၍ထင့်၊ သူတို့ကိုမမြင်သေး. . အဆောင်မှူးကို မြင်တော့ သုံးယောက်သား ပျာယာခတ်သွား၏။

"ဟ. . . ဟ. . . ဟော့ကောင်တွေ ပုန်းပါဟ. . . ပုန်းပုန်း သူမမြင် ခင် မြန်မြန်ပုန်း. . . "

"ဘယ်မှာပုန်းမလဲ ဘယ်မှာပုန်းမလဲ. . . "

"ကင်းတဲအောက်ဝင်ပုန်း. . . "

ဟုဆိုပြီး သုံးယောက်သား ကင်းတဲအောက်ဒိုင်ဗင်ထိုးဝင်၍ ဝင်ပုန်းနေလိုက်ကြသည်။

အဆောင်မှူးကတော့ လကလည်းသိပ်မသာ. . . မီးကလည်း ပျက် မျက်လုံးကလည်း အတန်ငယ်မွဲနေသဖြင့် သူတို့ကိုမမြင်မိဘဲ အဆောင် ရှေ့ကိုဝေ့ရှာသည်။ မည်သူမျှမတွေ့၊ ဤမျှလောက်ကျယ်လောင်သည့်အသံ ကိုကြားရပြီး မည်သူကိုမှမတွေ့တော့ အဆောင်မှူးပို၍ စိတ်ဆိုးလာ၏။ ဟိုသုံးယောက်ကတော့ ကင်းတဲအောက်မှနေ၍ နားရွက်ပင်မခတ်ရဲဘဲ ကြက်မဝပ်ဝပ်လျက် အသာချောင်းကြည့်နေကြသည်။

အဆောင်မှူးက ကင်းတဲကို ကျော်တက်ကာ အမျိုးသမီးဆောင် ခြံစည်းရိုးသို့ရောက်သွား၏။ နောက်အဆောင်မှူးလည်း အသံသာကြားပြီး အဆောင်ရှေ့မည်သူမှမတွေ့ရ၍ထင့်၊ ဒေါသထွက်သွားကာ. . .

"ဟေ့ ဘယ်ကောင်တွေ. . . "

"ဒေါ်င်. . . "

"ဟိုက်. . . ကွဲပဟ. . . "

သူ့အော်သံပင် မဆုံးလိုက်၊ အဆောင်ပေါ်မှနေ၍ အသံကြားရာ

www.burmeseclassic.com



ပစ်မည်ဟု စိတ်ပိုင်းဖြတ်ထားသော မေထူးချို၏ လေးသီးက အဆောင်မှူး နဖူးကို တည့်တည့်မှန်၏။

လေးသီးထိသည့်အရှိန်ကြောင့် အဆောင်မှူး ဦးစိုက်နောက်ပြန် ပက်လက်လန်လဲကျသွားသည်။ အဆောင်မှူးက ယောင်ပေပေနှင့်ပြန်ထ ကာ မျက်ချေးသုတ်လျက် ကြိုးကြည့်ကြောင်ကြည့်နှင့် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်၏။ ပြီးနောက်သူ့နဖူး ပြောင်ပြောင်ကြီးကို ယောင်ပေပေနှင့် ပွတ်၏။

"ဟေ့. . . ဘယ်ကောင်ပစ်တာလဲကွ. . . ငါလိုအဆောင်မှူး"

"ဒေါင်. . . "

အဆောင်မှူးစကားပင် ဆုံးအောင်မပြောလိုက်ရ၊ မေထူးချို၏ လက်သံကထိချက်မှန်၏။ ပထမထိထားသောနဖူးပေါ်မှ ဘုကြီးတည့်တည့် သို့ထပ်ထိသဖြင့် အဆောင်မှူး၏နဖူးပေါ်တွင် ကြံ့ချိုကြီး တပ်ထားသလို ကြွားကြွားဝင့်ဝင့် ဘုကြီး ထောင်ထနေသည်။ ထိုဘုကြီးကို လက်နှစ်ဖက် နှင့်ဆုပ်ကိုင်ကြည့်ပြီး အဆောင်မှူး၏ မေးစေ့ကြီး ချက်ချင်းအောက်ပြုတ် ကျသွားကာ မျက်လုံးများ သုံးလေးပတ်ခန့် လည်တွတ်လည်တွတ် ဖြစ်သွား ၏။

နောက်. . . အနောက်သို့ သုံးလေးလှမ်းခန့်ယိုင်သွားပြီး၊ ညာခြေ ဘယ်သို့လှမ်း၊ ဘယ်ခြေညာသို့လှမ်းကာ ခန္ဓာကိုယ် စောင်းငန်းစောင်းငန်း နှင့် လာရာလမ်းအတိုင်း ယိုင်တိုင်ယိုင်တိုင်နှင့် ပြန်ထွက်သွား၏။

သူ့ခမျာလည်း ရုတ်တရက်ဖြစ်ပေါ်သော အခြေအနေကြောင့် အားလုံးကို အတိတ်မေ့ပြီးသတိလစ်သွားပုံရ၏။ ဘာသံမှပင် ထပ်ထွက် မလာတော့ဘဲ အဆောင်လမ်းတလျှောက် ငိုက်စိုက်ငိုက်စိုက်နှင့် ပြန်ချသွား လေတော့၏။

သူ့မျက်လုံးထဲမှာလည်း ဘာမှမြင်ပုံမရတော့။ သို့သော် လမ်းက တော့မှန်၏။ ခြေလှမ်းကသာ ဟိုဘက်မြောင်းထဲလိမ့်ကျနိုး ဒီဘက်မြောင်း ထဲလိမ့်ကျနိုး ဖြစ်နေသော်လည်း ဘယ်မြောင်းထဲမှမကျ။ ချိုးရမည့်နေရာချိုး ၍ ကွေ့ရမည့်နေရာကွေ့၏။ သို့သော်ခေါင်းနှင့် ခြေထောက်ဆိုလျှင် ခေါင်း ကလူကြီး တစ်ဖောင်စာလောက် ရှေ့သို့ငိုက်ကျနေ၏။ ကိစ္စတော့မရှိ။ အဆောင်ကို ခေါင်းနှင့် ရောက်သွားပါက ပို၍လူရှိန်ဦးမည်။ (အဆောင်မှူး

www.burmeseclassic.com



မျက်နှာက နည်းမှတ်လို့)

ကျော်ကို၊ ကောင်လေးနှင့် နိုင်လင်းတို့သုံးယောက်တော့ အဆောင်မျှုးအဖြစ်ကို မျက်လုံးလေးပြူး ပါးစပ်လေးဟပြီး လိုက်ကြည့် နေကြသည်။ အတန်ကြာမှ ကျော်ကိုက. . .

"အဆောင်မှူးတော့. . . သွားရှာပြီ. . . "

"နဖူးပေါ် ကြက်မောက်သီးတွဲကြီးရွက်သွားပြီ. . . "

နိုင်လင်းကထောက်ခံ၏။ ဟုတ်ပါသည်။ အဆောင်မှူး နဖူးပေါ် သီးထနေသောအနီသီးကြီးက သူ၏ပါးလျသော ဆံပင်များပံ့ပိုးမှုနှင့် ခေါင်းပေါ်ကြက်မောက်သီးတွဲကြီး ရွက်သွားသလိုကိုဖြစ်နေ၏။ သူ့ခမျာလည်း မည်မျှမူးနေသည်မသိ။ လှမ်းသွားသောခြေလှမ်းများက ခြေခွင်နေသောဆင်များလို ညာခြေထောက်ဘယ်ခြေနင်း၊ ဘယ်ခြေထောက်ညာခြေနင်းနှင့် လိန်ကောက်လိန်ကောက်နှင့် လျှောက်သွားနေ၏။

အဆောင်မှူးဖြစ်နေပုံကိုကြည့်၍ ကောင်လေးက ခွိခနဲရယ် သည်။ ကျော်ကိုနှင့်နိုင်လင်းက သူ့ကိုဝေ့ကြည့်ကြ၏။

"အန္တရာယ်ကြီးကတော့ သူ့ဒေါသနဲ့သူသွားပြီ. . ကဲ. . . တို့ဘာလုပ်ကြဦးမှာလဲ. . . "

ထိုတော့မှ သုံးယောက်လုံးပြုံးလိုက်ကြသည်။ နဂိုအရှင်နေပြီးသားလူတွေဆိုတော့ သိပ်တိုင်ပင်နေစရာမလို. . .။

"လောလောဆယ်တော့ ဒါအရင်လုပ်မယ်. . . "

ဟုဆို၍ နိုင်လင်းက သူတို့အပေါ် ခြေတံရှည်ကင်းတဲလေးတွင် တခူးခူးနှင့်အိပ်နေသော မီးကင်းသမားကိုလက်ညှိုးထိုးပြ၏။ နောက်. . . သူမှပင်ဦးဆောင်၍ မီးကင်းလေး၏ခြေရင်းတွင် တပ်ဆင်ထားသောလှေကားကို ဖြုတ်နေလေသည်။

ဒါကို ကျော်ကိုကလည်း တစ်ဖက်လှေကားလက်တန်းတိုင်ကို ကိုင်၍ နိုင်လင်းနှင့်အတူဝိုင်းကူ၍ မီးကင်းလှေကားကို နဲ့ဖြုတ်ပေးနေ၏။ သူတို့လှုပ်သောအရှိန်ကြောင့် မီးကင်းကလေးမှာ ဘယ်ညာယိမ်းထိုးနေ၏။ ဒါကို မီးကင်းသမားက သူ့ကိုပုခက်နှင့်လွှဲ၍ ချော့သိပ်နေသည်များ အောက်မေ့၍လားမသိ တအင်းအင်းနှင့်ညည်းနေလိုက်သေးသည်။ နိုင်လင်းက တကျွတ်ကျွတ်နှင့် စုပ်သတ်ရင်းချော့သိပ်ပေး၏။

www.burmeseclassic.com



သိပ်မကြာလိုက်ပါ ကျော်ကိုနှင့်နိုင်လင်းလက်ထဲ မီးကင်းလေ့ကားရှည်ကြီးပါလာ၏။ ဒါကိုနှစ်ယောက်သား တက်ညီလက်ညီဖြင့် လေ့ကားကို ခေါင်းရင်းဘက်တွင် သွားရွှေ့ထောင်ထားလိုက်၏။

အားလုံးအဆင်သင့်ဖြစ်မှ နိုင်လင်းကမျက်ရိပ်ပြပြီး. . . မီးကင်းသမားခေါင်းနားကပ်၍ အသံကျယ်ကျယ်ဖြင့် . . .

"မီးဗျို့. . . မီး မီး. . . မီးလောင်နေပြီ. . . မီးလောင်နေပြီ. . ."

ဟုအော်လိုက်၍ ထွက်ပြေးသွားလေရာ. . . မီးကင်းသမားလည်း ကျယ်လောင်သောအသံကိုကြား၍ ယောင်ပြီးအိပ်နေရာမှ လန့်၍ခုန်ထပြီး. . .

"ဟင်. . . မီး မီး . . . ဘယ်မှာလောင်တာလဲ. . . ဘယ်မှာလောင်တာလဲ. . ."

ဟုဆို၍ မီးကင်းသံချောင်းကိုဆွဲ၍ မီးကင်းခေါက်ရန် လေ့ကားရှိရာသို့ ယောင်ပြီးပြေးဆင်းမိရာ. . .

"ဟိုက်. . . ကျပဟ. . ."

အော်သံနှင့်အတူ သူ့ခြေထောက်နှစ်ဖက်က လေ့ကားကိုမနင်းမိဘဲ လေထဲဝဲနေ၏။ မီးကင်းသမား၏ ခန္ဓာကိုယ်တစ်ခုလုံး လေထဲရောက်နေပြီမို့ ယောင်ပြီးရလိုရငြား လက်နှစ်ဖက်ဆန့်တန်း၍ ပျံကြည့်သေး၏။ ပျံလို့မရတော့မှ မီးကင်းသမားလည်း လန့်သွားပြီး. . .

"အောင်မလေး. . . အမေရေ. . . သားတော့ကျပြီဗျ. . ."

ဟုအော်မိအော်ရာအော်ပြီး ယက်ကန်ယက်ကန်နှင့် မီးကင်းတဲပေါ်မှ ကျွမ်းထိုးကျသွား၏။

သို့သော် ဝါရင့်မီးကင်းသမားမို့လားမသိ။ လျင်သည်။ ကျတာတောင် ဂျက်ကီချမ်းကျ လှလှပပကျ၏။ သို့သော် ကျွမ်းထိုးကျပြီးပြန်အထ အရှိန်လွန်ပြီး လေးဘက်ထောက်လျက်ကြီး စိုက်စိုက်စိုက်စိုက်နှင့် မီးကင်းသံချောင်းကို ခေါင်းနှင့် ဒေါင်ခနဲပြေးဆောင့်မိ၏။ ဆောင့်မိသောအရှိန်ကြောင့် မီးကင်းသမားလည်း ယောင်ပြီး သူ့ခေါင်းသူပြန်စမ်းလိုက်ရာ. . . လက်ထဲကိုင်ထားသော သံချောင်းကခေါင်းကို 'ဂေါင်'ခနဲရိုက်မိပြန်၏။ ရိုက်မိသောအရှိန်မည်မျှပြင်းမည်တော့မသိ။ မီးကင်းသမား သံချောင်းကြီးမြှောက်ပြီး ဆယ့်ငါးစက္ကန့်ခန့် ငြိမ်သက်သွား၏။ ပြီးမှ သတိလစ်ကာ

www.burmeseclassic.com



အပြားလိုက်ကြီး ဝုန်းဆိုနောက်ပြန်လဲကျသွားလေတော့၏။

ကျော်ကို၊ ကောင်လေးနှင့် နိုင်လင်းတို့ သုံးယောက်ကတော့ မီးကင်းသမား၏အဖြစ်ကို တခိခိရယ်ရင်း အလီဘာဘာခြေလှမ်းမျိုးနဲ့ အဆောင်ရှေ့နားက ကြာကန်ကြီးရှိရာဘက်သို့ ချီတက်သွားကြလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com



**လေပြေညှင်း**သည် ကန်ရေပြင်မှ ကြာပန်း၊ ကြာပွင့်များကို ဖြတ်သန်းတိုက်ခတ်လာသောကြောင့် သင်းပျံ့သောမွှေးရနံ့တို့ကို သယ်ဆောင်နေ၏။ ကန်ရေပြင်တွင် အရိပ်ထင်နေသော ကြယ်ပွင့်များသည်လည်း လှိုင်းတွန့်များသဖွယ် လွင့်လူးလှုပ်ခတ်ရင်း သူတို့အရိပ်ကို သူတို့ ကြည်နူးကျေနပ်စွာ ပြန်လည်ငုံ့ကြည့်နေကြသည်။ ကြယ်ပွင့်ကလေးများနှင့် အပြိုင်ကျော်ကို၊ နိုင်လင်းတို့လည်း သူတို့အရိပ်ကိုသူတို့ ကြည်နူးကျေနပ်စွာ ကြာကန်ထဲသို့ ငုံ့ကြည့်နေကြသည်။

"အချစ်ဆိုတာ အမှန်တော့ ခရမ်းသီးနဲ့ တူတယ်ကွ. . . "

နိုင်လင်းရဲ့စကားကြောင့် ကျော်ကိုနှင့်ကောင်လေး နိုင်လင်းကို ဝေ့ကြည့် ကြသည်။ နိုင်လင်းကတော့ အချစ်ကျမ်းကြေသူ တစ်ယောက်လို မှင်သတ်ပြီး. . .

"ဟုတ်တယ်ကွ. . . ခရမ်းသီးနဲ့တူတယ်။ မင်းတို့စဉ်းစားကြည့်လေ. . . ခရမ်းသီးဆိုတာ စားတုန်းကသာ စီးစီးပိုင်ပိုင်နဲ့စားလို့ကောင်းတာ. . . စားပြီးတာနဲ့ ယားပြီးတော့ကျန်ခဲ့တာပဲမောင်. . . အဲ. . . အချစ်ဆိုတာလည်းအဲဒီလိုပဲ. . . ချစ်နေတုန်းမှာသာ စီးစီးပိုင်ပိုင်ရှိတာ. . ပြီးတာနဲ့ ယားပြီးကျန်ခဲ့တာပဲ. . . "

www.burmeseclassic.com



နိုင်လင်းစကားကို နှစ်ယောက်လုံးက နှာခေါင်းရှုံ့လိုက်ပြီး။

"ဟာ. . . မင်းဥပမာက မကောင်းလိုက်တာကွာ. . . "

"အေးလေကွာ. . . အချစ်နဲ့ခရမ်းသီး. . . ဘာဆိုင်တာမှတ်လို့. . . မုန်လာဥလောက်ဆို နီးစပ်သေး. . . "

သုံးယောက်သား ကြာကန်(ရေကန်) ပေါင်ပေါ်ထိုင်ပြီး အချစ်အကြောင်း အကောင်းလုပ်ပြီး ခပ်တည်တည်ဆွေးနွေးနေကြ၏။

အလင်းရောင်မှိန်ပျပျအောက်၊ မြေနီလမ်းကလေး၏ မြောက်ဘက်အခြမ်း ကြာကန်ခုံတန်းလေးပေါ်ထိုင်နေကြသော သူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တွေဝေငေးရီသွားကြပြန်၏။

"အမှန်တော့ အချစ်ဆိုတာ ပဲပြားနဲ့တူတာကွ. . . "

ကောင်လေး၏စကားကြောင့် ကျန်နှစ်ယောက်လုံး သူ့မျက်နှာကို ငေးကြည့်ကြပြန်သည်။ ကောင်လေးက ဆရာကြီးဟန်နှင့် ခပ်ဝေးဝေး ငေးရင်း. . .

"ဟုတ်တယ်ကွ. . . အချစ်ဆိုတာ ပဲပြားလိုပဲ. . . ကြည့်တော့ သာဖြူစင်သယောင်နဲ့ တကယ်ချစ်ကြည့်တော့ ဖွယ်ဖွယ်ကြီးကွ. . . "

ကောင်လေးက သူ့ဒဿနကိုသူ ပြန်မြိန်နေသလို မိန့်မိန့်ကြီး ပြုံးနေ၏။ ဒါကို ကျော်ကိုက. .

"ဟာကွာ. . . မင်းတို့ဟာကလည်း. . ခရမ်းသီးဖြစ်လိုက် ပဲပြားဖြစ်လိုက်နဲ့ ဘာတွေမှန်းကိုမသိဘူး. . . ရှုပ်နေတာပဲ. . . "

သူ့စကားကို ကောင်လေးက မျက်မှောင်ကြုတ်ပြီး. . .

"အော်. . . မင်းကခရမ်းသီးလို ပဲပြားလိုမှမချစ်ဘူးတာ. . . "

"မချစ်ဖူးဘူးကွာ. . . မင်းတို့ရဲ့ခရမ်းသီးနဲ့ ပဲပြားကိုသာ ရောချက်လိုက်. . . "

ကျော်ကို၏စကားကို နိုင်လင်းက တစ်ချက်တွေဝေငေးငိုင်သွားပြီး. . .

"အေး. . . အချစ်ဆိုတာအမှန်တော့ ယားဖွယ်ဖွယ်ကြီးကွ. . . "

အားလုံးအသံတိတ်သွားကြပြန်သည်။ နောက်. . . ကိုယ်စီအတွေးများနှင့် ငေးရီ. . .။ အတန်ကြာမှ ကျော်ကိုက တည်ကြည်လေးနက်သောလေသံဖြင့်. . .

www.burmeseclassic.com



"အမှန်တော့ အချစ်ဆိုတာ. . . လူသားတို့ရဲ့စိတ်ကို ဖလန်း ဖလန်းထစေတယ်. . . "

ကောင်လေးနှင့်နိုင်လင်း ကျော်ကို့ကို ဝေ့ကြည့်သည်။ နောက်မှ ကောင်လေးက သက်ပြင်းခပ်မျှင်းမျှင်းချပြီး. . .

"မင်းပြောတာဟုတ်တယ်. . . ငါလည်း. . . ပွားပွားကိုစတွေ့ ကတည်းက. . . "

ကောင်လေးစကားကို ထပ်မဆက်ဘဲ ခပ်ဝေးဝေးက စာခြောက် ရုပ်ကို ငေးကြည့်နေသည်။

အတန်ကြာမှ. . .

"ပွားပွားကို မြင်ကတည်းကစပြီး ငါ့စိတ်တွေ ဖလန်းဖလန်းထခဲ့ တာ. . . ခုထိပါပဲကွာ. . . "

ကျော်ကို ခေါင်းကိုငုံ့ သက်ပြင်းချပြီး. . .

"ငါလည်းဘာထူးလို့လဲကွာ ဂီဂီ့ကိုစမြင်ကတည်းက ငါ့စိတ်တွေ ဖလန်း ဖလန်းထခဲ့တာပဲပေါ့. . . "

ကျော်ကို၏စကားကို ကောင်လေးကလည်း ပြန်လည်အားတက် လာပြီး. . .

"ဟုတ်တယ်ကွ. . . ပွားပွားဆိုတာ ငါ့ဖလန်းဖလန်းလေး. . . သူ့ အပြုံးက ငါ့ဖလန်း၊ သူ့မျက်လုံးက ငါ့ဖလန်း. . . သူ့သွားတက်ကလေးက ငါ့ဖလန်း၊ သူ့ခြေလှမ်းက ငါ့ဖလန်း၊ သူ့နားသီးလေးက ငါ့ဖလန်း၊ သူ့ ကျစ်ဆံမြီးက ငါ့ဖလန်း၊ သူ့လက်ချောင်းလေးက ငါ့ဖလန်း. . . "

ကောင်လေး၏အားတက်သရောစကားကို ကြာလာတော့ နိုင်လင်းက မျက်နှာရှုံ့မဲ့လိုက်ပြီး. . .

"ဟာကွာ. . . မင်းတို့ကလည်း တဖလန်းဖလန်းနဲ့ ကြက်ဖကြီး တွန်ဖို့ တောင်ပံခတ်တာကျနေတာပဲ. . တော်ပါတော့ ကိုဖလန်းဖလန်း ရယ်. . . "

ဆိုတာကို ကောင်လေးက လေကျကြီးနဲ့. . .

"အိုး. . . ဒါကတော့ မင်းမှမဖလန်းဖူးတာ. . . "

"ဖလန်းချင်ပါဘူးကွာ. . . မင်းတို့ကိုကြည့်ပြီး ဖလန်းချင်တဲ့ စိတ်ကိုတောင် ဘုရားလျှုချင်နေပြီ. . . "

www.burmeseclassic.com



"အေး. . . ကောင်းတယ်ကွ. . . ဒါမှမင်း မဖလန်းနိုင်မှာ. . . နောက်မို့ရင် မင်းဝိတ်ပေါခန္ဓာကိုယ်ကြီးနဲ့ ကျောင်းထဲ ဖလန်းဖလန်းထနေတာတွေ့နေရဦးမယ်. . ."

ဟုဆိုပြီးကျော်ကိုမတ်တပ်ထရပ်၍ ကြာကန်ကြီးဘက် အနောက်ဆုတ်သွား၏။ ဒါကို ကောင်လေးကစိုးရိမ်စိတ်နဲ့ . . .

"ဟေ့ကောင်ကျော်ကို နောက်မှာရေကန်ကြီးနော်. . ပြုတ်ကျလိမ့်မယ်. . ."

ဟု အော်၍သတိပေး၏။ ဒါကို ကျော်ကိုက ဂရုမစိုက်ဘဲ အနောက်ကိုသာတိုးဆုတ်ရင်း. . .

"အချစ်ဆိုတာ အမှန်တော့တွေ့နေရရင်လည်း ဖလန်းဖလန်းထ. . . မတွေ့ရတော့လဲ ဖလန်းဖလန်းထတတ်တဲ့အမျိုးကွ. . ဒီတော့ အဲဒီလိုဖလန်း ဖလန်းထတဲ့စိတ်ကို ငြိမ်အောင်လုပ်ရမယ် . . . ဟား ဟား ဟား. . ."

ဟုအော်ဟစ်ပြောဆို၍ ကြာကန်ပေါင်ရှိရာသို့ လှည့်မကြည့်ဘဲ နောက် ပြန်ဆုတ်သွားလေ၏။ ဒါကိုကောင်လေးက စိုးရိမ်စိတ်လွန်ပြီး. . .

"ဟေ့ကောင်ကျော်ကို. . မင်းထပ်မဆုတ်နဲ့တော့ အနောက်မှာရေကန်ကြီး. . ."

ဟုအော်သည်။ ကောင်လေးကိုကြည့်ပြီး ကျော်ကိုက. . .

"ဘာဖြစ်လဲကွ. . . အနောက်မှာရေကန်ရှိတာ. . ."

"မင်းပြုတ်ကျလိမ့်မယ်ကွ. . . ပြုတ်ကျလိမ့်မယ်. . ."

ကောင်လေးစကားကို ကျော်ကိုက မျက်မှောင်ကြုတ်ပြီး. . .

"ကျတော့ ဘာဖြစ်လဲကွ. . . ကျချင်လို့ဆုတ်တာပဲ. . ."

ဟုဆို၍ ရေကန်အစွန်းထိရောက်အောင်ဆုတ်သွား၏။ ဒါကို ကောင်လေးက မနေနိုင်တော့ဘဲ. . .

"ဟေ့ကောင် ကျော်ကို. . ."

ဟုဆို၍ ထဆွဲရန်အပြင်. . .

"ကိုင်း. . . ကျပြီကွ. . ."

ဟူသောအော်သံနှင့်အတူ ကျော်ကိုရေကန်ထဲ နောက်ကျွမ်းပစ်ချလိုက်၏။

www.burmeseclassic.com



လှလှပပသေသေသပ်သပ်ပင် ကြာကန်ကြီးထဲ 'ဝုန်းခနဲ'ကျသွားသည်။ ထိုတော့မှ ကျော်ကိုက အားရပါးရရယ်ပြီး. . .

"ဟား ဟား. . . ဘိုကလေးသားပါကွ. . . ရေနဲ့ဖက်ပြီးကြီးလာတဲ့ကောင်ပဲ. . . ဒီလောက်တော့ အပျော့ပေါ့ ဟားဟား. . . "

ဟုအော်ဟစ်ရယ်မောရင်း ရေထဲပျော်ရွှင်စွာ ကူးခတ်နေလေ၏။ ထိုတော့မှ နိုင်လင်းကလည်း. . .

"အေး. . . ငါလည်း အင်ပူသားပါကွ. . . ရေကူးကန်မှာ လေ့ကျင့်ခဲ့တဲ့ကောင်. . . ကိုင်း ငါလာပြီ. . . "

ဟုဆို၍ ရေထဲဗွမ်းခနဲခုန်ချကာ ကျော်ကိုနှင့်အတူ တဟားဟားရယ်မောရင်း ရေထဲပျော်ရွှင်စွာ ကူးခတ်နေကြသည်။ သူတို့နှစ်ယောက်ကိုဤကဲ့သို့မြင်တော့ ကောင်လေးလည်းအားတက်ပြီး. . .

"ဟား ဟား. . . ငါကလည်း အမူးများတောင် ရှောင်ပြေးတဲ့. . . ဖြူးသားကောင်လေးပါကွ. . . ကိုင်း. . . ငါလာပြီ. . . "

ဟုဆို၍ ရေထဲဗွမ်းခနဲ ခုန်ချလိုက်ရာ. . .

"ဖရူး. . . ဖရူး. . . "

"ဟ. . . ဟ. . . လုပ်ပါဦး. . . နစ်ပြီ. . . "

"ဖရူး. . . ဖရူး. . . "

ဟူသောအော်သံနှင့်အတူ ကောင်လေးရေထဲ ယက်ကန် ယက်ကန်ဖြစ်နေ၏။ ပထမတော့ ကျော်ကိုနှင့် နိုင်လင်းက ကောင်လေး နောက်နေသည်ဟုမှတ်ပြီး ရယ်မောရင်းကြည့်နေသေး၏။ အတန်ငယ်ကြာတော့မှ. . .

"လုပ်. . . ဖရူး ဖရူး. . . လုပ်ပါ ဖရူး ဖရူး. . . ကျော်. . . ကျော်ကို . . . နိုင်. . . နိုင်. . . ဖရူး ဖရူး. . . "

ထိုသို့ ကောင်လေးမြုပ်ချည်ပေါ်ချည်ဖြစ်နေတော့မှ နှစ်ယောက်သားပျာတောက်သွားပြီး. . .

"ဟာ. . . တကယ်နစ်နေတာဟ"

"ဒါဆိုလည်း ဆွဲ. . . ဆွဲ. . . "

ဟုဆို၍ ကောင်လေးထံကူးသွားပြီး နှစ်ယောက်သား အတင်းဝိုင်းဆွဲရလေသည်။ ကောင်လေးကိုမိတော့ နှစ်ယောက်သားဘယ်ညာညှပ်၍

www.burmeseclassic.com



သိုင်းဖက်ပြီး ကောင်လေးကို ကမ်းပေါ် ဆွဲတင်လိုက်ကြ၏။

ကမ်းပေါ်ရောက်တော့ ကောင်လေးနှုတ်ခမ်းတွေပြာပြီး ဘာမှ မပြောနိုင်တော့. . .။

နှာခေါင်းနှင့်ပါးစပ်ထဲမှ အတားအဆီးမရှိ လှိမ့်ဝင်နေသော ရေများကို သူ့အာပြဲကြီးနှင့် ပြန်အန်ချနေ၏။

သူ့ကိုကြည့်ပြီး ကျော်ကိုနှင့်နိုင်လင်း စိတ်ဆိုးသွားပြီး. . .

"မင်းကွာ. . . ရေလည်းမကူးတတ်ဘဲနဲ့ ဘာလို့ရေထဲခုန်ချတာ လဲ. . ."

"ဘယ်သိမှာလဲကွ ငါကမင်းတို့ကူးတာမြင်တော့ ငါလည်း သူလို ငါလို ကူးတတ်တယ်မှတ်တာပေါ့. . ."

"ဟ. . . ရေကူးတယ်ဆိုတာ သင်မှတတ်မှာပေါ့ကွ. . . ခွေးတဲ့မှ ပဲ. . . ဒီအတိုင်းကူးလို့ သေသွားမှာပေါ့. . ."

"ဟ. . . ငါလည်း သင်တော့သင်ဖူးတာပဲကွ. . ."

"သင်ဖူးတယ်ဆို အခုဘာလို့မကူးတတ်တာလဲ. . ."

"မေ့နေလို့ ဖြစ်မှာပေါ့. . . ငါ့အဖေက ငါမွေးခါစတုန်းက ရေကူး သင်ပေးခဲ့တယ်လို့ သူ့ဒိုင်ယာရီထဲမှာအတိအကျရေးခဲ့တာပဲ. . ."

"ဟာကွာ. . ."

နှစ်ယောက်လုံး ဘာပြန်ပြောရမှန်းမသိတော့. . . အတန်ကြာမှ ကျော်ကိုက. . .

"ကဲ. . . ကူးတတ်တယ်မကူးတတ်တယ် ငြင်းမနေနဲ့တော့ အခု တို့ဘာဆက်လုပ်ကြမှာလဲ. . ."

"ငါကတော့ အန်နေဦးမှာပဲ. . . ဟ. . . ဟေ့ကောင်. . . ပါးစပ် ထဲမျှော့ဝင်သွားလားမသိဘူး. . . လည်ချောင်းထဲ ယားကျိယားကျိနဲ့. . . ဝေါ့. . ."

ကောင်လေးကိုကြည့်ပြီး ကျော်ကိုက. . .

"ဟာကွာ. . . မဖြစ်နိုင်တာ မပြောပါနဲ့. . . မျှော့က မင်းပါးစပ် ထဲဝင်ဖို့မပြောနဲ့. . . မင်းသွေးကိုတောင် စုပ်မှာမဟုတ်ဘူး. . ."

"ဘာဖြစ်လို့လဲကွ. . ငါ့ခန္ဓာကိုယ်မှာ သွေးမရှိလို့လား. ."

"ညှင်းကူးမှာစိုးလို့ဟေ့. . . ညှင်းကူးမှာစိုးလို့၊ မင်းသွေးသာ

www.burmeseclassic.com



စုပ်ပြီးရင် မျှော့ပါ မျှော့လောကမှာပါ မျက်နှာငယ်ရမယ်. . .။ မျှော့ထီးဖြစ်ရင်တောင် မျှော့မတွေက ဘာပြောမယ်မှတ်သလဲ. . . ဟိုလူကြီးသွေးစုပ်ထားတဲ့ ရှင့်ပါးစပ်ပုပ်ပုပ်ကြီးနဲ့ ကျွန်မကိုလာမနမ်းနဲ့ဆိုပြီး ပြောကြမှာ. . . ဟား ဟား. . . ”

“. . . . . ”

ကောင်လေး၏ ကျိန်ဆိုသံများစီညံသွား၏။ ထိုတော့မှ သူတို့သုံးယောက်လုံး ပြန်လည်၍ရယ်နိုင်မောနိုင်တော့၏။

“ကဲ. . . တို့ဘာဆက်လုပ်ကြမလဲ. . တိုတိုလေးနဲ့ထိအောင်”

နိုင်လင်းက အဝေးကြီးကိုကြည့်ပြီး. . .

“ငါအကြံရပြီကွ. . . ”

“ဘာလဲ. . . ”

ကျော်ကိုက အားတက်သရောမေး၏။ ဒါကို နိုင်လင်းက. .

“ဟိုးက စာခြောက်ရုပ်ကြီး သွားဖြုတ်မယ်ကွာ. . . ”

ကျော်ကိုမျက်မှောင်ကြုတ်သွားသည်။

“ဖြုတ်ပြီးရင်. . . ”

“ဖြုတ်ပြီးရင် တစ်ခုခုလုပ်လို့ရပြီပေါ့ကွာ. . . ”

“ဟာကွာ. . . မင်းဟာက ပလန်(Plan) မရှိလိုက်တာ. . ”

ကျော်ကို ပြန်ပျော့ကျသွား၏။ ဒါကို ကောင်လေးက အားတက်သရောဖြင့်. . .

“ငါ့မှာတော့ ပလန်(Plan)ရှိတယ်မောင်. . . ”

“ဘာလဲ. . . ”

အားလုံး၏မျက်လုံးများ တောက်ပနေ၏။

“ပြောမပြဘူး. . . ”

ကောင်လေးကို နှစ်ယောက်ဝိုင်း ကျိန်ကြပြန်၏။ ကောင်လေးကတော့ ကော့ကောက်ကော့ကောက်နှင့် လယ်ကွင်းထဲဆင်းချသွား၏။ သူ့ခြေလှမ်းဦးတည်ရာက ခုနနိုင်လင်းပြသည့် စာခြောက်ရုပ်ဆီ. . . ။

◆ ◆ ◆

www.burmeseclassic.com



**လခြမ်း**ကွေးကလေးက အနောက်ဘက်ယွန်းနေပြီ။ ပန်းဆီရောင်မျက်နှာပေးနှင့် အရှေ့အရပ်သည် သူ၏မျက်ခွက်ကိုတင်းရင်း အလင်းတချို့ကိုကျောသပ်၍ တောအရပ်မှ မေးတင်ထွက်ပေါ်လာသည်။

စာခြောက်ရုပ်ကိုထမ်းထားသော ငတိသုံးဦးသည်ကား ညနှင့်အခြားအခြားသော ဩကာသကို မေ့လျော့၍ အဆောင်ရှိရာသို့ ပုန်းလျှိုးကွယ်လျှိုးနှင့် ခိုးတက်လာကြ၏။

ပြုံးဖြီးဖြီးမျက်နှာပေးနှင့် စာခြောက်ရုပ်သည် မည်းနက်သောမျက်နှာနှင့် ဟောင်းနွမ်းဆွေးမြည့်သောဝတ်စုံကိုဆင်မြန်းရင်း လူသုံးယောက်၏ပခုံးထက်မှ ဖတ်လျားဖတ်လျားနှင့် လိုက်ပါလာလေသည်။

"ဟေ့ကောင်. . . ဒီအရုပ်ကြီးက ဘာလုပ်ဖို့လဲ"

နိုင်လင်း၏အမေးကို ကောင်လေးက သွူ့နှုတ်ခမ်းပြာပြာပေါ်လက်ညှိုးတင်၍

"ရှူး. . . ဒါအဆောင်မှူးကို လက်ဆောင်ပေးဖို့"

ကောင်လေးစကားကြောင့် ကျော်ကိုနှင့်နိုင်လင်း တွန့်ဝင်သွား၏။ အတန်ကြာမှကျော်ကိုက. . .

"ဟာကွာ. . မင်းဟာကမဟုတ်လိုက်တာ. . . ဒါကြီးအဆောင်

www.burmeseclassic.com



မျှုကို လက်ဆောင်ပေးဖို့နေနေသာသာ တို့တောင်အဆောင်မျှုမသိအောင် အဆောင်ထဲ ဘယ်လိုပြန်ဝင်ရမလဲမသိ ဖြစ်နေတဲ့ဟာကို”

“ဟာ. . . မင်းကလည်း. . . အဆောင်ထဲပြန်ဝင်တာများ အလွယ်လေး. . . ”

“ဘယ်လိုဝင်မှာလဲကွ. . . ”

“အလွယ်လေးပါကွာ. . . မင်းတို့သာပိရိပါစေ. . . ”

“ဘယ်လိုလုပ်မှာလဲ. . . ”

“ဒီလိုကွ. . . ”

ကောင်လေးမျက်နှာနား ခေါင်းနှစ်ခေါင်းပူးသွားပြန်၏။

◆ ◆ ◆

www.burmeseclassic.com



ညသည်သူ့မျက်လုံးကို တိမ်ညိုနှင့်ဖုံးကွယ်၍ တစ်ကိုယ်ရည်ငိုက်မျဉ်းနေ၏။ ကြယ်စင်များသည်လည်း သူတို့၏ဖြူဖျော့သော အလင်းများကိုဆွဲဆန့်ရင်း ကောင်းကင်ကိုချော့သိပ်နေသည်။ အမှောင်ကိုအားပြု၍ ကျက်စားတတ်သောလင်းနို့များပင် ဤညဉ့်၌ အစာရှာမထွက်ဘဲ သစ်ကိုင်းများတွင်ခြေထောက်ဆွဲ၍ လောကကြီးကို ခပ်ရွဲ့ရွဲ့ကြည့်နေ၏။ အမြဲတစေတသုန်သုန်တိုက်ခတ်တတ်သောလေညှင်းပင် လေးသောခြေလှမ်းများနှင့် ရိုးပြတ်များကို ဝေ့သည်ဆိုရုံလေး ခပ်ဖြည်းဖြည်းတိုက်ခတ်နေသည်။ တစ်ချက်တစ်ချက်မြည်ဟီးတတ်သော ခွေးလေခွေးလွင့်တို့၏ အူသံမှအပ ညယံသည်တိတ်ဆိတ်၍ ချောက်ချားဖွယ်ကောင်းလှပေစွ။ ထိုဆိတ်ငြိမ်လှသောညယံကို ဖျက်ဆီးလိုက်သောအော်သံကြီးတစ်ခုက . . .

"သူခိုး. . . သူခိုး. . . သူခိုး. . ."

"သူခိုးဟေ့. . . သူခိုး. . . လိုက်လိုက်. . ."

"သူခိုးတဲ့ကွ. . . သူခိုးတဲ့. . ."

ကျယ်လောင်လှသော ထိုအော်သံကြောင့် အဆောင်တွင်းနှစ်ခြိုက်စွာအိပ်မောကျနေသူအားလုံး လန့်နိုးလာပြီး. . .

"ဟာ. . ဟေ့. . သူခိုးတဲ့. . . တို့အဆောင်ထဲ သူခိုးဝင်ပြီ"

www.burmeseclassic.com



"ဘယ်မှာလဲ သူခိုး. . . ဘယ်မှာလဲ သူခိုး. . . "

"သူခိုးတဲ့ဟေ့. . . မိအောင်ဖမ်းကြ. . . "

ဟုဆိုကာ အားလုံးဝရုန်းသုန်းကားထ၍ အဆောင်အပြင်ဘက် ပြေးထွက်လာကြ၏။

"ဘယ်မှာလဲ သူခိုး. . . ဘယ်မှာလဲ သူခိုး. . . "

"သူခိုးတဲ့. . . သူခိုး. . သူခိုး. . မိအောင်ဖမ်းကြ. . . "

ဟူသောအော်သံများဆူညံကုန်၏။ ထိုအော်သံများကြောင့် နဖူးမှဒဏ်ရာများ သကာသကာနှင့် အနားယူနေသော အဆောင်မှူးပင်လန့်နိုး ပြေးထွက်လာ၏။ အဆောင်မှူးထွက်လာတာကိုရိုးတိုး ရိတ်တိတ်မြင်သည်နှင့် အားလုံးက . . .

"ဟေ့ကောင်တွေ. . . ဟိုမှာသူခိုးကွ. . . ဟိုမှာ. . . "

"အေးဟုတ်တယ်. . . လိုက်လိုက်. . . "

ဟုဆို၍ အားလုံး အဆောင်မှူးကိုသူခိုးမှတ်ကာ အဆောင်မှူး ရှိရာ ပြေးဝင်သွားကြသည်။ သူ့ထံလူအုပ်စုကြီး ဝင်လာတာမြင်တော့ အဆောင်မှူးလည်းလန့်ပြီး. . .

"ဟေ့ကောင်တွေ. . ငါအဆောင်မှူးကွ. . အဆောင်မှူး"

အဆောင်မှူးအသံကြားတော့ အားလုံးခြေလှမ်းရပ်တန့်သွား၏။

"ဟာ. . ဟေ့ကောင်တွေ. . အဆောင်မှူး. . လူမှားမယ်"

ဟုဆို၍ရပ်လိုက်ကြသည်။ ထိုတော့မှ အဆောင်မှူးလည်းခုန လှည့်ပြေးရန်ပြင်နေသောခြေလှမ်းကို ရဲဝံ့စွာအရှေ့ပြန်လှမ်းပြီး. . .

"ဟေ့ကောင်တွေ. . . ဘာဖြစ်တာလဲကွ. . ဆူဆူညံညံနဲ့"

"သူခိုး . . အဆောင်မှူး. . . သူခိုးတဲ့. . . သူခိုး"

အဆောင်မှူးမျက်မှောင်ကြုတ်သွား၏။ နောက် ခဏရပ်၍စဉ်းစား ပြီး. . .

"သူခိုး. . . ဟုတ်ရဲ့လားကွ. . . ခုနဟိုကောင်တွေများဖြစ်နေ မလား"

အဆောင်မှူး၏စကားကို အကြွားထူသောအဆောင်သား 'အားမူ' မှ. . .

"ဟာ. . . ဆရာကလည်း. . . သူခိုးမှသူခိုးစစ်စစ်၊ ကျွန်တော်နဲ့

www.burmeseclassic.com



အပေါက်ဝမှာတွေ့လို့ ကျွန်တော်တောင် လက်သီးစိမ်းနှစ်လုံးပစ်ကျွေးလိုက်သေးတယ် . . ။ သူ့နှုတ်ခမ်းက အဆောင်မှူးနှုတ်ခမ်းလိုတောင် လန်တက်သွားသေး"

"ဟုတ်တယ်ဗျ. . . အားမူ သူခိုးကိုထိုးနေတာမြင်လို့ ကျွန်တော်ဝါးလုံးနဲ့ဝင်ရိုက်တာ. . . တောက်. . . သူခိုးအရှောင်မြန်ပေလို့ပေါ့ဗျာ. . . နို့မဟုတ်ရင် သူ့နဖူးကဘုဟာ အဆောင်မှူးနဖူးကဘုထက်လျော့မှာ မဟုတ်ဘူး. . . "

'အားမူ'၏စကားကို သူနဲ့ကြွားဖော်ကြွားဖက်ဇော်မြင့်နိုင်က ဝင်ထောက်ခံသည်။ သူတို့၏ဟုတ်သည်ရှိ မဟုတ်သည်ရှိစကားကြောင့် အားလုံး လှုပ်လှုပ်ရှားရှားပြန်ဖြစ်သွားကြပြီး . . .

"ဟင်. . . ဒါဆိုသေချာပြီ. . . သူခိုးကိုမိအောင်ဖမ်းကြ . . လူဖြန့်ရှာကြလေ. . . မိအောင်ဖမ်းကြကွ. . . ဒီသူခိုးသောင်းကျန်းနေတာကြာပြီ. . . "

အဆောင်မှူးစကားကြောင့် အားလုံးပြန်လည်အသက်ဝင်လာကြ၏။ ဟုတ်ပါသည်။ ယခုတလောအဆောင်မှာကလည်း သူခိုးသောင်းကျန်းနေတာကြာပြီ. . ။ ထို့ကြောင့် အားလုံးတက်တက်ကြွကြွဖြစ်သွားကြပြီး. . .

"အေး. . ဟုတ်တယ်. . လူဖြန့်ရှာကြမယ်. . . ၊ တစ်ဖွဲ့က အရှေ့ဘက် တစ်ဖွဲ့ကအနောက်ကိုဝိုင်း. . . မိရင်တော့ လက်မနှေးစေနဲ့ ချက်ချင်းအချက်ပေးကြနော်. . . . "

"စိတ်ချ . . . မိပြီဆိုမှဖြင့် တကူကူးကူလို့အော်လိုက်မယ်"

ဟုဆို၍အားလုံးဝရုန်းသုန်းကားနှင့် လူစုခွဲထွက်ခွာသွားကြသည်။ ထိုတော့မှ ပုန်းပြီးချောင်းနေသော ကျော်ကို၊ ကောင်လေး၊ နိုင်လင်းတို့ သုံးယောက် အမှောင်ထဲမှထလာကြသည် ။

"ကဲ. . . ငါ့အကြံမပိုင်ဘူးလား. . . "

ကောင်လေးက ပြုံးပြုံးကြီးဂုဏ်ယူ၏။ ဒါကိုကျော်ကိုက

"မင်းအကြံပိုင်တာတော့ဟုတ်ပါပြီ ဒီစာခြောက်ရုပ်ကြီးက"

"အဆောင်မှူးအခန်းထဲ သွားထားမှာလေ. . . ပေး ပေး. . ငါသွားထားပေးမယ်. . . "

www.burmeseclassic.com



ဟုဆို၍ စာခြောက်ရုပ်ကြီးကိုထမ်း၍ အဆောင်မှူးအခန်းသို့ ခွင်ကောက်ခွင်ကောက်နှင့် ဒုန်းစိုင်းချသွားလေ၏။ သိပ်မကြာလိုက်ပါ၊ ကောင်လေး သဘော်ဆေးဘူးကြီးတစ်ဘူးဆွဲ၍ ပြန်ရောက်လာ၏။


"ဟေ့ကောင် ဘာတွေလုပ်လာပြန်ပြီလဲ. . . အိပ်တော့မယ့်ဟာကို. . ."

နိုင်လင်းက ကောင်လေးကို ဆီးပြော၏။ ဒါကိုကောင်လေးက မိန့်မိန့်ကြီးပြုံးပြီး. . .

"အကြံရှိတယ်လေ. . ."

"ဘာအကြံလဲ. . ."

ကျော်ကို မျက်မှောင်ကြုတ်၍ပြန်မေး၏။



www.burmeseclassic.com



"ဒီလိုကွ. . . တို့ဒီအတိုင်း ပြန်ဝင်အိပ်နေလိုက်ရင်. . . တစ်ည လုံး ငါတို့လုပ်ထားသမျှတွေပေါ်ကုန်မယ်. . . "

"အဲဒီတော့. . . "

"အဲဒီတော့. . . ဟောဒီသဘော်ဆေးဘူးထဲ ခြေထောက်နှစ်ပြီး တော့ သူခိုးခြေရာလိုလို ဘာလိုလိုလုပ်ပြီး ခြေရာသဲလွန်စကို လမ်းလွှဲပြထား ရမယ်. . . "

"ပြထားရင်. . . "

"ဟ. . . ဒါမှ သူတို့အားလုံး သူခိုးအဆောင်မှာရှိနေတုန်းပဲဆိုပြီး ပတ်ရှာနေကြမှာပေါ့. . . အဲဒီတော့မှ တို့လဲကိုယ့်ခြင်ထောင်ထဲ ကိုယ်ဝင်ပြီး အေးအေးဆေးဆေးအိပ်ရမှာ. . . ငါ့အကြံမကောင်းဘူးလား . . . "

ကောင်လေး၏စကားဆုံးသည်နှင့် ကျန်နှစ်ယောက်လုံး၏ မျက်လုံးများဝင်းလက်သွားပြီး. . .

"အေး. . . မင်းအကြံကောင်းတယ်ကွ. . . ကဲလုပ်ငန်းစရ အောင်. . . "

ဟုဆို၍ ကိုယ်စီခြေထောက်များကို သဘော်ဆေးနှစ်လိုက်ကြ သည်။ ပြီးနောက် သုံးယောက်သား ပျော်ရွှင်စွာ အဆောင်ပေါက်စေ့လိုက် ပြေးကြသည်။ ပြီးမှ အားလုံးလူပြန်စုပြီး. . .

"ကဲ. . . အဆောင်ပြင်တော့ပြီးပြီ. . . အဆောင်ထဲကိုခြေယောင်ပြရ အောင်. . . "

ဟုဆိုပြီးအဆောင်ထဲသို့ဝင်လိုက်သည်။ ပြီးနောက်အဆောင် ကြမ်းပြင်များသာမက အဆောင်နံရံများကိုပါ ခြေရာများထင်ကျန်စေရန် ခြေဖြင့်ကန်ကြသည်။ နောက်သုံးယောက်သားအပျော်လွန်ပြီး အဆောင် မျက်နှာကြက်ထိ ခြေရာများထင်ကျန်စေရန် ကျော်ကိုကို၊ နိုင်လင်းနှင့် ကောင်လေးက ခုတင်ပေါ်တက်၍ ခက်ခက်ခဲခဲ'မ'ပေးပြီး ကျော်ကိုက 'တဟေးဟေးတဟားဟား'ရယ်၍ မျက်နှာကြက်ကို ခြေဖြင့်လှမ်းပိန့်ကန် သည်။ အဆောင်တစ်ခုလုံး ခြေရာများပေပွသွားမှ. . .

"ကဲ. . . တော်လောက်ပြီ. . တို့တွေခြေယောင်ဖျောက်ပြီး အိပ်မှ ဖြစ်တော့မယ်"

ကောင်လေး၏စကားကို အားလုံးကလက်ခံ၏။

www.burmeseclassic.com



"အေး. . . ဟုတ်တယ်. . တို့တစ်တွေရဲ့ခြေရာကို နောင်လာနောက်သားအဆောင်သားတွေ အမှတ်တရကိုးကွယ်ရတာပေါ့. . . "

"အေး. . . ဒါဆိုဂွတ်ည ကောင်းသောနိုက် ဘော်ဘော်"

ဟုဆို၍သုံးယောက်သားလူစုခွဲ၍

"အေး. . . ဂွတ်ည. . . စီးယူ မနက်ဖန်"

ကိုယ်စီအိပ်ရာထဲဝင်သွားကြသည်။

◆ ◆ ◆

www.burmeseclassic.com



**သူတို့**အိပ်ရာထဲဝင်ပြီး သိပ်မကြာခင်မှာပင် သူခိုးလိုက်ဖမ်းနေသောအဆောင်သားများနှင့် အဆောင်မှူး အဆောင်ရှေ့ ပြန်ရောက်လာကြသည်။ အဆောင်ရှေ့မှ ကျော်ကိုတို့ လုပ်သွားသောခြေရာများကိုမြင်တော့ အံ့အားသင့်သွားပြီး. . .

"ဟာဒီမှာ. . . ခြေ. . . ခြေရာတွေ. . . "

"ဟာ ဟုတ်တယ်. . . ခြေရာတွေ. . . သူခိုးခြေရာတွေဖြစ်မယ်"

"ဟာ. . . ခြေရာတွေက ရောင်စုံပဲကွ. . . "

"အေး. . . ဒါဆို. . . သူခိုးကတစ်ယောက်တည်း မဖြစ်နိုင်ဘူး"

"ငါတွေ့တာ နှစ်ယောက်ပါဆိုမှ"

ဟူ၍ တစ်ယောက်တစ်ပေါက်နှင့် ဆူညံသွားကြပြန်၏။ သူတို့အော်ဟစ်နေရာသို့ အဆောင်မှူးရောက်လာပြီး. . .

"ဘာဖြစ်နေကြပြန်တာလဲကွ"

သူ့အမေးကို အားမူက အဆောင်ကြမ်းပြင်ကို လက်ညှိုးထိုးပြပြီး. . .

"ဒီမှာလေ. . . အဆောင်မှူး. . . ကျွန်တော်လက်သီးစိမ်းနှစ်လုံး

www.burmeseclassic.com



ကျွေးလိုက်တဲ့ သူခိုးရဲ့ခြေရာတွေ. . . "

အဆောင်မှူးက အားမူညွှန်ပြရာသို့ကြည့်ပြီး. . .

"အလို. . . "

ရှုပ်ရှက်ခတ်နေသော ခြေရာများကိုကြည့်ပြီး အဆောင်မှူးအံ့အားသင့်သွား၏။

"ဟင်. . . ခြေရာတွေကအများကြီးပါလား. . . "

အဆောင်မှူးစကားကို ဖော်လိုဇေယျာနောင်က. . .

"အဲဒါကြောင့် ကျွန်တော်ပြောတာပေါ့. . . ကျွန်တော်တွေ့တာ ကိုကနှစ်ယောက်ပါဆို. . . တစ်ယောက်ဆို ပုဆိုးကြီးခြုံထားတယ်"

သူ့စကားကိုအကြွားထူ အားမူကလည်း. . .

"ငါ လက်သီးစိမ်းနှစ်လုံးကျွေးလိုက်တာ. . . အဲဒီလုံချည်ခြုံ ကောင်ပေါ့. . . တောက်. . . သေမှာစိုးလို့လျှော့ထိုးလိုက်မိတာ. . နောက် မဟုတ်ရင် ငါ့အတွင်းအားနဲ့ဆို မချောင်လောက်ဘူး. . . "

သူတို့တွေ၏စကားကြောင့် အဆောင်မှူးလှုပ်လှုပ်ရှားရှားဖြစ်သွားပြီး. . .

"ကဲ. . . ဒါဆို အဆောင်ထဲပတ်ရှာကြဦး. . . ဒီပုံအတိုင်းဆို ဒီကောင်တွေ အဆောင်အပြင်မရောက်လောက်သေးဘူး. . . "

"အဆောင်ပတ်ရှာတာတော့ ဟုတ်ပါပြီ. . . အခုတင် ကျွန်တော်တို့ရှာတာ နေရာနှံ့နေပြီပဲ. . . ဘယ်ကိုထပ်ရှာဦးမှာလဲ. . . "

အဆောင်မှူး၏စကားကို ဇော်မြင့်နိုင်က မျက်မှောင်ကြီးကြုတ်ပြီး ဖြတ်မေး၏။ ဒါကိုအဆောင်မှူးက စုံထောက်ပြုံး မိန့်မိန့်ကြီးပြုံးပြီး. . .

"ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ကာ လွယ်ပါတယ်ပဲဆိုပါတော့ . . . သူတို့ခြေထောက်တွေဆေးပေနေတဲ့အတွက်. . . ရှာရမခက်ပါဘူး. . . ကိုင်း မောင်အားမူရေ. . . အဲ့ဒီခြေရာတွေကို တိတိကျကျတိုင်းလိုက်စမ်း. . . ဖနောင့်ကနေ ခြေမထိပ်အထိတိုင်းနော်. . . "

"ဟေ့. . . ပေတံရှာပါဟ. . . တိုင်းပါဟ"

အဆောင်သားများ ဆူဆူညံညံဖြစ်ကုန်ကြပြန်၏။ အားမူက ပေတံရလာပြီး နီးရာခြေရာတစ်ခုကိုတိုင်းကာ. . .

"ဒီခြေရာကတော့ ကိုးလက်မခွဲတိတိရှိတယ်ဆရာ"

www.burmeseclassic.com



"အိမ်း. . . တပည့်တို့ မှတ်ကြကွယ့်. . . ခြေရာကိုးလက်မခွဲ ရှိလျှင် အကြင်သူသည် အရပ်အမောင်းမှာ ငါးပေခြောက်လက်မ ကိုယ် အလေးချိန် တစ်ရာနှစ်ဆယ့်ငါးပေါင် ဦးပြည်းကခပ်ပြောင်ပြောင် ကိုယ် ရောင်မှာ မွဲမယ်ဟေ့. . . မှတ်ကရော့ချစ်တပည့် . . . "

"အဲဒီတော့ အဲဒီလူကို ကျွန်တော်တို့မိရောလား ဆရာရဲ့. . "

အားမူ၏ဇဝေဇဝါအမေးကို အဆောင်မျှုးက ရီးတီးယောင်တောင် နှင့်ကြည့်ကာ. . .

"ဟ. . . သူ့ပုံပန်းသဏ္ဍာန်ကို မှန်းလို့ရတော့ သူ့ကို ကြက်ကလေး ငှက်ကလေးဖမ်းသလို ဖမ်းလို့ရတာပေါ့ကွ. . . "

"အခုလိုဆရာသူ့ခြေရာ လေ့လာနမ်းရှု့နေတုန်းမှာပဲ အဲဒီသူခိုးက ကြက်ကလေး ငှက်ကလေးပြေးသလို ထွက်မပြေးသွားနိုင်ဘူးလား ဆရာ. . . "

"အမ်. . . ဟုတ်သဟေ့ ကိုသိမ်းမောင်. . . အဲလေယောင်လို့ မောင်အားမူ ဆရာပညာရှိသတိဖြစ်ခဲဖြစ်သွားတယ်. . . ကိုယ်အလေးချိန် တစ်ရာနှစ်ဆယ့်ငါးပေါင်ဆိုတော့ . . . ရှာကြဟေ့. . . ရှာကြဟ. . . "

"ဟင် ဘယ်လိုကြီးလဲဟ. . . ဘယ်လိုရှာရမှာတုံးဗျ. . . "

"အိုး အလွယ်လေး. . . သူတို့ခြေရာနောက်လိုက်သွားရင် ခြေရာ ဆုံးတဲ့နေရာ သူတို့ရှိတဲ့နေရာပဲပေါ့ မဟုတ်ဘူးလား. . . အဲဒီလို ခြေရာ နောက်မျှောလိုက်သွားရင် ဒီသူခိုးတွေရှိတဲ့နေရာကို ရောက်ရောပေါ့ကွ. . . အဲဒီတော့မှ ကွိခနဲ ဖမ်းလိုက်ရုံပေါ့. . . "

အဆောင်မျှုးစကားကြောင့် အားလုံးဉာဏ်အလင်း ပွင့်သွားကြ ၏။

"အေး. . . ဟုတ်တယ်ဟေ့. . . သူတို့ခြေရာနောက် လိုက်ကြရ အောင်. . . "

ဟုဆို၍ ဝရုန်းသုန်းကားနှင့် လိုက်ဖို့ပြင်ကြရာ အဆောင်မျှုးက လက်နှစ်ဖက်ကိုဘေးသို့ဆန့်တန်းကာ အဆောင်သားများအား ပေစောင်း စောင်းကြည့်ရင်း. . .

"ဟေ့ ဒီလို ဖရိုဖရဲနဲ့ တစ်ယောက်တကွဲနဲ့လိုက်နေလို့ရမှာ မဟုတ် ဘူးကွ. . . နောင် မင်းတို့လည်း ကိုယ့်ဘာသာကိုယ် သူခိုးဖမ်းနိုင်အောင် ဆရာ့ရဲ့ သဲလွန်စတွေအပေါ် ချဉ်းကပ်ပုံကို ဆရာ့နောက်ကလိုက်လာကြ

www.burmeseclassic.com



ကွယ်တို့. . . ”

ဟုဆို၍ အဆောင်မှူးဦးစီးပြီး ခြေရာနောက်သို့ လူစုကုန်းကုန်းကုန်းကုန်းနှင့်လိုက်ကြသည်။

“ဟောဒီမှာကြည့်စမ်း. . . ဒီမှာကြည့်စမ်း. . . ခြေရာတွေ. . . ခြေရာတွေ. . . ဒီခြေရာတွေဒီလောက်ထပ်နေပုံရရင်. . . သူတို့ဒီမှာ လူစုပြီးတိုင်ပင်ခဲ့ရမယ်. . . ဟုတ်ကဲ့လားကိုသိမ်းမောင်ရေ. . . ”

အဆောင်မှူးက အရှေ့မှဦးဆောင်၍ စုံထောက်ကျော်ကြီးဦးစံရှားလေသံနှင့်ပြော၏။ ဒါကို ဝိတ်ပေါ်ဇော်မြင့်နိုင်က အားကျမခံဖြင့်. . .

“ဟုတ်ပ ဦးစံရှားရေ. . . ”

ဟုဆိုလိုက်ရာ အဆောင်မှူးက သူ့ကိုမျက်ထောင့်နီကြီးနှင့် ပြန်ကြည့်၏။ ထိုတော့မှ ဇော်မြင့်နိုင်ကသွားကိုဖြဲ ကုတ်ကိုတိုရင်း ကျွန်တော်မဟုတ်ဘူးပုံစံနှင့် ခေါင်းခါပြသည်။ အဆောင်မှူးက ဇော်မြင့်နိုင်ကို မျက်ထောင့်နီကြီးနှင့်ကြည့်ရင်း ဘာမှဆက်မပြောဘဲ သူ့နဖူးကဘုများကို ပြန်စမ်း၏။ ပြီးမှ ခြေရာများကိုပြန်ကြည့်ကာ. . .

“ဟောဒီမှာကြည့်စမ်း ဟောဒီမှာ. . . သူတို့ပြေးကြပြီဗျို့. . . ပြေးကြပြီ. . . ”

အဆောင်မှူးကသဏ္ဌာန်သရုပ်တူစေရန် အရှေ့မှကုပ်ကွကုပ်ကွနှင့်ခြေဖျားထောက်ပြေးပြသည်။ အဆောင်သားအားလုံးကလည်း ယောင်ပြီး သူ့အနောက်က ကုပ်ကွကုပ်ကွနှင့် ပြေးလိုက်ကြသည်။ အဆောင်လှေကားသို့ရောက်လျှင် အဆောင်မှူး ခြေလှမ်းကိုတုန့်ခနဲရပ်ပြီး. . .

“ဟောဒီမှာရပ်တာဗျို့ . . . ဟောဒီမှာအပြေးရပ်တာ ကိုသိမ်းမောင်ရေ့. . . ”

ဟုဆိုလိုက်ရာ အဆောင်သားများထံမှ တူညီစွာထွက်လာသောအသံက. . .

“ဟုတ်ပ ဦးစံရှားရေ့. . . ”

အားလုံးထံမှ ပြိုင်တူထွက်လာသောအသံကြောင့် အဆောင်မှူးတွန့်ဝင်သွား၏။ နောက်. . . ခုနတုန်းကလိုပင် ဝိတ်ပေါ်ဇော်မြင့်နိုင်ကို မျက်ထောင့်နီနှင့် ပြန်ဝေ့ကြည့်၏။ ဝိတ်ပေါ်ဇော်မြင့်နိုင်ကလည်း သူမဟုတ်ဘူးဆိုသောပုံစံနှင့်ပင် သွားကိုဖြဲ၊ ကုတ်ကိုတို လက်နှစ်ဖက်အရှေ့မှာ လိမ်ယှက်

www.burmeseclassic.com



ရင်း ခေါင်းခါပြသည်။ အဆောင်မှူး မကျေမနပ်နှင့် ကျန်သည့်သူများအား ဝေ့ကြည့်ပြန်သည်။ အဆောင်သားအားလုံးကလည်း ဇော်မြင့်နိုင်ပုံစံအတိုင်း သွားကိုဖြဲ ကုတ်ကိုတို လက်နှစ်ဖက် အရှေ့မှာလိမ်ယှက်ရင်း အဆောင်မှူးကို ခေါင်းခါပြကြသည်။ အဆောင်မှူးလည်း ဘာမှမပြောသာတော့. . . အရှေ့ဘက်ပြန်လှည့်ပြီး. . .

"ကျုပ်သိပြီဗျို့. . . ဒီကောင်တွေ ဒီအဆောင်ထဲဝင်ခိုးတာဖြစ်မယ်. . ."

"ဩော်. . . သူပြောမှပဲ. . . သိတော့တယ်. ."

ဟုဆို၍ အဆောင်ပေါ်တက်၏။ အားလုံးကလည်းသူ့ နောက်မှ လိုက်သွား၏။

"ဟောဒီမှာကြည့်စမ်း. . . ဒီမှာ သူတို့တစ်တွေပစ္စည်းရှာကြပြီ. အဲ. . . ဒီမှာမရှိတော့မှ အဆောင်ရဲ့ရာဟုထောင့်ကို ဆက်သွား. . . ရှေ့ဆက်သွားပြီဗျား. . . ရှေ့ဆက်သွား. . . ဟော ရာဟုထောင့်နံရံကို ရောက်တော့. . . ဟောဟောဘေးဘီကိုဝေ့ကြည့်တယ် . . . အမှုကတော့ မဆိုစလောက်စိတ်ဝင်စားစရာကောင်းနေပြီ. . . ဟော နှစ်ယောက်က အောက်ကရပ်စောင့်တာဗျို့. . . တက်ပြီ. . . တစ်ယောက် တက်ပြီ. . . ဟောဒီနံရံက ခြေချောင်းသုံးချောင်း. . . သုံးချောင်းရာဟာ. . . ဒီအမှု တစ်ခုလုံးရဲ့အသက်ပဲ ကိုသိမ်းမောင်ရေ. . . ဒီခြေရာရှင်ဟာ. . . နံရံကို ဆက်တက်ပြီး. . . နံရံကိုဆက်တက်. . . တက်. . .

"ဟင်"

"အလို. . ."

နံရံမှခြေရာများကိုကြည့်ရင်း အဆောင်မှူးနှင့် အဆောင်သား အားလုံးခေါင်းမော့သွားကြကုန်၏။ အဆောင်မှူး၏ စကားသည်လည်း ရှေ့သို့ထပ်မဆက်နိုင်၊ သူကိုယ်တိုင် ပါးစပ်လေးဟပြီး ငြိမ်သက်နေ၏။ အဘယ်ကြောင့်ဆိုသော် မျက်နှာကြက်ထိ ပြန့်ကျဲနေသော ခြေရာများ. . . ထိုခြေရာများကိုကြည့်ကာ အားလုံးအံ့အားသင့်ပြီး ငြိမ်သက်သွားကြခြင်း ဖြစ်၏။ အဆောင်မှူးအံ့အားသင့်စွာ အဆောင်သားအားလုံးကိုဝေ့ကြည့်၏။ အဆောင်သားအားလုံးကလည်း သူ့ကိုပြန်ကြည့်ကာ ပါးစပ်လေးဟပြီး ပြိုင်တူခေါင်းခါပြ၏။ သူတို့လည်း မသိဘူးဆိုသည့်သဘော. . .။

www.burmeseclassic.com



အဆောင်မျူးကြမ်းပြင်မှ ခြေရာများကို လက်ညှိုးကောက်ကောက် ကလေးဖြင့် တောင်ထိုးမြောက်ထိုးလုပ်ကာ ယီးတီးယောင်တောင်နှင့် လိုက်ကြည့်နေသည်။ နောက်. . . တစ်ဆင့်ပြီးတစ်ဆင့် နံရံမှခြေရာများကို လိုက်ကြည့်၏။ ထိုမှတစ်ဆင့် မျက်နှာကြက်ပေါ်တွင် ပွစာကြဲနေသောခြေရာများ. . .။ ထိုနေရာရောက်တော့ သူ့မျက်လုံးများ တဖြည်းဖြည်းပြူးကျယ်လာသည်။ နှာသီးဖျားနီပွပွကြီးက တဆတ်ဆတ်တုန်လာသည်။ ဘယ်လိုခြေရာတွေလဲ. . .၊ဘယ်လိုလူက ဒီလိုခြေရာမျိုးထင်အောင် လုပ်နိုင်တာလဲ. . .၊ အဆောင်မျူး၏နားထင်မှ ကွမ်းသီးလုံးခန့် ချွေးသီးချွေးပေါက်ကြီးများစိမ့်ထွက်လာပြီး ရှေ့သို့ ‘ပလောက် ပလောက်’နှင့်ပိုးပိုးပေါက်ပေါက်ကျနေသည်။ ဘယ်လိုလူမျိုးက မျက်နှာကြက်ပေါ် ဇောက်ထိုးလမ်းလျှောက်လို့ရသလဲ. . . ဟူသောအတွေးများ သူ့ခေါင်းထဲတွင် ပလုံစီထနေ၏။

အတန်ကြာမှ သူ့တစ်ကိုယ်လုံး ဆတ်ခနဲ ဆတ်ခနဲ တုန်သွားကာ ဆံပင်များ ‘ဖြန်း’ခနဲထောင်ထလာသည်။ ပြီးမှ သူ့ကို ငေးကြည့်နေသော အဆောင်သားများဘက်သို့ အသက်မဲ့သူတစ်ယောက်လို တောင့်တောင့်ကြီးလှည့်လာပြီး ဒုက္ခိတခွေးအိုကြီး ကားကြိတ်သံကဲ့သို့ စီတုန်တုန်အသံသြကြီးဖြင့်. . .

“သ. . . သ. . . ရဲ. . . ”

သူ့အသံလည်းကြားရော အဆောင်သားအားလုံး လန့်ဖျပ်ကုန်ပြီး ဝရုန်းသုန်းကားနှင့် တစ်ယောက်တစ်ပေါက် ထအော်ကုန်သည်။

“သ . . သသသ. . . သရဲတဲ့ အမေရေ့. . . ”

“အောင်မလေး. . . အဆောင်ထဲ သရဲဝင်ပြီတဲ့. . ကယ်ကြပါဦး ရပ်ကွက်လူကြီးတို့ရဲ့ . . . ဟဲ့. . . ဟဲ့. . . ”

“သ. . . သရဲတဲ့. . . ဘုရား. . . ဘုရား. . . ကယ်တော်မူပါ သမ္ဗုဒ္ဓေ. . . သမ္ဗုဒ္ဓေ. . . ကယ်တော်မူပါ ”

“ဟိတ်ကောင်. . . အားမူ မင်းလက်သီးစိမ်းနှစ်လုံးကျွေးလိုက်တဲ့ကောင်ဟာ အဲဒီသရဲဖြစ်မယ်. . . ဒီကောင်မကျေနပ်လို့ အဆောင်ထဲဝင်သောင်းကျန်းနေပြီထင်တယ်. . . ”

“ဟုတ်တယ်. . . ဟေ့ကောင်. . . မင်းသရဲနဲ့ သူခိုးမှားထိုးမိလို့ အားလုံးဒုက္ခများကြတော့မယ်. . . မင်းကိုခေါ်စာပစ်မှ သရဲကကျေနပ်မယ်

www.burmeseclassic.com



ထင်တယ်. . . ”

အားလုံး၏အာရုံက လက်သီးစိမ်းနှစ်လုံးကျွေးခဲ့သည် ဆိုသော အားမူထံသို့စုပြုံကျသွား၏။ ထိုတော့မှအားမူလည်း ကြောက်လန့်တကြား ဖြင့် ခေါင်းတစ်ခါခါ ဖင်တစ်ခါခါနှင့် လက်ဝါးကြီးနှစ်ဖက်ရှေ့ကာပြီး. . .

“ငါ. . . ငါ. . အလကားပြောတာပါ. . . လက်သီးစိမ်းနှစ်လုံး ကျွေးဖို့နေနေသာသာ ဘယ်သရဲကိုမှမတွေ့မိပါဘူးကွာ. . . ”

“ဟေ့ကောင် မလိမ်နဲ့. . . မင်းသရဲနဲ့နပန်းလုံးနေတုန်း ဇော်မြင့် နိုင်ကတောင် ဝါးလုံးနဲ့ဝင်ရိုက်သေးတာပဲ”

“ဟင့်အင်း. . . ဟင့်အင်း. . . ရိုက်ဘူး. . . ရိုက်ဘူး. . .

ငါလည်း သူကွြားလို့ဝင်ကွြားတာ. . . ဘယ်သူ့ကိုမှရိုက်ဘူးနော်. . . နော် အားမူ. . . မင်းလည်းထိုးဘူး. . . ငါလည်းရိုက်ဘူးနော်. . . ”

ဇော်မြင့်နိုင်က ကြောက်အားလန့်အားနှင့် ပြောမိပြောရာပြော၏။

အားလုံး၏ပစ်မှတ်က အကွြားထူပြီး လက်သီးစိမ်းနှစ်လုံးကျွေးခဲ့ သည်ဆိုသောအားမူနှင့် ဝါးလုံးစိမ်းနှင့်ရိုက်ခဲ့သည်ဆိုသော ဇော်မြင့်နိုင် တို့အပေါ် ကျနေ၏။ အခြေအနေပို၍ တင်းမာလာမည်ကို သိသော အဆောင်မှူးက. . .

“တော်ကြစမ်း. . . ”

အဆောင်မှူးအသံကြားတော့ မီးကိုရေနဲ့ဖျန်းလိုက်သလို စီခနဲ ငြိမ်ကြသွားကြ၏။ အားလုံးအသံတိတ်သွားမှ စစ်ထွက်ရတော့မည့်ရောမ သူရဲကောင်းလို ရင်ကိုကော့ပြီး အဆောင်မှူးက အောင်မြင်ခန့်ညားသော အသံကြီးဖြင့်. . .

“တော်ကြတော့. . . . အရည်မရအဖတ်မရတွေပြောပြီး. . . အကြောက်လွန်မနေကြနဲ့တော့. . .။ ဒီလိုသိပ္ပံပညာတွေ အဆမတန် တိုးတက်နေတဲ့ခေတ်မှာ. . . ဒီလို ဂမ္ဘီရဆန်တဲ့အတွေးတွေ တွေးမနေကြ စမ်းပါနဲ့ သရဲဆိုတာမရှိဘူး. . . ရှိရင်လည်း သူတို့ဟာ လူတွေကိုခြောက်လှန့် လို့ ကိုယ်ထင်ပြလို့မရဘူး. . . ကိုယ်ထင်ပြရင်လည်း ကြောက်စရာမလို ဘူး. . . လှုပ်ရှားနိုင်တဲ့လူလူချင်းတောင် ကြောက်စရာမလိုတဲ့ဟာ. . . ဒီလိုသေပြီးသားလူရဲ့ဝိညာဉ်ကို ငါတို့က ဘာလို့ကြောက်ရမှာလဲ. . . တောက်. . . ငါလိုကောင်နဲ့မတွေ့တာ မင်းကံကောင်းသွားတယ် မောင်

www.burmeseclassic.com



သရဲ. . . နို့မို့ဆို. . အခုလောက်ရှိ မင့်နှာနုရိုးလေးလောက်တော့ ပြားနေလောက်ပြီ မောင်သရဲ ဟွင်း. . . ဟွင်း . . . ဟွင်း. . . "

အဆောင်မှူးက အားမလိုအားမရဖြင့် အဆောင်သားများရှေ့ ရင်ကိုကော့၍ ခါးကိုထောက်ကာ ကြိမ်းဝါး၏။ သူ့ပုံစံက ခါးကြားထဲဓားထိုးထည့်၍ ခေါင်းပေါ်မောက်တိုပေးဆောင်းလိုက်ပါက စစ်သူကြီးမဟာဗန္ဓုလနှင့် နင်လားငါလား။ သူ့ပုံစံကိုကြည့်၍အဆောင်သားအားလုံး ကြောက်စိတ်များလွင့်ပြယ်ကာ ပြန်လည်အားတက်လာကြပြန်သည်။

"အမှန်တော့ သရဲဆိုတာမျိုးဟာ ဝယ်(လ်)ပါဝါ အဆင့်ပေါင်းများစွာနိမ့်ကျပြီး လူတွေလုပ်သမျှခံရမယ့်အတန်းအစားပါ. . . ဒါ့ကြောင့်သရဲဆိုတိုင်း ရှေးခေတ်ယုံတမ်းစကားတွေကိုယုံပြီး ကြောက်မနေကြပါနဲ့. . . လာစမ်းပါ. . . လာလိုက်စမ်းပါ. . . ထန်းပင်လောက်ရှိတဲ့အကောင်ဖြစ်ပါစေ ထန်းသီးလောက်ဘုထွက်လာအောင် ကျွေးပစ်လိုက်မယ်။ ဟော့ဒီလောက်ဘုထွက်လာအောင် ကျွေးပစ်လိုက်မယ်"

အဆောင်မှူးပြောရင်းအားပါလာပြီး သူ့နဖူးပေါ်ကဘုကြီးကို လက်ညှိုးတောက်ဆတ်တောက်ဆတ်နှင့်ထိုးပြရင်း ပြောသည်။

အဆောင်မှူးစကားလည်းကြားရော အဆောင်သားများ အားလုံးပို၍သွေးဆူလာပြီး. . .

"ဟုတ်တယ်ကွ . . . ချမယ်. . . ဒီသရဲကိုမိအောင်ကိုဖမ်းမယ်. . . "

"ဟုတ်တယ်. . . သရဲကိုမိအောင်ဖမ်းပြီး ပြတိုက်ပို့ပစ်မယ်. . . "

"ငါ့ရဲ့လက်သီးစိမ်းနှစ်လုံးကို ဒီတစ်ခါအသုံးပြုမယ်ကွ. . . "

ဟုဆို၍ တစ်ယောက်တစ်ပေါက်နှင့် ဆူညံလာလေသည်။ ထိုတော့မှ အဆောင်မှူးက အားလုံးကိုလက်ကာပြပြီး. . .

"မလိုပါဘူးကွာ. . . "

ဟုဆို၍ အားလုံးကို ဖားပြုတ်ပြုံး မိန့်မိန့်ကြီးပြုံးပြလိုက်၏။ ပြီးတော့ ခေါင်းကို ဖြည်းညင်းစွာခါပြီး . . .

"မလိုသေးပါဘူး. . တပည့်တို့ရာ. . . တပည့်တို့အားလုံးရဲ့ အင်အားကိုမလိုပါဘူး။ ဒီသရဲလောက်ကတော့ ဆရာတစ်ယောက်တည်းနဲ့

www.burmeseclassic.com



ကို ဆုံးမလို့ဖြစ်ပါတယ်. . .။ လူတစ်ယောက်မှာ အဓိကအရေးကြီးတာ ခန္ဓာအင်အားမဟုတ်ပါဘူး. . .။ စိတ်ဓာတ်သတ္တိပဲကွဲ့ . . . စိတ်ဓာတ်သတ္တိပဲ. . .။ စိတ်ဓာတ်သတ္တိရှိတဲ့ လူတစ်ယောက်အတွက်တော့ ဘယ်လိုအဖြစ်အပျက်မျိုးမဆို အေးအေးဆေးဆေး သက်သောင့်သက်သာနဲ့ ကျော်ဖြတ်သွားနိုင်မှာပါ. . . ဒါကိုလည်း မင်းတို့လူငယ်တွေ လူငယ်ဘဝမှာ ကောင်းကောင်းသိထားဖို့လိုအပ်တာမို့ အသေအချာမှတ် စာအုပ်နဲ့ထုတ်မှတ်. . . ဗဟုသုတပေါ့ကွာ. . . ဗဟုသုတပေါ့. . . ”

အဆောင်မှူးရဲ့စကားကြောင့် အဆောင်သားအားလုံး လေးစားအားကျသောမျက်လုံးမျိုးနှင့် ပါးစပ်လေးတွေဟပြီး အဆောင်မှူးကို ဝိုင်းကြည့်နေကြသည်။ ဤသည်ကို အဆောင်မှူးက ပို၍ပြောကောင်း၍လားမသိ၊ ခါးကိုမတ် ရင်ကိုကော့ပြီး. . .

“ဆရာတို့ဆိုတာ အခုမှသတိရှိလာတာမဟုတ်ဘူးကွဲ့ ဆရာရဲ့အဘိုးအဘေးတို့ လက်ထက်ကတည်းက ကျူးကျော်သူတွေကို ရှုပ်ရှုပ်ခွံ့ခွံ့တော်လှန်ခဲ့တာ . . ဒါလည်းသတ္တိကြောင့်ပါပဲ ကဲ. . . ဆရာတို့မျိုးရိုးရဲ့သတ္တိအကြောင်းပြောနေရင် ဒီညဆုံးမှာတောင်မဟုတ်တော့ပါဘူး . . . နောင်ကြုံမှ နောင်လာနောက်သားတွေလည်း လေ့လာလို့ရအောင်စာတစ်စောင် ကျမ်းတစ်ဖွဲ့လောက်တော့ ပြုစုရဦးမယ်. . . ခုတော့ မင်းတို့လည်း သရဲလိုက်ရလို့ အိပ်ရေးပျက်ပြီး ပင်ပန်းနေလောက်ပြီ. . . ကဲ. . . အဲဒီ တော့ ဒီညအဖို့ စိတ်ချလက်ချသာအိပ်ကြပေတော့. . . အဆောင်မှာ သောင်းကျန်းတဲ့သရဲကိုဖမ်းဆီးဖို့ ဆရာကိုယ်တိုင်ကိုပဲ သတ္တိသွေးပြဖမ်းဆီးခွင့်ပြုလိုက်ပါ တပည့်တို့. . . ”

ဟုဆိုလိုက်ရာ အဆောင်သားအားလုံး စစ်ထွက်တော့မည့် သူရဲကောင်းကို အဝေးမှမခို့တရို့ဝေ့ကြည့်ရသလို အဆောင်မှူးအား ဝေ့ကြည့်ပြီး. .

“ကျေးဇူးကြီးလှပါတယ် အဆောင်မှူးခင်ဗျာ. . . ”

ဟု စိတ်မကောင်းကြီးစွာဖြင့် ဆုတောင်းပေးရင်း အဆောင်ထဲသို့ ကိုယ်စီဝင်၍ကိုယ့်ခုတင်ကိုယ်ပြန်အိပ်ကြရလေသည်။

အားလုံးအိပ်ကုန်တော့မှ အဆောင်မှူး သက်ပြင်းချလိုက်ပြီး နဖူးမှအဖုများကိုပြန်စမ်းသပ်ရင်း ခပ်မဲ့မဲ့ပြုံးလိုက်သည်။ ပြီးနောက် ကျီးကြည့်

www.burmeseclassic.com



ကြောင်ကြည့်နှင့် ဘေးဘီဝေ့ကြည့်လိုက်သည်။ ဘယ်ဘက်ကမှန်းမသိ ပေါ် ထွက်လာသောငှက်ဆိုးထိုးသံကြောင့် အဆောင်မှူးပေါင်နှင့် ခြေသလုံးကို ဆက်သွယ်ထားသော ဂုံညင်းစေ့ပါ တွန့်ဝင်သွားသည်။ အနီးအနားတွင် လည်း ဘယ်သူ့ကိုမျှမတွေ့ရမှ ကြက်သီးဖြန်းခနဲ ထသွား၏။ ထိုတော့မှ ပုစဉ်းရင်ကွဲအော်သံ၊ နဂါးကောင်တိုင် ခေါက်သံတို့မှာပို၍ ချောက်ချားစေ သယောင်ထင်ရသည်။ ကြာလာတော့ အဆောင်မှူးလည်း တစ်ယောက် တည်းဆက်မနေရဲတော့ဘဲ ခေါင်းကိုငုံ့၊ တင်ကိုရှုံ့၊ ရင်ကိုကျုံ့ကာ အဆောင် သားများအလစ် အခွင့်ကောင်းယူ၍ မျက်လုံးကြီးပြူး အေးစက်နေသော လက်ဖျားတွေကောက်ပြီး ခြေလှမ်းကြကြီးဖြင့် မိမိအခန်းတွင်းသို့ ခြေဖျား ထောက်ပြေးဝင်သွားလေတော့၏။

သိပ်မကြာလိုက်ပါ. . . အဆောင်သားအားလုံးခေါင်းချရုံသာရှိဦး မည်။ အဆောင်မှူးအခန်းဆီမှ ကျယ်လောင်သောအော်သံကြီးက. . .

"အား. အူး. . . ဝါ. . . ဝူး. . . လုပ်. . . လုပ်. . . အ. . အ. . အ. . . ရဲ. . . "

ဟူသော ဗလုံးဗထွေးအသံများ. . . ညဥ့်နက်နက်မှာ ချောက်ချား ဖွယ်ကြားလိုက်သည်မို့ အားလုံးအိပ်မည်ကြံရုံသာရှိသေးသော အဆောင် သားများ ပြန်လည်လန့်နိုးလာကြပြီး . . .

"ဟာ. . . အဆောင်မှူးအခန်းက အော်သံကြားတယ်. . . "

"ဟေ့ကောင်တွေ. . . သရဲလားမသိဘူး. . . "

"ဒါဆိုလိုက်ကွာ. . . ဒီအချိန်လောက်ဆို အဆောင်မှူးသတ္တိသွေး နဲ့ ဖမ်းမိထားလောက်ပြီ. . . "

ဟုဆို၍ တစ်ယောက်တစ်ပေါက်အော်ရင်း အဆောင်မှူးအခန်းရှိ ရာသို့ ဝုန်းခနဲပြေးထွက်သွားကြသည်။

"ဟာ. . . ဟေ့ကောင်တွေ ဟိုမှာ. . . ဟိုမှာအဆောင်မှူးလက် ထဲ မိနေပြီကွ. . . "

"ဟာ. . . ဒါမှသတ္တိ၊ ဒါမှအဆောင်မှူးကွ. . . "

"မိပြီကွ. . . မိနေပြီ. . . "

ဟုအော်ရင်း အဆောင်မှူးအခန်းရှိရာသို့ အားရဝမ်းသာပြေးသွား

www.burmeseclassic.com



ကြ၏။ အဆောင်မှူးအခန်းရှေ့ရောက်သော် မြင်လိုက်ရသောမြင်ကွင်းကြောင့် အားလုံးအံ့အားသင့်သွားရ၏။ ဟုတ်ပါသည်။ မိနေပါပြီ။ အဆောင်မှူးလက်ထဲရောက်နေသော မည်းမည်းသဏ္ဌာန်တစ်ခု. . . အမှောင်ထဲမှာဆိုတော့ ဘာကိုမှမသဲကွဲ. . . အားလုံးအရှေ့တိုးကြည့်လိုက်မှ. . .

"ဟင်. . . "

"အလို. . . "

အားလုံးအံ့အားသင့်သွားကြ၏။

"စာခြောက်ရုပ်. . . စာခြောက်ရုပ်ကြီး. . . "

"အလို. . . စာ. . . စာခြောက်ရုပ်. . . "

အာမေဍိတ်သံများ ဆူညံသွား၏။ ဟုတ်ပါသည်။ အဆောင်မှူးဒူးထောက်၍လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော စာခြောက်ရုပ်ကြီး. . . ။

အဆောင်မှူးခမျာလည်း ညမှောင်မှောင်တွင် စာခြောက်ရုပ်ကိုရုတ်တရက်မြင်လိုက်ရ၍ မည်မျှကြောက်လန့်သွားသည်တော့မသိ။ ဘာစကားမှမပြောနိုင်ဘဲ စာခြောက်ရုပ်ကြီးကို အရိုက်ကြမ်းသော သူ့ဖခင်ကြီးကိုတောင်းပန်နေသည့်သဖွယ် ဖက်တွယ်လျက် မျက်လုံးကြီးပြူး၊ နှုပ်တွေတွဲ၊ အောက်မေးကြီးပြုတ်ပြီး ငုတ်တုတ်ကြီးမေ့မြောနေလေ၏။

အော်. . . စိတ်ဓာတ်သတ္တိဆိုတာ ဒါပဲဖြစ်ပေလိမ့်မည်။

◆ ◆ ◆

www.burmeseclassic.com



**ဖြိုးဖျဖျနေရောင်ခြည်**သည် ဝါဝင်းသောဝတ်စုံကိုချွတ်၍ ဖြူဖွေးသောအဆင်းကိုပင် လွှမ်းခြုံနေလေပြီ။ သူ၏အလင်းရောင်များသည်လည်း လေ့ကားရင်း၌ပင်မဟုတ်တော့ဘဲ ပြတင်းတံခါးကိုဖြတ်ကျော်၍အခန်းများတွင်းရှိ ခုတင်များ၏ ခြေရင်းသို့တိုင် ဖြန့်ကျဲနေလေပြီ။

အစီအရီသိမ်းဆည်းထားသော ခုတင်များပေါ်မှ အိပ်ရာလိပ်များသည်လည်း လင်ပန်းထဲထည့်ထားသော ကော်ပြန့်လိပ်များကဲ့သို့ အစီအရီနှင့် ညီညာ၍ကြည့်ကောင်းလှပေသည်။ ထိုကော်ပြန့်လိပ်များ၏ နံဘေးနားတွင်မှ လေးထောင့်အံစာတုံးသဖွယ် သေတ္တာများစနစ်တကျချထားပြန်၏။ ထို့နောက်မှ လျှော်ပြီးသားအဝတ်များ ခုတင်ခြေရင်းကြိုးတန်းများ၌ စီ၍ချိတ်ဆွဲထားသည်များကို တွေ့မြင်ရမည်ဖြစ်ပေသည်။

နေရောင်ခြည်သည် ပြတင်းတံခါးကိုကျော်နင်း၍ ခုတင်ခြေရင်းအဝတ်တန်းများကိုပင်ကျော်ကာ အဆောင်ဧည့်ခန်းတွင်း မိန့်မိန့်ကြီးဝင်ရောက်နေလေပြီ။ ခါတိုင်းဆိုလျှင် ဤအချိန် အဆောင်ရှိလူအားလုံး ကျောင်းတက်၊ ရုံးဆင်းနှင့် ကိုယ်ကျရာအလုပ်များသွားကြချိန် ဖြစ်သည်။

ယနေ့မှ ထူးခြားသည်က လူအားလုံးရှင်းနေသည့်တိုင် ခြင်ထောင်သုံးလုံးမှာထောင်လျက် ပုံစံမပျက်ရှိနေခြင်းပင်။

www.burmeseclassic.com



ဤအချိန်ဆိုလျှင် နေ့စဉ်မပျက် အဆောင်ကိုစစ်ဆေးနေကျ ဖြစ်သောအဆောင်မှူးမှာ ထိုခြင်ထောင်သုံးလုံးကိုမြင်တော့ အံ့အားသင့်သွားသည်။ နောက်. . . သူမျက်မှောင်ကြုတ်၍စဉ်းစား၏။ ဘာသဘောလဲ. . .။ နံနက်(၈)နာရီနောက်ဆုံးအိပ်ရာထ၍ အိပ်ရာဝင်ပစ္စည်းများ သိမ်းဆည်းရမည်ဆိုတာ သူချမှတ်ထားသော အဆောင်စည်းကမ်း။ ယခု အဆောင်စည်းကမ်းကို ချိုးဖောက်၍ မည်သူက ဤအချိန်အထိအိပ်နေတာလဲ. . .။ သူဇဝေဇဝါဖြစ်နေ၏။ အတန်ကြာမှ ခြင်ထောင်နား ဖြည်းညင်းစွာတိုးကပ်လာသည်။ ခြင်ထောင်ထဲမှ ဘာမှလှုပ်ရှားသံမကြားရ၊ ခြင်ထောင်ကို ဖျတ်ခနဲဆွဲဟလိုက်သည်။

"ဟင်"

ခြင်ထောင်ထဲမှ အဖြစ်အပျက်များကိုမြင်တော့ အဆောင်မှူး အံ့အား သင့်သွား၏။ ခြင်ထောင်ထဲတွင်ကား အပေါ်ပိုင်းရွှံ့ဗွက်များပေ၍ ခြေထောက်တွင် သဘော်ဆေးများပေရေနေသော လူတစ်ယောက်၊ အိပ်နေတာမှ လုံး. . . လို့။

သိပြီ. . . ဒါညတုန်းက သူခိုးလိုလို၊ သရဲလိုလို လုပ်သွားသည့် ကောင်တွေ. . .

အဆောင်မှူး ဒေါသထွက်ထွက်နှင့် နောက်ခြင်ထောင်တစ်လုံးကို ဆွဲမ လိုက်ပြန်၏။ ခြင်ထောင်ထဲတွင် ခုနကပုံစံအတိုင်း နောက်တစ်ယောက် ရွှံ့ဗွက်တွေ သဘော်ဆေးတွေနှင့်ပေပွနေသည်။ နောက် ခြင်ထောင်တစ်လုံး တွင်လည်း ထိုအတိုင်းနောက်တစ်ယောက်. . .

"ဒါဒါ. . . ညက တစ်ညလုံးသောင်းကျန်းခဲ့တဲ့ကောင်တွေ. . . သေချာပြီ. . ."

ညက သူ့ကိုနှောင့်ယှက်ခဲ့သောသူတွေမှန်းသိသွား၍ ဒေါသထွက်သွားသည်။ ထို့ကြောင့် ခုတင်ကြမ်းပြင်ကို တဘုန်းဘုန်းပုတ်ရင်း. . .

"ဟေ့ကောင်တွေ. . . ထကြစမ်း. . . ထကြစမ်း. . ."

အဆောင်မှူး၏ ကျယ်လောင်သောအော်သံကြောင့် အိပ်နေသောသူသုံးယောက်လုံး ဝရုံးဝရုံးနှင့် လန့်ပြီးနိုးလာကြကုန်၏။ နောက်. . . သင်းကွဲနွားမဒန်းမတွေ့သော နွားသိုးသဖွယ် မီးဝင်းဝင်းတောက်နေသော မျက်လုံးနှင့် သူတို့ကိုစိုက်ကြည့်နေသော အဆောင်မှူးကိုတွေ့တော့ သုံး

www.burmeseclassic.com



ယောက်လုံး ကြောက်လန့်သွားကြပြီး . . .

“ဟာ. . . အဆောင်မှူး. . . ”

“ဟာ. . . မိပဟ. . . ”

“အဆောင်မှူး. . . အဆောင်မှူး. . . ”

စသည်ဖြင့် ဗလုံးဗထွေးနှင့် တောင်ဘက်ပြေးရမလို မြောက်ဘက်ပြေးရမလိုဖြစ်ကုန်ကြ၏။ ဒါကိုပင် အဆောင်မှူးက မျက်နှာမာမာ အသံမာမာနှင့် . . .

“အားလုံး ငြိမ်ငြိမ်နေကြစမ်း. . . ”

အောင်မြင်ခန့်ညားသော အဆောင်မှူးအသံကြားတော့ သုံးယောက်လုံး ပြန်လည်ကုပ်ဝင်သွားကြ၏။ အဆောင်မှူးက သူတို့သုံးယောက်လုံးကိုဝေ့ကြည့်ပြီး. . .

“ကဲ. . . မင်းတို့ ဘာငြင်းချင်သေးလဲ. . . ပြောစမ်း. . . မင်းတို့ အပြစ် မင်းတို့သိတယ်မဟုတ်လား. . . ”

အဆောင်မှူးစကားကို သုံးယောက်သား ပါးစပ်အဟောင်းသားနှင့်နားထောင်ရင်း အဆောင်မှူးနဖူးပေါ်ကဘုများကို ငေးကြည့်နေ၏။ အဆောင်မှူးလည်း သူ့နဖူးကို သုံးယောက်လုံး စိမ်းစိမ်းကြီးလှမ်းကြည့်နေသည်မို့ ရှုံ့တိုးရှန့်တန့်ဖြစ်သွားပြီး . . .

“အေး. . . မင်းတို့အပြစ်တွေ ဘယ်အဖုမှာရှိတယ်ဆိုတာ . . . အဲလေ . . . မင်းတို့အပြစ်တွေ ဘယ်သူ့မှာရှိတယ်ဆိုတာ. . . သိကြတယ်မဟုတ်လား. . . ”

အားလုံးအသံတိတ်ပြီး အဆောင်မှူးနဖူးမှအဖုများ နှုတ်ခမ်းလှုပ်ရုံဖြင့် တစ်နှစ်သုံးလေး ရေတွက်နေကြတုန်း. . နဖူးကိုအကြာကြီး စိုက်ကြည့်ခံနေရသော အဆောင်မှူးလည်း နေမထိထိုင်မသာ ဖြစ်လာပုံရ၏။ သူ့နဖူးကအဖုစမ်းလိုက် ချိုစောင်းက အဖုတွေစမ်းလိုက်နှင့် သရိုးသရီဖြစ်နေ၏။ အတန်ကြာမှ. . .

“ငါဘယ်လိုအပြစ်ပေးရမလဲ ပြောစမ်း. . . ဒီလောက် စည်းကမ်းမဲ့တဲ့ကောင်တွေမျိုးတော့ ငါတို့အဆောင်မှာ ထားသင့်သလား. . . ”

“ဘယ်ထားသင့်မလဲ. . . အဲ. . . အဲ. . ထားထား. . . ထားသင့်ပါတယ်။ ထားသင့်ပါသေးတယ်. . . ဟီဟိ”

www.burmeseclassic.com



"တော် မင်းတို့လိုကောင်မျိုးတွေဆက်ထားရင် အဆောင်နာမည်ပျက်တယ်. . . ငါလည်းခေါင်းကြီးတယ်"

ဆိုပြီးအဆောင်မှူးက သူ့ခေါင်းပေါ်က ကြီးထွက်နေသော ဘုတွေကိုတောင်စမ်းစမ်းမြောက်စမ်းစမ်းနှင့် လိုက်စမ်းနေသည်။

ထိုတော့မှ သုံးယောက်လုံး ပျာပျာသလဲဖြစ်သွားပြီး. . .

"ဟာ. . . အဲ. . အဲဒီလိုတော့ မ. . မလုပ်ပါနဲ့အဆောင်မှူးရယ်. . . ကျွန်. . . ကျွန်တော်တို့. . . တောင်းပန်ပါတယ်. . . "

"ဟုတ်. . . ဟုတ်ပါတယ်. . . အဆောင်မှူးရယ်. . . ဆရာမှအဆောင်မှာမထားရင်. . . ကျွန်တော်တို့မှာ. . . နေစရာ. . . "

"ကျွန်တော်တို့ကိုသနားပါ. . . အဆောင်မှူးရယ်. . . တစ်ကြိမ်တစ်ခါမို့. . . "

သုံးယောက်သား မျက်နှာငယ်လေးနှင့် အပြိုင်တောင်းပန်နေကြ၏။ အဆောင်မှူးကလည်း ဘူးဆိုဖရုံမသီးဘူးဆိုတဲ့ဟန်နှင့် ခေါင်းခါနေ၏။

ဤသို့ဖြင့် သုံးယောက်သားလည်း ဒူးနှစ်လုံးကိုစေ့၊ ခြေဖဝါးနှစ်ဖက်ကို တင်ပါးဆုံနောက်ဖက် ခပ်ကျဲကျဲခွဲ၍ သနားစဖွယ်မျက်နှာငယ်လေးနှင့်၊ လက်သီးပေါ်လက်ဖဝါးအုပ်၍ ရင်ဘတ်ပုပ်လောက်မတတ်၊ ရင်ဘတ်စည်တီး တောင်းပန်ပြီး မျက်ရည်ကျလုလု အချိန်ကျတော့မှ. .

"အေး. . . ဒါဆို. . . မင်းတို့အုပ်ထိန်းသူတွေခေါ်ခဲ့. . . သူတို့ကိုယ်တိုင် နောင်ဒီလိုမဖြစ်အောင် တာဝန်ယူပါတယ်ဆိုပြီး အာမခံမှ အဆောင်မှာပြန်လက်ခံမယ်. . . ဒါပဲ. . . "

ဟုဆို၍ခြေလှမ်းကြကြီးနှင့် သူ့အခန်းသို့ထွက်သွားလေ၏. . . ။

◆ ◆ ◆

www.burmeseclassic.com



"ကဲ . . . ဘယ်လိုလုပ်ကြမလဲ. . . "

"အေးကွ. . . အုပ်ထိန်းသူကိုခေါ်ခဲ့ရမယ်တဲ့. . . အဆောင်က အထုတ်ခံရရင်တော့ ဒုက္ခပဲ. . . "

"မင်းတို့ကိုကဆော့တာကိုး. . ငါတော့ကြားညပ်ပြီ. . . "

"တော်ပါကွာ အခုအချိန်မှ ဒါတွေပြောနေလည်း ထူးမှာမဟုတ်တော့ဘူး. . . ဘယ်လိုဆက်လုပ်ရမယ်ဆိုတာသာပြော. . . "

"အော် . . . အုပ်ထိန်းသူ ပြန်ခေါ်ရမယ်ဆိုလည်း နယ်ပြန်ရမှာကွ မချောင်လောက်ဘူး. . .၊နောက်ပြီး တို့အဖေတွေအမေတွေက ဒါမျိုးဆို ရှုက်ပြီး လိုက်ချင်မှာမဟုတ်ဘူးကွ. . . "

"အေး. . . ငါလည်းအဲဒါကိုစဉ်းစားနေတာကွ. . . "

သုံးယောက်သား တွေသွားကြပြန်၏။ ချောင်ကျသောနေရာ၌ ကိုယ်စီကုပ်ကွေးစွာထိုင်နေကြပြီး ရှေ့ဆက်ရမည့်အရေးကို ဆွေးနွေးနေကြသေး၏။ သုံးယောက်သားမှာ ရေလည်းမချိုးနိုင်၊ မျက်နှာလည်း မသစ်နိုင်ဘဲ အဆောင်အထုတ်မခံရဖို့အရေး ခြေထောက်လေးတွေ ကြမ်းပေါ်တင်ပြီး အပီအပြင် ကြိတ်ဆွေးနွေးနေကြ၏။

"ငါသိပြီကွ. . . "

www.burmeseclassic.com



ကျော်ကို၏ နဂိုညိုမျက်နှာ ပြာတက်လာသည်အထိ ဝင်းလာ၏။ သူ့ကိုကြည့်ပြီး ကောင်လေးနှင့်နိုင်လင်းက အားတက်သရောဖြင့်. . .

"ဘယ်လိုလဲ. . . ဘယ်လိုလုပ်မှာလဲ. . . "

"ငါ. . . ငါရောပါတယ်နော်. . . "

ဟုဆိုရင်း ခေါင်းများအရှေ့သို့တိုးလာ၏။ ကျော်ကိုက ဘေးဘီဝေ့ကြည့်ရင်း အသံတိုးတိုးဖြင့်. . .

"ငါ့အကြံကကြီးတယ်မောင်. . . ဒါပေမဲ့ အဆောင်မှူးရိပ်မိသွားလို့မဖြစ်ဘူး. . . "

"ဘယ်လိုလဲ. . . "

"ဒီလိုကွ. . . အဆောင်လမ်းထိပ် ဟိုဘက်ဘေးနားက ဓာတ်ဆီဆိုင်အရှေ့မှာ ဆိုက်ကားဂိတ်တစ်ခုရှိတယ်ကွ. . . မင်းတို့သိတယ်မဟုတ်လား. . . "

ကျော်ကို့စကားကို ကောင်လေးက မျက်မှောင်ကြုတ်ပြီး. . .

"သိတယ်လေ. . . ဘာဖြစ်လို့လဲ. . . "

ကောင်လေးအမေးကို ကျော်ကိုက မိန့်မိန့်ကြီးပြုံးပြီး. . .

"အဲဒီဆိုက်ကားဂိတ်မှာ ဆိုက်ကားနင်းတဲ့ ဦးရွှေမောင်းဆိုတာ ငါနဲ့ခင်တယ်ကွ. . . "

"ဟာ. . . အဲဒီ ဦးရွှေမောင်း မင်းနဲ့ခင်တာနဲ့ ငါတို့ကိစ္စနဲ့ ဘာဆိုင်လို့လဲကွ. . . "

နိုင်လင်းအမေးကို ကျော်ကိုက ပြန်မဖြေဘဲ သူပြောချင်ရာဆက်ပြော၏။

"အဲဒီ ဦးရွှေမောင်းက ဆိုက်ကားသာနင်းတာ ရုပ်တော့သန့်တယ်ဆရာ. . . နောက်ပြီး သူက ဒေါနမြေရွှေမောင်းဆိုပြီး ဇာတ်လည်းကဖူးတော့. . အပြောအဆိုလည်းပိုင်တယ်။ အပြောအတွက်ကတော့ ပူစရာမလိုဘူး. . . "

ကျော်ကို့စကားကြောင့် ကောင်လေးနှင့် နိုင်လင်း စိတ်ညစ်သလို ခေါင်း ကို ခပ်ဖွဖွကုတ်လိုက်ပြီး. . .

"အဲဒီ ဒေါနမြေရွှေမောင်းကြီး ဇာတ်ကတာနဲ့ . . ငါတို့ကိစ္စနဲ့ ဘာဆိုင်လို့လဲကွ. . . "

www.burmeseclassic.com



ကောင်လေးက ခေါင်းကုတ်၍မေးသည်။ ကျော်ကို အားတက်သရောပုံစံနှင့် ကောင်လေး၏ ပေါင်ကိုပုတ်လိုက်ရင်း. . .

"အဲဒါပြောတာပေါ့ကွ. . . အဲဒီ ဦးရွှေမောင်းကို အရက်တစ်ပိုင်းတိုက်လိုက်ရင် ဒီကိစ္စပြတ်ပြီ. . . "

"ခေါစာပစ်တဲ့ သဘောမျိုးပေါ့နော်"

"ဓာတ်ရိုက်ဓာတ်ဆင်နေမှာ. . . "

"မင်းတို့ကလည်းဒုံးဝေးလိုက်တာ. . ဘာခေါစာ ဘာဓာတ်ရိုက်မှမဟုတ်ဘူး. . ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ဆိုတာ မင်းတို့မကြားဖူးဘူးလား. . . ဒါကြောင့် ဦးရွှေမောင်းကြီးကို အရက်တစ်ပိုင်းတိုက်ပြီး. . . "

"ဟာကွာ. . . မင်းဟာကလည်းရှုပ်နေတာပဲ. . . အဲဒီလူကြီးကို အားအားယားယား အရက်တစ်ပိုင်းတိုက်ပြီး ဘာလုပ်ဖို့လဲ. . . "

"ဟကောင်ရ. . အဲဒီလူကြီးကို ငါတို့ရဲ့အုပ်ထိန်းသူဆိုပြီး အဆောင်မှူးဆီ ခေါ်သွားမယ်လေကွာ. . . "

"ဟ အဆောင်မှူးဆီခေါ်သွားတော့ အဆောင်မှူးကလက်ခံပါ့မလား. . . "

"အဲဒါကိုပြောတာကွ. . . အဲဒါကိုပြောတာ. . . သူက ဘယ်လက်မခံရှိပါ့မလဲ. . . မင်းမိဘ ငါ့မိဘ သူမြင်ဖူးတာမှမဟုတ်တာ. . . နောက်. . . ဒီလူကြီးကရုပ်သန့်တော့ ငါတို့အုပ်ထိန်းသူပါလို့ပြောရင် အဆောင်မှူးယုံလောက်တယ်. . . "

"နေဦးကွ . . . နောက်ပြီး. . . ငါတို့ကသုံးယောက် အုပ်ထိန်းသူက တစ်ယောက်တည်းဆိုတော့ သူကယုံပါ့မလား . . . "

"အဲဒါကြောင့် ငါလည်း ဇာတ်ကဖူးတဲ့လူကို ရွေးလိုက်တာပေါ့ကွ. . . သူက ဇာတ်ကဖူးတယ်ဆိုတော့. . . အပြောက ကောင်းပြီးသား. . နောက်ပြီး သူအရင်ကဇာတ်လောကမှာ အပြောကောင်းတယ်ဆိုပြီး နာမည်ရှိတယ်မောင်. . . သူ့နာမည်ကိုက လူငယ်နေစောင်း ဒေါနမြေရွှေမောင်းဆိုလား. . . "

"ဟာ. . . မင်းဟာကြီးကလည်း. . . ဘာလဲကွ. . . လူငယ်နေစောင်း. . . "

"ဟာကွာ. . . မင်းတို့က. . ဝေး. . . တာ. . . နေစောင်းရင်

www.burmeseclassic.com



မနေနိုင်လို့ဖြစ်မှာပေါ့ကွ. . . ဒါကြောင့် ငါကသူ့ကိုတစ်ပိုင်းတိုက်ပြီး ငှားမယ်ဆိုတာ. . . ”

အားလုံး၏ မျက်လုံးများ မျှော်လင့်ချက်ဖြင့် ပြောင်လက်လာ၏။

“ကဲ. . ဒါဆိုလည်း လူငယ်နေစောင်းဆီ သွားကြရအောင်. . ”

◆ ◆ ◆

www.burmeseclassic.com



"မကူညီချင်ဘူးကွာ . . ."

"ဟင် . . . ဘာဖြစ်လို့လဲ ဦးရွှေမောင်း . . ."

သူတို့၏ အမေးကို ဦးရွှေမောင်းက သူ့လက်ဝါးကြမ်းကြီးများကို ပွတ်သပ်ပြီး၊

"ငါက ညနေခင်းအရောင်းအဝယ်လုပ်ရဦးမှာ . . . ငါ့ရဲ့ သူဌေး ပျောက်ညနေခင်းကို မင်းအပိုင်ဝယ်မယ်ဆိုရင်တော့ ဒီကိစ္စမျိုးကို ပေါ့ပေါ့ ကလေးကူလို့ရပါတယ် ခုဟာက . . ."

"ဟာ . . . အခုလည်း ကျွန်တော်တို့ ဦးရွှေမောင်းရဲ့ ညနေ ခင်းကို အားရပါးရဝိုင်းရောင်းမှာပါ၊ ကျွန်တော်တို့ကိုလည်း တူသားလို သဘောထားပြီး အားရပါးရကူညီလို့ရပါတယ် ဦးရွှေမောင်းရယ် . . . လုပ်ပါဗျာ . . . ကျွန်တော်တို့သုံးယောက် တကယ်အခက်အခဲဖြစ်နေ လို့ပါ . . ."

ဦးရွှေမောင်း သူတို့ကိုမကြည့်ဘဲ အဝေးသို့ ငေးရီပြီး . . .

"အင်းလေ . . . မင်းတို့လို နုးညံ့သိမ်မွေ့တဲ့ ပန်းပွင့်ကလေးတွေ က အကူအညီတောင်းတော့လည်း ငါလိုသစ်ပင်အိုက ကူညီပေးရမှာပေါ့ ဒါပေမဲ့သစ်ပင်အိုက ပျဉ်းမငုတ်တိုတော့မဟုတ်သေးဘူးနော် . . . ဟား

www.burmeseclassic.com



ဟား. . . ”

ဦးရွှေမောင်း သူ့စကားကိုသူပြန်၍ သဘောကျသွားသလိုရယ်၏။ သူ့ပုံမှာလည်း နံနက်ထဲက မောနင်းပက်တင်ထားသည့်ပုံ။ အနည်းငယ်မူး ရစ်နေသော်လည်း ဣန္ဒြေဆယ်ထားနိုင်သေး၏။ နောက်ပြီး ပြဇာတ် မင်းသားဟောင်းမို့လားတော့ မသိ။ စကားပြောလျှင်ကို ကာရံတွေနဘေတွေ ညှပ်ညှပ်ပြီး ဆိုင်ဆိုင်မဆိုင်ဆိုင် ကပ်သပ်ပြော၏။

သို့သော် ဤလိုအချိန်မျိုး၌ ဦးရွှေမောင်းနှင့်တွေ့ရတာကို သိကြားမင်းနဲ့တွေ့ရသလိုဖြစ်နေသော ကျော်ကိုတို့သုံးဦးကတော့ ဦးရွှေမောင်းကြီး ဘာပြောပြောကို ဟုတ်နေတော့၏။

“ဟုတ်ပ ဦးရွှေမောင်းရာ . . . ကျွန်တော်တို့ကို နူးညံ့သိမ်မွေ့တဲ့ ဘာဆိုလား . . . ”

“ပန်းပွင့်လေးတွေလေ. . . ငါတို့ပန်းပွင့်ကလေးတွေ ဟောဒီ ဦးရွှေမောင်းကြီးက မင်းတို့အဆောင်မှူးရင်မှာ ထာဝရကိန်းအောင်းသွား အောင် စကားလုံးလက်နက်နဲ့ ထုတ်ချင်းပေါက်ပစ်ခတ်ဖို့ တာဝန်ယူလိုက်ပြီ တဲ့ဗျား ဟားဟား. . .၊ မကောင်းဘူးလား. . . ”

ကောင်လေးက ဇာတ်လည်းကဖူးသူ နတ်လည်းစပ်စပ်ကဖူးသူမို့ ကျော်ကိုရဲ့စကားကို ရုတ်တရက်ဝင်ထောက်၏။ ဒါကို ဦးရွှေမောင်းက ခေါင်းကို ဖြည်းညင်းစွာယမ်းခါလိုက်ပြီး . . .

“မကောင်းဘူး”

ဦးရွှေမောင်းအဖြေစကားကြောင့် သုံးယောက်သား မျက်လုံးပြူး သွား၏။

“ဘာဖြစ်လို့လဲ ဦးရွှေမောင်း”

ဆိုက်ကားဒရိုင်ဘာကြီး ဦးရွှေမောင်းသက်ပြင်းပျပျချ၏။ ပြီးမှ အဝေးသို့ငေးရီရင်း. . .

“ဘူတာရုံမရှိတဲ့ ငါ့ရဲ့စက်ခေါင်းမဲ့ရထားဟာ ညနေခင်းကို အပိုင် ဝယ်ဖိုင်နယ်မှာ ဘယ်ဘူတာမှလက်မခံလို့ အသက်မစံ မဆိုက်ကပ်ရသေး ခင်တော့ ဟောဒီ ငါ့ဘဝကြီးဟာလေ ဘာသိဘာသာနဲ့ သာလိကာ မဖြစ်နိုင် သေးဘူး လူကလေး”

“ကျွန်တော်တို့ ရုံပိုင်ကြီးကိုပြောပေးရမလား ဦးရွှေမောင်း”

www.burmeseclassic.com



"အာ. . . တယ်လည်း ဒုံးဝေးတဲ့ကောင်တွေပဲ. . . "

ဦးရွှေမောင်းစကားကြောင့် အားလုံးနားရှုပ်သွား၏။ ဒါကို ဇာတ်လည်းကဖူး၊ နတ်လည်းကဖူးသော ကောင်လေးက. . .

"အိုကွာ . . . ဟီရိုသြတပွချိုမြမြမြက်ခင်းစိမ်းများ နှစ်လိုဖွယ် အိပ်မက်တွေနဲ့ ပျော်ပါးခြင်းသင်ခန်းစာ စတင်ချင်လို့ ဖြစ်မှာပေါ့။ အဓိပ္ပာယ်ကတော့ကွာ အဟဲ. . . အဲဒါပဲ"

ကောင်လေး၏ စကားကို ဦးရွှေမောင်းက မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ငါဆိုလိုတာက ရွှေရောင်လွှမ်းနေတဲ့ပင်လယ်ထဲ ဝင်ဝင်ကဲတဲ့ ရစ်မူးမှု. . . ချစ်အထူးပြုတာက လှိုင်းတံပိုး၊ ဝိုင်းဆိုးချင်တာက ပျော်ရွှင်ခြင်း၊ အဖော်တစ်သင်းကကူးခတ် ရှုမတတ်ညနေခင်းရွက်တိုင်မှာ ရာဇဝင်တွင် မယ့်ကျောက်စာကမ္ပည်း သောက်ခါနီးနေမည်ပြုလို့ ရွှေဗဟိုရ်နှစ်ချက်တီးရုံနဲ့ လွမ်းဆွေးပွဲ၊ လမ်းဘေးလဲတဲ့ ဇာတ်ကချင်တယ်ပြောနေတာကွ. . . ပြောနေရတာ. . . ရှင်းပလား"

သူ့စကားကို သုံးယောက်လုံး ယောင်၍ ခေါင်းညိတ်၏။

"အော် . . . သိပြီ၊ အဲ . . . အဟဲ. . . မရှင်းသေးဘူး"

သူတို့ကို ကြည့်ပြီး ဦးရွှေမောင်းက . . .

"ဟိုလေကွာ ကံတရားရဲ့ မျက်နှာသာပေးမှုနဲ့ အဓိပ္ပါယ်များစွာပေးဆပ်နိုင်မယ့် ဒဿနများရဲ့မျှော်လင့်ချက်ထွက်ပေါက်ကို အရောင်ဆိုး ရင်ငို့ရဲ့မြောင်းထဲဆင်းညနေခင်းကို အရောင်းအဝယ်လုပ်နေတယ်လေ"

"ဟုတ် . . . ဟုတ်ကဲ့၊ သိတော့ သိနေသလိုပဲ . . . အဟဲ ဘာလဲဟင်. . . "

မသိတာ ကြာလာတော့ ဦးရွှေမောင်းလည်း စိတ်ဆိုးလာပြီး

"အရက်သောက်ချင်နေလို့ပြောတာကွ. . . အရက်သောက်ချင်နေလို့ပြောတာ တကတဲခေတ်ပညာတတ်တွေဖြစ်ပြီး ဒုံးကိုဝေးတယ်၊ အရက်သောက်ပြီးမှ ကူညီနိုင်မယ် ဒါပဲ"

ဆိုတာကိုတောင် အခွက်ပြောင်လှသော ငတိများက . . .

"အော် . . . ရိပ်မိပြီ၊ ရိပ်မိပြီ၊ လက်စသတ်တော့သင်းကြီးက ဟို. . . အယ်(လ်)ကိုဟော မော့ချင်နေတာကိုးကွ"

www.burmeseclassic.com



"သူရာဒရင့် ချင်တာပါကွ . . . "

"ဟာကွာ သူရာမော့ပြီး အယ်(လ်)ကိုဟောဒရင့်မှာပါကွာ"

သူတို့ သုံးယောက်စကားကို ဦးရွှေမောင်းက သူ့ခေါင်းကို မျောက်အိုကုတ်ကုတ်ကာ . . .

"ဟာကွာ . . . မင်းတို့လုပ်တာနဲ့ ငါပါ မူးချင်နေပြီ၊ ဘာတွေမှန်းကိုမသိဘူး၊ ပြဇာတ်မင်းသားပြုတ် စိတ်ညစ်တယ် အဟုတ်"

ဟု ဆိုလိုက်ရာ သုံးယောက်သား ပျာပျာသလဲဖြင့်

"စိတ်မညစ်ပါရဲ့ ဦးရယ်၊ စိတ်မညစ်ပါနဲ့၊ ကဲ. . . စိတ်ညစ်ပြေပျောက်သွားအောင် တို့မင်းသားကြီး မတိမ်းမစောင်းပုလင်းကောင်းလေး မှီဝဲနိုင်ဖို့ . . .

"ဘာတုံးဟ. . . မင်းဟာ. . . "

ဦးရွှေမောင်းက မျက်မှောင်ကြုတ်ရင်းမေးသည်။

ထိုတော့မှ ကောင်လေးက သူ့ခါးကြားထဲဝှက်ယူလာသော ထွာဆိုင်ခန့်ရှိ ဝီစကီပုလင်းပြားကိုထုတ်ပြလိုက်သည်။

မင်းသားပြုတ် ဦးရွှေမောင်း မျက်လုံးများ ပြန်လင်းလက်သွားကာ

"ရွှေ့နိပ်ပဟ၊ ရွှေမောင်းကိုယ်တိုင် ဆော်မဟ"

ဆိုပြီး အားလုံး ပြဇာတ်မင်းသား ဦးရွှေမောင်းဆိုက်ကားကိုစီး၍ အယ်(လ်)ကိုဟောဒရင့်ရန် ချီတက်သွားကြလေ၏။

◆ ◆ ◆

www.burmeseclassic.com



**အဆောင်မှူး**ရုံးခန်းထဲ ထိုင်နေကြသော သူတို့သုံးယောက်၏ ပုံသဏ္ဍာန်မှာ ကြောင်တစ်ကောင်နှင့် မျက်နှာချင်းဆိုင်တိုးနေသော တိုက်ကြွက်ကြိုက်ကြားကျက်စားတတ်သည့် ကြွက်ဝမ်းပူကလေးများသဖွယ် အားငယ် တုန်ရင်လွန်းလှ၏။ ဦးရွှေမောင်းကတော့ မူးပဲနေတာလား၊ တမင်ပဲလုပ်နေတာလားမသိရအောင် သူ့ခေါင်းကဘယ်စောင်းလိုက် ညာစောင်းလိုက်ဖြစ်နေ၏။ သူ့ခန္ဓာကိုယ်ပေါ်မှာလည်း ဒီပရောဂျက် (Project)ပြီးရင် သူ့ကိုအပိုင်ပေးရမည်ဆိုသော နိုင်လင်းအင်္ကျီ၊ ကျော်ကို ပုဆိုး၊ ကောင်လေးကတ္တီပါဖိနပ်နှင့် ခန့်ညားသန့်ညားနေတော့၏။ သူ့ပုံစံ ကတော့ တိုက်ပွဲပေါင်းမြောက်မြားစွာကို ရှုပ်ရှုပ်ချွံချွံတိုက်ခဲ့ဖူးသော ဝါရင့်စစ်သူကြီးသဖွယ် တည်ငြိမ်လွန်းလှ၏။

သူတို့စောင့်နေပြီး သိပ်မကြာခင်မှာပင် အဆောင်မှူးရုံးခန်းထဲ ဝင်လာ၏။ သူ့မျက်နှာကလည်း ဂျယ်လီစားချင်သေးသော ကလေးငယ်တစ်ယောက်က ဘိန်းမုန့်ကြမ်းကြီးစားနေရသလို အောက်သိုးသိုးနိုင်လှ၏။ နောက်ပြီး သူ့ခေါင်းပေါ်မှ အသီးသီးထနေသော အနီဖုသီးကြီးများကလည်း အပျိုဖော်ဝင်စ နွားမဒန်းမရင်အုံလို ထိန်းမနိုင်သိမ်းမရ ထိုးထိုးထောင်ထောင်နှင့် တိုးထွက်နေ၏။ အဆောင်မှူးလည်း သူ့ခုံမှာ သူထိုင်ရော

www.burmeseclassic.com



ဦးရွှေမောင်းက ဖျတ်ခနဲမတ်တက်ရပ်၍. . .

"Good Morning Teacher. . . မင်္ဂလာပါဆရာ . . . ကောင်းသော နံနက်ခင်းပါ"

ဟုဆိုပြီး ထနူတ်ဆက်လိုက်ရာ အဆောင်မှူးလည်း ယောင်ပြီး ထိုင်ရမလိုထရမလို ဖြစ်သွား၏။ ပြီးမှ ကယောင်ကတမ်းနှင့် ကုန်းကုန်းကွကွကြီးလုပ်ပြီး . . .

"Sitdown class"

အဆောင်မှူးက ယောင်တောင်ပေါင်တောင်နှင့် ပြောမိပြောရာ ပြော၏။

ဦးရွှေမောင်းက မှင်သေသေနှင့် ပြန်ထိုင်ချလိုက်၏။ ထိုတော့မှ အဆောင်မှူးက အားလုံးကိုမျက်မှောင်ကြုတ်၍ ဝေ့ကြည့်ပြီး . .

"နေပါဦး . . . မင်းတို့က သုံးယောက်၊ အုပ်ထိန်းသူက"

အဆောင်မှူးစကားမဆုံးမီ ဦးရွှေမောင်းက. . .

"ကျွန်တော်ပဲလေ ကျွန်တော်ပဲ ကျွန်တော်က သူတို့သုံးယောက်ရဲ့ ဦးလေးတစ်ဖြစ်လဲဘကြီးပါ၊ သူတို့သုံးယောက်က ကျွန်တော်ရဲ့ တူတစ်ဖြစ်လဲ မြေးတွေပါ"

ဦးရွှေမောင်းစကားကို အဆောင်မှူးမျက်လုံးပြူးသွားပြီး

"ဟင် . . တစ်ယောက်က ဖြူးက၊ တစ်ယောက်က ဘိုကလေးက တစ်ယောက်ကအင်္ဂပူက မဟုတ်လား. . . အဲဒါ ခင်ဗျားနဲ့ ဘယ်လိုအမျိုးတော်တာလဲ"

အဆောင်မှူးစကားကို ဦးရွှေမောင်းက ပြဇာတ်မင်းသားပြုံး မိန့်မိန့်ကြီးပြုံးလိုက်ပြီး. . .

"ပြောရရင်တော့ အဘိုးရှုပ်ခဲ့တဲ့ ဇာတ်လမ်းပေါ့ဗျာ၊ အဆောင်မှူး စိတ်ထဲမကြည်လင်ဘူးဆိုရင်တော့ ရှင်းပြရတာပေါ့။ အဟမ်း. . . ကျွန်တော်တို့ရဲ့အဘိုး ဖိုးဘပြူးဆိုတာ သူ့ခေတ်သူ့အခါက နာမည်ကြီး စော်ဘွားတစ်ဦးပေါ့ဗျာ။ ငွေကြေးချမ်းသာတဲ့ဒိစတြိတ်သိ ထိတ်ထိတ်ကြ စော်ဘွားကြီးဆိုတော့ကာ သူ့ခေတ်အလျောက်တော့ သူ့ကိုကြွေကြကြိုက်ကြတဲ့မိန်းမတွေ နည်းမှမနည်းပဲကိုးဗျ. . . ပြီးတော့ကာ ရုပ်ရည်ကလည်း ကျုပ်တို့လို ဖြူဖြူထွားထွား ခန့်ခန့်ဖူးဖူးကြီးကိုးဗျ. . . "

www.burmeseclassic.com



ဦးရွှေမောင်း၏အသံကတိုး၍တစ်ခါ ကျယ်၍တစ်လှည့်နှင့်မို့ အဆောင်မှူး၏ ခေါင်းမှာရှေ့တိုးလိုက် နောက်ဆုတ်လိုက်နှင့် လုံးစေ့ပတ်စေ့ ကြားအောင် မနည်းနားထောင်နေရသည်။ ဒီကြားထဲ ဦးရွှေမောင်း၏ လက်က အဆောင်မှူး၏နှာခေါင်းနားတွင် ဝဲကာဝိုက်ကာနှင့် သူ့နှာခေါင်းကို ညှစ်မိတော့မလို ညှစ်မိတော့မလိုဖြစ်နေသဖြင့် သူ့နှာခေါင်းအား ဦးရွှေမောင်းလက်နှင့် မညှစ်မိစေရန်လည်း တစ်ဖက်ကရှောင်ရှားနေရသေးသည်။

"အဲ. . . ဇာတ်လမ်းအစကိုပြောရရင် သူဆယ့်ခြောက်နှစ်အရွယ်မှာ မော်လမြိုင်က ပဲပြုတ်သည်လေး မိသန်းကြည်. . . ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့တွေ့ဆုံပြီး မြန်မာပြည်မြောက်ဖျား နယ်စပ်များဆီ ခိုးပြေးခဲ့တယ်. . . ငယ်တုန်းဆိုတော့လည်း တစ်ကြိမ်တစ်ခါ မိုက်မှားမိတာပေါ့လေ. . . အဲ. . . အဲဒီမှာ သင်္ဘောဆိပ်ကမ်းကိုအရောက် ရွှေနန်းပြည့်. . . ဆိုတဲ့ ဆိပ်ကမ်းမှာအချဉ်ပေါင်းရောင်းတဲ့ အမျိုးသမီးလေး နောက်တစ်ယောက်နဲ့ထပ်ဆုံပြီး ဖူးစာရေးနတ်ကလီကမာလုပ်လို့ ခမျာ အကြောင်းဆက်ပေါင်းဖက်ခဲ့ရပြန်တာပေ့ါ။ အဲ . . . အဲဒီမှာတင် မိသန်းကြည်က မွေးတဲ့ကလေး၊ ရွှေနန်းပြည့်က မွေးတဲ့ကလေး သုံးယောက်စီ ဖွားမြင်လို့ ခမည်းတော်မယ်တော်များ ဝမ်းသာရန်အလို့ငှာ အိမ်ပြန်ဖို့ ဘူတာရုံ အရောက်၊ ဘူတာရုံပေါက်ဝ၊ ကွမ်းယာရောင်းနေတဲ့ တင်မိုးခိုင်ဆိုတဲ့ ကလေးမကိုမြင်ပြီး သနားရာကစ အိမ်ထောင်တစ်ဆက် ထပ်ကျခဲ့ပြန်ပေ့ါ။ လွတ်သနားစရာကောင်းတဲ့လူကြီးပါပဲဗျာ. . . ကျွတ်. . ကျွတ်. . . ကျွတ် . . . လူကလည်း လူလတ်ပိုင်း အရွယ်ကောင်းကိုးဗျ. . . အဲ . . . တင်မိုးခိုင်ကလေးနဲ့ပဲအိမ်ထောင်ကျပြီး ဘဝအနယ်ထိုင်ပျော်ရွှင်စမှာ နံဘေးအိမ်ကအိမ်ဖော်မလေး မိသေးသေး. . . အဲဒီလိုကောင်မလေးက ပလီစိချောက်ချက်လုပ်ရာက အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိပြီး အတိုချုပ်ပြောရရင် သနားတတ်တဲ့ကျုပ်အဘိုးခမျာ အိမ်ထောင်ထပ်ကျပါလေရော. . . အဲ. . . အဲဒီကမှ မကြည်လေးဆိုတဲ့ အမျိုးသမီးက . . .

"တော်. . . တော်ပါတော့ဗျာ . . . ခင်ဗျားပြောတာနဲ့တင် ရှုပ်နေတာပဲ. . . "

"ဒါဖြင့် အမျိုးတော်တာတော့ယုံပြီပေါ့. . . "

www.burmeseclassic.com



"ယုံပါပြီဗျာ. . . ကလေးတွေကိစ္စပဲ မြန်မြန်ဆွေးနွေးကြတာပေါ့"

ဦးရွှေမောင်း၏စကားပင်မဆုံးလိုက်၊ အဆောင်မှူးက အလျင်အမြန်တားလိုက်ရ၏။ ဒါကို ဦးရွှေမောင်းက မကျေနပ်နိုင်သေးဘဲ . . .

"နေဦးလေဗျာ၊ နောက်ဆယ့်သုံးယောက်ပဲ ကျန်တော့တာ ဟော့ဒီမောင်ကောင်လေးရဲ့အဖွားက. . . "

အဆောင်မှူးက လက်ကာပြပြီး. . .

"တော် . . . တော်ပါပြီဗျာ၊ ဒီကလေးသုံးယောက်လုံး ခင်ဗျားတူတွေဖြစ်တယ်ဆိုတာ ကျုပ်ယုံသွားပါပြီ၊ တကတဲဗျာ တော်ကြာဆက်ပြောနေရင် ကျုပ်အဖွားပါ ခင်ဗျားအဘိုးနဲ့တွေ့ပြီး ကျုပ်ပါခင်ဗျားတို့နဲ့ အမျိုးတော်သွားနိုင်တယ်"

အဆောင်မှူးစကားကို ဦးရွှေမောင်းက အရှေ့ကစားပွဲခုံကို ဖြန်းခနဲပုတ်ပြီး -

"ဖြစ်နိုင်တယ်ဗျ . . . ဖြစ်နိုင်တယ် ကျုပ်အဘိုးက ခင်ဗျားတို့ဟသ်ာတဘက် ဖြတ်သွားဖူးတယ်"

"တော်. . . တော်ပါဗျာ . . . ကဲ. . . ကလေးတွေ အကြောင်းဆက်ဆွေးနွေးကြရအောင်. . . "

ဆိုတော့မှ အားလုံးပြန်လည်ငြိမ်ကျသွား၏။ ဦးရွှေမောင်းကသာမှင်မပျက်ဘဲ အင်္ကျီလက်ကို ခေါက်တင်ရင်း. . .

"ပြောပါ ပြောပါ အားမနာပါနဲ့ အဆောင်မှူး၊ ကျွန်တော့် တူတွေအကြောင်းကို အရှိ အရှိအတိုင်း အကျယ်တဝင့်ဆွေးနွေးပါ. . . ဒီကောင်တွေမကောင်းဘူး ကျွန်တော့်ခေါင်းလာဆောင့်မယ်. . . ဒီကောင်တွေကောင်းတယ် သူတို့ပဲကောင်းစားသွားမယ်. . . သူတို့ကပန်း ကျွန်တော်တို့ကရိုးတံ သူတို့ဘဝလေးတွေကောင်းစားဖို့က သူတို့မှာတာဝန်ရှိသလို ကျွန်တော်တို့ အဆောင်မှူးတို့မှာလည်း တာဝန်ရှိတယ်လေ. . . ပြောပါပြောပါ. . . ကလေးတွေကိစ္စကို အားမနာတမ်းပြောပါ. . . "

ဦးရွှေမောင်းစကားကို အဆောင်မှူးက စကားမဆက်သေးဘဲ ဘော(လ်)ပင်တစ်ချောင်းယူ၍ စားပွဲပေါ်ကို တဒေါက်ဒေါက်ခေါက်နေ၏။ နောက် . . . သူ့ရှေ့မှာ မျက်လုံးကလယ်ကလယ်နှင့် ရေနစ်နေသော ကြွက်စုပ်မျက်နှာပေးနှင့် ခပ်ကွေးကွေးထိုင်နေသော လူသုံးယောက်ကို ဝေ့ကြည့်

www.burmeseclassic.com



၏။ ထိုသုံးယောက်ကလည်း မျက်ခုံးကလေးပင့်၊ မျက်လုံးကလေး ဝင့် အပေါ်နှုတ်ခမ်းလေးကိုက် ပခုံးလေးကျုံ့ပြီး ပြာသိုကြောင်ထီးရှုံးမျိုးနှင့် အခန့်သားထိုင်နေသော အဆောင်မှူးကို စောင်းငန်းစောင်းငန်းပြန်ရှိုး၏။ အဆောင်မှူးက သူ့ကိုခပ်နွဲ့နွဲ့ပြန်ကြည့်နေသော ထိုသုံးယောက်၏ အကြည့်ကြောင့် မလုံမလဲဖြစ်သွားပြီး သူ့ခေါင်းပေါ်က ကြံ့ချိုဖုကိုပြန်ညှစ် ကြည့်နေမိ၏။ နောက်မှ သတိရသွားပြီး. . .

“ပြောရရင်တော့ဗျာ. . .”

အဆောင်မှူးစကားမဆက်သေးဘဲ ထိုသုံးယောက်ကို ဝေ့ကြည့်ပြန်၏။ ကျော်ကိုတို့သုံးယောက်ကလည်း ပေကလပ်ပေကလပ်နှင့် အဆောင်မှူးကို မျောက်နာတာရှည်ကြည့် ပြန်ကြည့်နေကြ၏။ ဦးရွှေမောင်းကတော့ ဘာကိုမှအမှုမထားဟန်နှင့် ရင်ကိုကော့ ခေါင်းကိုမော့၍ အင်္ကျီလက်ကို ခပ်မြင့်မြင့်ဆက်ခေါက်နေသည်။

“ပြောပါ. . . ပြောပါ. . . အားမနာပါနဲ့ သူတို့တော်တော်ဆိုးလို့လား. . .”

ဦးရွှေမောင်းကိုကြည့်ပြီး အဆောင်မှူးခေါင်းတညိတ်ညိတ်လုပ်နေ၏။ ပြီးမှ . . .

“အေးဗျာ . . . ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ခင်ဗျားရဲ့တူတွေကို ကျုပ်ရဲ့အဆောင်မှာ လုံးဝမထားချင်တော့ဘူး”

“ဘာဗျ . . . ဘာဖြစ်လို့လဲ”

အဆောင်မှူး စကားလည်းဆုံးရော ဦးရွှေမောင်းက မျက်လုံးကြီးပြူးပြီးထအော်၏။ ရုတ်တရက်မို့ အဆောင်မှူးပင်လန့်ဖြန့်ပြီး သူ့ထိုင်ခုံကိုကျစ်ကျစ်ပါအောင်ဆုတ်ပြီး အနောက်ဘက်ရို့လိုက်မိ၏။ ဦးရွှေမောင်းကတော့ ဒါကို သတိမထားမိသလိုပုံမျိုးနှင့် သူ့ခေါင်းကို အဆောင်မှူးနားတိုးပြီး အဆောင်မှူးနှာခေါင်းကို တံတွေးစင်သည့်အထိ အသံကိုမြှင့်ပြီး. . .

“ပြောပါအဆောင်မှူး၊ ဒီကောင်တွေကိုဘာဖြစ်လို့ အဆောင်မှာမထားချင်တာလည်း ပွင့်ပွင့်လင်းလင်းပြောပါ၊ ပြောလိုက်စမ်းပါ”

ဆိုတော့ အဆောင်မှူးလည်း အားတင်းလိုက်ဟန်တူသည်။ အနီးအနားက လက်ကိုင်ပဝါနှင့် သူ့နှာခေါင်းကိုသုတ်ပြီး . . .

“အေးဗျာ၊ ပြောရရင်တော့ ခင်ဗျားတူတွေ ကျုပ်ထိန်းမနိုင်

www.burmeseclassic.com



လောက်အောင် သောင်းကျန်းလွန်းတယ်ဗျာ. . . နောက်ပြီး. . . ”

“ဟော့ကောင်တွေ”

အဆောင်မှူး စကားပင်မဆုံးလိုက်၊ ကျယ်လောင်ဟိန်းထွက်လာသော ဦးရွှေမောင်း၏အသံ၊ သူ့မျက်လုံးကြီးကလည်း မီးဝင်းဝင်းတောက်မတတ် ပြူးကျယ်နီရဲလို့ ဟိုသုံးယောက်လည်း ဦးရွှေမောင်းအပြုအမူကြောင့် လန့်ပြီးကြောင်ငေးနေမိသည်။ ထိုစဉ်မှာပင် ဦးရွှေမောင်းက ဝုန်းဆို ထိုင်ခုံမှ ခုန်ထလာပြီး. . .

“မင်းတို့လားကွ၊ အဆောင်မှာသောင်းကျန်းတာ. . ကိုင်းကွာ. . . ဟိုင်းရော. . . ”

“ဖြောင်း”

“ဖြောင်း”

“ဖြောင်း”

အောင်မြင်သော နားရင်းအုပ်သံ သုံးချက်ထွက်လာ၏။ သုံးယောက်သား ကုတ်ပိုးလေးကိုယ်စီအုပ်ပြီး ဦးရွှေမောင်းကို ကြောင်ကြည့်နေကြ၏။ ရုတ်တရက်အခြေအနေမို့ မည်သူမှ ဘာမှမတားဆီးနိုင်လိုက်၊ ပါးစပ်လေးဟပြီး ဦးရွှေမောင်းကို ငေးကြည့်နေမိကြ၏။ ဒါကို ဦးရွှေမောင်းက သူ့လက်ဝါးကြမ်းကြီးကိုမြှောက်ပြီး. . .

“ဘာကြည့်တာလဲကွ၊ မင်းတို့က ငါ့ကိုမိုက်ကြည့်ကြည့်တာပေါ့ လေ၊ မင်းတို့အဆောင်မှူးရှေ့မှာမို့ အဆောင်မှူးအားကိုးနဲ့ မိုက်ချင်တယ်ပေါ့လေ. . . ငါက မင်းအဆောင်မှူးသော ဘာသောဂရုစိုက်မှာ မဟုတ်ဘူးနော်. . ငါလေ. . . တယ်”

ဟုဆို၍လက်ကိုမြှောက်လိုက်ရာ အဆောင်မှူးလည်း ထိုတော့မှ သတိပြန်ဝင်ပြီး ဦးရွှေမောင်းကိုပဲ ပြေးဆွဲရမလို၊ ကိုယ်လွတ်ရုန်းပြီး ရှောင်ပဲ ပြေးရမလို အတန်ကြာအထိ ယောင်တောင်ပေါင်တောင် ဖြစ်နေ၏။ ပြီးမှ သတိဝင်လာပြီး နံဘေးမှခုံးတန်းလေးကို လက်နှစ်ဖက်နှင့်ပိုက်ဖက်၍. . .

“မ. . . မ. . . လုပ်ပါနဲ့တော့ဗျာ မလုပ်ပါနဲ့တော့၊ ကလေးတွေ နာကုန်လိမ့်မယ်”

“ဒါလောက်မိုက်တဲ့ကောင်တွေ နာတာတောင်နည်းသေးတယ် အဆောင်မှူး . . . လူမိုက်အားပေးမလုပ်ပါနဲ့ ဖယ်စမ်းပါ. . . ”

www.burmeseclassic.com



ဆိုတော့ အဆောင်မှူးလည်း စိုးရိမ်ပြီး ပိုက်ထားသောခုံကိုလွှတ်၍ ဦးရွှေမောင်းလက်ကို မလွတ်နိုင်အောင် အတင်းဆွဲထားလေ၏။ ဦးရွှေမောင်းက အဆွဲမခံ အတင်းရုန်းကန်ပြီး . . .

"လွှတ်စမ်းပါ အဆောင်မှူးရာ ဒီကောင်တွေ အဆောင်ထဲမှာ သောင်းကျန်းတယ် ဟုတ်လား . . . တောက် . . . လူကြီးသူမကို စိတ်ညစ်အောင်မလုပ်ပါနဲ့၊ ရိုသေပါ၊ ကိုင်းရှိုင်းပါ၊ လေးစားပါ၊ သနားပါ၊ ညှာတာပါ၊ မေတ္တာရှိပါ၊ သစ္စာကိုစောင့်သိပါ သူတို့ပြောတာလိုက်နာပါလို့ မင်းတို့ကို ငါသင်မထားဘူးလား. . . ပြောစမ်း . . ငါ တယ်လေ. . . "

ဦးရွှေမောင်း ခပ်ငေါက်ငေါက်စကားကြောင့် သုံးယောက်သားကြောင်စီစီနှင့်ခေါင်းညိတ်ပြီး. . .

"သင်. . . သင်ထားပါတယ် လေးလေး"

"ဒါနဲ့များတောင် မိုက်ချင်တဲ့ကောင်တွေ. . . လာစမ်း. . . ဟိုင်းရား. . . "

ဦးရွှေမောင်းက ခုန်ထသည်။ အဆောင်မှူးက အတင်းဖမ်းဆွဲသည်။ နောက် မနိုင်နိုင်ရာဆွဲမည်ဟု စိတ်ပိုင်းဖြတ်လိုက်၍လားမသိ။ ဦးရွှေမောင်း၏လုံချည်ခါးပုံစကို ခြေကန်၍ဆွဲထားသည်။

"မ မ. . မ. . မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့ကလေးတွေက ထင်သလောက်လည်း မဆိုးသေးပါဘူးဗျာ၊ ဒါကလည်း တစ်ခါတလေမို့ပါ ခုနောက်ပိုင်းတော့ တော်တော့်ကိုလိမ္မာလာကြပါပြီ. . . "

အဆောင်မှူးလည်း သူ့အဆောင်သား လူငယ်ကလေးတွေကို သူ့ရှေ့မှာ အရိုက်မခံနိုင်ဖြစ်ပုံရ၏။ ထို့ကြောင့် သူတို့ဦးလေးဆိုသူ ဦးရွှေမောင်းကို အတင်းဆွဲပြီး တောင်းပန်၏။ ဟိုသုံးယောက်ကလည်း ဘာလုပ်လို့လုပ်ရမှန်း မသိတော့၊ အခုအချိန်ကျမှ ဦးရွှေမောင်းကို သူတို့ဦးလေးမဟုတ်ပါဘူးလို့ ပြောလို့လည်းမရတော့။ အလိမ်ကလည်း ပေါ်လို့မဖြစ်ဘဲကိုး၊ ထို့ကြောင့် အအုပ်ခံထားရသော ဇက်ပိုးလေးကိုသာ သရင်းသရင်း ကြောင်ငေးကြည့်နေရ၏။

အဆောင်မှူးခမျာလည်း သူတို့ သုံးယောက်ကို နားရင်းအုပ်ရန် ပြေးပြေးဝင်နေသောဦးရွှေမောင်းကို ဖမ်းရတာနဲ့တင် ဖတ်ဖတ်မောနေပြီ။

ဦးရွှေမောင်းကတော့ ဆော်မည်ဆိုတာချည်းပဲ တကဲကဲ။ သူ့ပုံစံက

www.burmeseclassic.com



သရုပ်ဆောင်နေသည်နှင့် မတူ. . . ကိုယ့်အိမ်က ကလေးငယ်လေးကို အရက်သမားအဖေက စိမ်ပြေနပြေဆုံးမနေသည့်ပုံ . . .

အတန်ကြာမှ စိတ်လျှော့လိုက်သလိုဟန်မျိုးနှင့်

"ကဲ . . . ဒီတစ်ခါ မင်းတို့ကို အဆောင်မှူးရှေ့မှာမို့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ ဒါမျိုးဖြစ်ဦးမှာလား ငါက အဆောင်မှူးသော ဘာသော ဂရုစိုက်တာမဟုတ်ဘူးနော်. . . "

ဦးရွှေမောင်းက ခပ်ဆတ်ဆတ်မေး၏။ ဒါကိုသုံးယောက်သား မျက်နှာငယ်ကလေးနှင့်. . .

"မဖြစ်တော့ပါဘူးဗျာ. . . "

သူတို့အဖြေကြားတော့ ဦးရွှေမောင်းသက်ပြင်းချပြီး နေရာတွင် ပြန်ထိုင်လိုက်သည်။

"ကဲ ဒါဆိုလည်း အဆောင်မှူးကို တောင်းပန်တဲ့အနေနဲ့ ကန်တော့ကြစမ်း"

ကောင်လေး၊ ကျော်ကို၊ နိုင်လင်းတို့သုံးယောက်သား အိစိအိစိနဲ့ ထိုင်ခုံပေါ်မှဆင်းပြီး ကြမ်းပြင်ပေါ် ပုဆစ်တုပ်ထိုင်၍ လက်အုပ်ကလေးများ ချီထားကြ၏။

"သားတို့ ပြောမှားဆိုမှား ပစ်မှားခဲ့သည်များကို ခွင့်လွှတ်တော်မူပါ အဆောင်မှူးခင်ဗျား . . လို့ပြောပြီးကန်တော့ကြလေ. . . "

ဦးရွှေမောင်းက ခပ်မာမာအမိန့်ပေးလိုက်မှ. . .

"သားတို့ ပြောမှားဆိုမှား ပစ်မှားခဲ့သည်များကို ခွင့်လွှတ်တော်မူပါ အဆောင်မှူး ခင်ဗျား . . . "

ဟုဆို၍ပြိုင်တူ ကန်တော့ချလိုက်ကြ၏။ ထိုတော့မှ အဆောင်မှူးလည်း ကျေနပ်သွားသလိုပုံစံမျိုးနှင့် ပီတိတွေဖြာပြီး သွားဖုံတွေသူပွတ်ပြီး မိန့်မိန့်ကြီးပြုံးကြည့်နေ၏။ ဒါကို ဦးရွှေမောင်းက အံကြိတ်သံကြီးဖြင့်. . .

"အာ. . . ဒီအဆောင်မှူးနှယ် ဘာကြောင်တောင်တောင်နဲ့ပြုံးကြည့်နေတာလည်း. . . အေး. . . အေး လူငယ်တွေဆိုတော့လည်း တစ်ခါ တလေမှားတာတော့ ခွင့်လွှတ်ရမှာပေါ့၊ နောင် ဒါမျိုးမဖြစ်စေနဲ့ပေါ့၊ ဟုတ်လား၊ ငါ့သားတွေက လိမ္မာပါတယ်ကွယ် . . . ဘာညာ ပြောလိုက်လေ. . "

www.burmeseclassic.com



"အော်. . . ဟုတ်ကဲ့ ဟုတ်ကဲ့. . . အေး. . . အေး လူငယ်တွေ ဆိုတော့လည်း တစ်ခါတလေမှားတာတော့ ခွင့်လွှတ်ရမှာပေါ့၊ နောင် ဒါမျိုး မဖြစ်စေနဲ့ပေါ့၊ ဟုတ်လား၊ ငါ့သားတွေက လိမ္မာပါတယ်ကွယ်၊ နောင် ဒီအဖြစ်မျိုးကြုံခဲ့ရင်တောင် မိဘတွေဘာတွေ မခေါ်ခိုင်းရက်တော့ပါဘူး ကွယ်. . . ဟုတ်တယ်မဟုတ်လား ဦးလေး . . . "

"မှန်ပါ့ ငါ့တူ"

ဆိုသော ဦးရွှေမောင်း၏ ကျားသံပြည့်ရင်ခေါင်းသံ လှိုင်လှိုင်ကြီး ကြောင့် အဆောင်မှူးတင်ပါးဆုံပါကျုံ့အောင် တုန်တက်သွားပြီး တစ်ချက် စဉ်းစားကာ ဘာစိတ်ကူးပေါက်သည်မသိ. . .။

"အေး. . . အေး. . . နောက်ဆို ဒီလို အသေးအဖွဲကိစ္စတွေ အတွက် အဆောင်မှူးမေ့ပြီး အုပ်ထိန်းသူခေါ်ခိုင်းမိရင် အဆောင်မှူးကို အားမနာနဲ့. . . ပါး. . . သာပိတ်တီးပစ်ကြပါတော့ကွယ်. . . "

ဆိုတော့ သုံးယောက်သား အဆောင်မှူးရဲ့ မေတ္တာတရားကြီးမား ပုံကိုသိရှိကာ မျက်ရည်များဝိုင်းသွားပြီး. . .

"နောင် ဘယ်သောအခါမှ ဒါမျိုးမဖြစ်စေရပါစေရန် ကတိပြုပါ တယ် အဆောင်မှူးခင်ဗျား"

"ကျွန်တော်တို့လည်း ဘယ်သောအခါမှ အုပ်ထိန်းသူမခေါ်တော့ ပါဘူးလို့ ထပ်မံကတိပေးပါတယ် ခင်ဗျား. . . "

ဟုဆို၍ ထပ်မံ ကန်တော့လိုက်ကြပြန်သည်။ ဘာကြောင့်ရယ်မသိ အဆောင်မှူး ခေါင်းတညိတ်ညိတ်နှင့် မျက်ရည်များဝိုင်းနေ၏။ ကန်တော့ပြီး တော့ သုံးယောက်သား ပြန်ထမည်ပြုစဉ်. . .

"နေကြဦး"

မိန့်မိန့်ကြီးထိုင်နေသော ဦးရွှေမောင်းထံမှအသံ . . .

"နေဦးမထနဲ့ဦး၊ ငါလည်းဒါပြီး ခရီးထွက်စရာရှိလို့၊ ငါ့ကိုလည်း ကန်တော့ကြဦး. . . တစ်လက်စတည်းပေါ့ကွာ. . . "

"ဗျာ"

"ခင်ဗျာ"

"ဘယ်လို"

သုံးယောက်လုံး ဦးရွှေမောင်းစကားကို အံ့အားသင့်သွားကြ၏။

www.burmeseclassic.com



ကြေးစားမိဘက ဘောင်ကျော်ပြန်ပြီ။ ဒါကို ဦးရွှေမောင်းက မသိကျိုးကျွန်ပြုပြီး အဆောင်မှူးကိုတစ်ချက်ဝေ့ကြည့်ကာ. . .

"ငါခရီးထွက်မှာမို့ မင်းတို့ကို ကန်တော့ခိုင်းနေတာကွ"

ဆိုတော့ အဆောင်မှူးကပါ ဘုမသိ ဘမသိနဲ့. . .

"ဟုတ်သားပဲ သားတို့ရယ်၊ ကိုယ့်ဦးလေးခရီးထွက်မှာဆိုတော့ ကန်တော့ရတယ်ကွယ့်. . . ကဲ မြန်မြန်ကန်တော့လိုက်ကြကွယ်. . . မြန်မြန်ပြီးတော့ အေးတာပဲ. . . သူလည်းမြန်မြန် သွားလို့ရတာပေါ့. . ."

အဆောင်မှူးကပါ ဘုမသိဘမသိနှင့်ပြီးပြီးရော ဝင်ပြောနေတော့ ဟိုသုံးယောက်လည်း ဘာမှမတတ်နိုင်တော့၊ တစ်ယောက် မျက်နှာတစ်ယောက်အောက်သိုးသိုးနှင့်ကြည့်ပြီး ဆောင့်ကြောင့်ထိုင်လိုက်ကြသည်။ သူတို့ခမျာလည်း ဆိုက်ကားသမား၊ အရက်သမား၊ မင်းသားပြတ်ကို ကန်တော့ချင်ပုံမရ၊ သို့သော် အဆောင်မှူးရှေ့မှာဖြစ်နေတော့ ဘာမှမတတ်နိုင်တော့. . .။

ဦးရွှေမောင်းကတော့ ခုံပေါ်မှာ မိန့်မိန့်ကြီး တင်ကလိန်ချိတ် ထိုင်လို့. . .

သုံးယောက်သားလက်အုပ်ချီ၍. . .

"အင်. . . အင်. . အင်"

ဟုဆို၍ ကြမ်းပြင်ပေါ် ဆောင့်ကြီးအောင့်ကြီး ပေါက်ဆိန်ပေါက်ကန်တော့လိုက်ကြသည်။ ဒါကို ဦးရွှေမောင်းက မျက်မှောင်ကြီးကြုတ်၍. .

"အောင်မာ . . . လူကြီးကို ကန်တော့တာတောင်ပါးစပ်ကဘာသံမှမထွက်ပါလားကွဟေ. . . ငါအခုနားရင်းထတီးလိုက်ရ. . . ဦးဆက်ပါပွင့်တော့မှာပဲ . . ."

ဦးရွှေမောင်း လက်ဖဝါးကိုရွယ်၍ ထိုင်ခုံမှထမည်ပြုလိုက်သည်နှင့် အဆောင်မှူးက ပျာပျာသလဲဖြစ်သွားပြီး. . .

"မ . . . မလုပ်ပါနဲ့ဗျာ . . . မလုပ်ပါနဲ့၊ ကလေးတွေက သနားစရာကောင်းပါတယ် . . . ကဲ . . . သားတို့ကလည်း ပြောလိုက်ကြလေ"

ဆိုတော့ သုံးယောက်သား မကျေမနပ်မျက်နှာနှင့်. . .

"ပြောမှား ဆိုမှား ခေါ်မှား ရှိရင်ခွင့်လွှတ်ပါခင်ဗျား"

ဟုဆို၍စိတ်လက်မချမ်းသာနှင့် ကန်တော့ကြရလေ၏။ ကန်

www.burmeseclassic.com



တော့ပြီးသည်နှင့် အမြန်ထထွက်မည်ပြုစဉ်. . .

"အောင်မာ . . . ဒါက ဘယ်လဲ နေကြဦးလေကွာ. . . လူကြီးကန်တော့ပြီးရင် ဆုယူရတယ်ကွ. . . ထိုင်ကြဦး. . . "

ကောင်လေး၊ ကျော်ကို၊ နိုင်လင်း တို့သုံးယောက်မှာ မြင်းကပ်ကြီးများလှည်းတပ်သလို ပေကလပ်ပေကလပ်နှင့် ပြန်ထိုင်လိုက်ရသည်။ ထိုတော့မှ ဦးရွှေမောင်းက ချောင်းဟန့်ပြီး. .

"အဟမ်း. . . ဤသို့ လူကြီးသူမအား ကြည်ညိုရိုကျိုး လက်စုံမိုး၍ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် ယခုမှသည် နောင်ဘဝဆက်တိုင်းဆက်တိုင်း လူဖြစ်ရင်လည်း လူချမ်းသာ၊ နတ်ဖြစ်ရင်လည်း နတ်ချမ်းသာ၊ ဗြဟ္မာဖြစ်ရင်လည်း ဗြဟ္မာချမ်းသာ၊ လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံကြ၍ အဟမ်း . . . မင်္ဂလမျက်ပျံ၊ ဘဝင်လျှံစိမ့်၊ ဘက်စံမတူ၊ မြန်ဇမ္ဗူတွင်၊ မန်းဘူမိထွတ်၊ မြေရန်လွတ်ထက်၊ စက္ကဝက်မုနော၊ မင်းစောမှန်ပုံ၊ မန္တတုသို့၊ ရာဇုပဒေသ၊ သူဇေယဖြင့်၊ တေဇဝှန်သီး၊ ရန်မာန်လှည်းသား၊ ခမည်းဘုန်းတော်၊ နတ်ထံပျော်က၊ သားတော်ပွင့်လျာ၊ နန်းညှာညွှန့်ကိုက် ၊ ရာတော်ရိုက်ကို၊ သိမ်းပိုက်စိုးယူ ၊ . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . စေသတည်း. . . "

ကျော်ကို၊ ကောင်လေးနှင့် နိုင်လင်းတို့ သုံးယောက်သား တသမ်းသမ်းတဝေဝေနှင့် ဦးရွှေမောင်းပေးသောဆုကို အံကြိတ်၍ယူနေရသည်။ ဦးရွှေမောင်းကတော့ မှင်မပျက်ပင် ခေါက်ထားသောအင်္ကျီလက်ကိုအေးဆေးစွာပြန်ချရင်း ဆုကိုမဆုံးတန်းပေးနေသည်။ အဆောင်မှူးက ဘာကိုစိတ်နာနေသည်မသိ၊ သူ့အဆောင်သားများကိုလည်း မကြည့်၊ ဦးရွှေမောင်း

www.burmeseclassic.com



ကိုလည်း ဂရုမစိုက်တော့ဘဲ ထိုင်ခုံပေါ်ဆောင့်ကြောင့်ကြီးထိုင်ပြီး သူ့ခေါင်းပေါ်က ဘုကြီးများပေါ်တွင် ကပ်သပ်ကျန်ရှိနေသော ဆံပင်ငုတ်စိများကို တပြုတ်ပြုတ်နှင့် စိမ်ပြေနပြေ ထိုင်နုတ်နေလေတော့သည်. . .။ ရုပ်ကြီးကတော့ မျက်ရည်လည်ရွဲ နှပ်တွဲလွဲနှင့်. . . .။

လေးစားစွာ ကြိုးစားလျက်

**အကြည်တော်**

www.burmeseclassic.com

